

ပိုးကျော်သူ
လွမ်းဆွေးဝေဖြာ သိုင်းကမ္ဘာ
စာစဉ် ၂

မုဝမ်းချင်သည် သူ၏အချစ်တော်မြင်း ချောက်ကမ်းပါးထဲ ပြုတ်ကျသွားသည်ကိုတွေ့လိုက်ရသောအခါ စိတ်ထဲ ဝမ်းနည်းပက်လက်ဖြစ်သွားလေသည်။

ချောက်ကမ်းပါးနှုတ်ခမ်းသို့ပြေးလွှားသွားပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။ တိမ်မြူများပိတ်ဖုံးနေသဖြင့် နှင်းဆီနက်မြင်း၏အရိပ်အရောင်မျှကိုပင် မတွေ့ရချေ။

စုအန်းတို့ ထိုနေရာသို့ရောက်ရှိလာသောအခါ မုဝမ်းချင်၏အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားကြလေသည်။

ယခု. . . မုဝမ်းချင်နောက်သို့ လိုက်လာကြသူများသည် ချောက်ကမ်းပါး၏တစ်ဘက်မှာ အော်ဟစ်ကြိမ်းမောင်းနေကြသည်။

သူတို့သည် မည်သည့်နည်းနှင့်မျှ ကူးသွားနိုင်စွမ်းမရှိသည်ကိုတွေ့ရသောအခါ တင်းထားသောစိတ်များကို ဒုန်းဒုန်းချလိုက်ကြလေသည်။

ထိုအချိန်တွင် တစ်ဘက်ကမ်းသို့ရောက်နေသော မုဝမ်းချင်သည် ပန်းဒဏ်ရာမှသွေးများ အလွန်အကျွံစီးဆင်းခဲ့သောကြောင့်

တစ်ကိုယ်လုံး အားအင်ကုန်ခမ်းကာ မြေပေါ်သို့ မှူးမေ့ ခွေလဲကျသွားလေတော့သည်။

◈◇◈

"မြားနဲ့ပစ်ကွ. . . မြားနဲ့ပစ်ဟေ့"

တစ်ဘက်ချောက်ကမ်းပါးမှလူများက ယင်းသို့အော်ဟစ်ကာ မြားနှင့်ပစ်ကြလေသည်။ တန့်ဥ ထိတ်လန့်သွားလေသည်။

သူသည် မုဝမ်းချင်အား ပွေ့ချီပြီး ကျောက်တုံးတစ်တုံး၏ နောက်သို့ ဝင်ရောက်အကာအကွယ်ယူလိုက်ရလေသည်။

တစ်ဘက်မှပစ်လိုက်သောမြားများသည် သူတို့ထံမရောက်နိုင်တော့ပါ။

တန့်ဥသည် ကျောက်တုံးနောက်မှထွက်၍ ချောင်းကြည့်လိုက်သောအခါ ထိုလူများမှာ လက်သီးလက်မောင်းတန်း၍ အော်ဟစ်ကြိမ်းမောင်းနေသည်မှအပ မည်သို့မျှ မတတ်နိုင်သည်ကို တွေ့ရှိလိုက်ရလေသည်။ သူ စိတ်သက်သာရာရသွား၏။

သတိမေ့နေသောမုဝမ်းချင်အား သတိပြုကြည့်လိုက်သောအခါ မုဝမ်းချင်၏ပခုံး၌ သွေးခြင်းခြင်းနီရဲနေသည်ကိုတွေ့ရသဖြင့် စိုးရိမ်ပူပန်သွားမိ၏။

"ဟာ. . . ဒုက္ခပဲ၊ သူသေများသွားပြီလား"

ဤသို့တွေးရင်း နှာခေါင်းဝသို့ လက်ဝါးဖြင့်ကပ်ကြည့်လိုက်၏။ အသက်မျှင်းမျှင်းကလေးရှူနေသည်ကို တွေ့လိုက်ရတော့မှ



စိတ်သက်သာရာရသွားသည်။ ပခုံးမှအကျီများကို ဆွဲဆုတ်လိုက်သည့်အခါ ဒဏ်ရာမှာ အတော်ပြင်းထန်ပြီး သွေးများအဆက်မပြတ်ယိုစီးနေသည်ကို တွေ့ရလေသည်။

"ဟာ. . . ဒုက္ခပဲ၊ ငါ့မှာလဲ ဘာဆေးမှမရှိဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ"

တန့်ဥသည် ယင်းသို့တွေးရင်း သွေးများစီးဆင်းကျမလာစေရန် လက်ဝါးဖြင့်ဒဏ်ရာအပေါက်ကို အတင်းပိတ်ထားလိုက်ရလေသည်။

သို့သော် မည်မျှပင်ပိတ်ထားစေကာမူ သွေးများက ရပ်တန့်သွားခြင်းမရှိပါ။ သူ ပျာပျာသလဲဖြစ်သွားတော့၏။ ဤအတိုင်းသာ သွေးများဆက်လက်စီးဆင်းနေလျှင် မုဝမ်းချင်၏အသက်မှာ ဆုံးရှုံးသွားရပေတော့မည်။

ရုတ်တရက် တန့်ဥ အတွေးတစ်ချက်ဝင်လာ၏။

မုဝမ်းချင်မှာ သိုင်းသမားတစ်ယောက်ဖြစ်သဖြင့် ဒဏ်ရာအတွက် ဆေးများ ပါရှိကောင်းပါရှိလိမ့်မည်ဟု တွေးမိလိုက်ခြင်းဖြစ်သည်။

ချက်ချင်းပင် မုဝမ်းချင်၏အကျီအိတ်ထဲ နှိုက်ရန် လက်ကို ဆန့်ထုတ်လိုက်သည်။

ရုတ်တရက် သူ့လက်ချောင်းများ တန့်ခနဲရပ်တန့်သွား၏။

ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်၏အကျီအတွင်းအိတ်ကိုမနှိုက်သင့်ဟု သတိရလာသည်။

"ဒုက္ခပဲ ငါဘယ်လိုလုပ်ရမလဲ"

သူ မည်သို့လုပ်ရမှန်းမသိဖြစ်နေသည်။

"အို. . . ဘာပဲဖြစ်ဖြစ် သူ့အသက်ကိုကယ်တာပဲ၊ ဒါတွေကို ငါရှောင်နေလို့မဖြစ်ဘူး"

နောက်ဆုံး သူသည် ဤသို့ဆုံးဖြတ်လိုက်ပြီး မုဝမ်းချင်၏ အတွင်းအိတ်သို့ လက်နှိုက်လိုက်သည်။

သူ၏လက်ချောင်းများသည် ရုတ်တရက်အေးစိမ့်၍စိုထိုင်းသောအရာတစ်ခုအား ထိမိလိုက်လေသည်။ ထိတ်လန့်သွားပြီး လက်ကို ကပျာကယာရုပ်လိုက်လေ၏။ ရွှေရောင်များ တစ်ချက်ဝင်းလက်သွားကာ မြွေကလေးတစ်ကောင်သည် တွန့်လိမ်ကာ ခေါင်းမြှုလာသည်။

ငင်းမြွေသည် ကြိုးလင်၏ ကျင်းလိမ်မြွေဖြစ်နေသည်ကို မှတ်မိလိုက်လေသည်။

"ဟော့. . . ဟော့ ငါ့ကိုမကိုက်ရဘူးနော်"

ကျင်းလိမ်မြွေသည် သူ၏စကားကို နားလည်သည့်အလား မလှုပ်မယှက် ငြိမ်သက်စွာခွေနေလေသည်။

အမှန်မှာ ကျင်းလိမ်မြွေက သူ၏စကားကို နားလည်ခြင်းကြောင့်မဟုတ်ပါ။ တန့်ဥ၏အိတ်ထဲ၌ မြွေကိုနိုင်သော ဗူးကလေး ရှိနေသောကြောင့်ဖြစ်ပါသည်။

ကျင်းလိမ်မြွေ ငြိမ်သက်စွာခွေနေသည်ကိုတွေ့ရတော့မှ တန့်ဥသည် ဒုတိယအကြိမ် မုဝမ်းချင်၏အိတ်ထဲသို့ လက်နှိုက်လိုက်လေသည်။

ဤတစ်ကြိမ်. . .



သူသည် ဘီးတစ်ချောင်း၊ သေးငယ်သော ကြေးမုံပြင်တစ်ခု အနီရောင်လက်ကိုင်ပဝါတစ်ထည်နှင့် ဗူးကလေးသုံးဗူးကိုတွေ့လိုက်ရလေသည်။

ထိုအလှပြင်ပစ္စည်းများကို တွေ့လိုက်ရသောအခါ တန့်ဥ အံ့အားသင့်သွားသည်။

ရက်စက်ကြမ်းကြုတ်စွာဖြင့် သိုင်းလောကတွင် ကျင်လည်ကျက်စားနေသော မုဝမ်းချင်ကဲ့သို့သောမိန်းကလေးတစ်ယောက်၏ အိတ်မှ ယင်းကဲ့သို့သော အလှပြင်ပစ္စည်းများကိုတွေ့ရလိမ့်မည်ဟု မမျှော်လင့်ပါ။

တန့်ဥသည် ဗူးသုံးခုအနက် ပထမဗူးကိုဖွင့်ကြည့်လိုက်၏။

အမွှေးနံ့များ သင်းကြိုင်သွားသည်။ ထိုဗူးကလေး၌ ပါးနီဆိုးဆေးထည့်ထားသည်ကို တွေ့ရသည်။

ဒုတိယဗူးမှာ အဖြူရောင်ဗူးဖြစ်ပြီး တတိယဗူးမှာ အဝါရောင်အမှုန့်များ ထည့်ထားသည်ကိုတွေ့ရသည်။

သူသည် အဖြူရောင်အမှုန့်များကိုအနံ့ခံကြည့်သည်။ အနံ့အသက် လုံးဝမရှိပါ။ အဝါရောင်မှုန့်များကို နမ်းကြည့်သောအခါ-

"ဟပ်ချိုး"

သူ တစ်ချက်ချီလိုက်မိသည်။

"ဒုက္ခပဲ- ဒီဗူးထဲမှာ ဘယ်ဟာက ဒဏ်ရာလိမ်းတဲ့ဆေးဖြစ်ပြီး ဘယ်ဟာက လူသတ်တဲ့အဆိပ်ဖြစ်သလဲဆိုတာ ငါမသိဘူး၊ မှားပြီးသုံးမိရင်တော့ ဒုက္ခပဲ"

ထိုစဉ်. . .

မုဝမ်းချင်မှာ သတိရလာကာ မျက်လုံးများ ဖွင့်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ တန့်ဥက ဝမ်းသာသွား၏။

"ဒီမှာ ဒဏ်ရာထည့်ဖို့ ဘယ်ဆေးကိုသုံးရမှာလဲ"

"အနီရောင်. . ."

မုဝမ်းချင်သည် အားအင်ချိနဲ့စွာဖြင့်ပြောပြီး မျက်လုံးကို ပြန်လည်မှိတ်ထားလိုက်လေသည်။

သူက ပို၍သေချာစေရန် ထပ်မံမေးကြည့်သော်လည်း မုဝမ်းချင်မှာမူ သတိမေ့သွားပြန်လေသည်။ တန့်ဥသည် ထိုဗူးသုံးဗူးအား တစ်လှည့်စီကြည့်လိုက်ပြီးနောက်. . .

ပါးနီဆေးမှာအနီရောင်ဖြစ်နေသဖြင့် သူသည် ထိုဗူးမှဆေးများကိုယူ၍ ဒဏ်ရာကိုထည့်ပေးလိုက်သည်။

ဒဏ်ရာကို ဆေးထည့်လိုက်သောအခါ မုဝမ်းချင်၏ခန္ဓာကိုယ်သည် တစ်ချက်တုန်သွားလေ၏။

ထို့နောက် ပြန်လည်ငြိမ်သက်သွားလေသည်။

ထူးခြားသည်မှာ ထိုအနီရောင်အမှုန့်များကို ထည့်ပေးလိုက်သောအခါ ဒဏ် ရာမှစီးဆင်းနေသောသွေးများသည် ချက်ချင်းပင် ရပ်တန့်သွားခြင်းဖြစ်သည်။

တန့်ဥ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း- မိန်းကလေးများ အလှကြိုက်တဲ့နေရာမှာ ဆေးကိုတောင် ပါးနီဆိုးဆေးနဲ့တူအောင်လုပ်ထားသေးတယ်"

သူသည် တစ်ကိုယ်လုံးမောဟိုက်လာဖြင့် ခေတ္တမျှ မျက်လုံးမှိတ်၍အမောဖြေလိုက်လေသည်။



မည်မျှ ကြာသွားမှန်းမသိပါ။

နိုးလာသောအခါ သူ၏နှာခေါင်းထဲသို့ သင်းကြိုင်သောအမွှေးနံ့များ တိုးဝင်နေသည်ကိုခံစားလိုက်ရလေသည်။

ယခုမှ သိုင်းလောကသားများက မုဝမ်းချင်ကို မွှေးကြိုင်သင်းသင်း မုဝမ်းချင်ဟု ခေါ်နေသည့်အကြောင်းကို သဘောပေါက်နားလည်လိုက်တော့သည်။

တဆက်တည်းပင် ဤမုဝမ်းချင်ဆိုသော မိန်းကလေးသည် အဘယ့်ကြောင့် သူမ၏မျက်နှာအားဖုံးအုပ်ထားရသည်ကို တွေးမိလေ၏။

"သူ တော်တော်အရုပ်ဆိုးလို့ သူ့မျက်နှာကို ဘယ်သူ့မှမပြချင်လို့ အခုလို မျက်နှာနဲ့ဖုံးကွယ်ထားတာလား၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့မျက်နှာဖုံးကို ဖွင့်ကြည့်လိုက်ရင်တော့ အဖြေကိုသိရမှာပဲ"

ယင်းသို့တွေးလိုက်မိသည်နှင့် သူသည် မုဝမ်းချင်၏မျက်နှာပေါ်မှအဝတ်ကိုဖွင့်ကြည့်ရန် စိတ်ဆန္ဒဖြစ်ပေါ်လာတော့သည်။

"အို. . . မဖြစ်ဘူး မဖြစ်ဘူး၊ သူသတိမေ့နေတုန်း ငါ အခုလို သူ့ရဲ့မျက်နှာကိုဖွင့်ကြည့်တာဟာ သူ့ကိုစော်ကားရာကျမယ်၊ ငါ ဒီလိုမလုပ်သင့်ဘူး"

သူသည် ယင်းသို့ ကိုယ့်ကိုယ်ကို ဆင်ခြင်လိုက်ပြီးနောက် မျက်လုံးအစုံကိုမှိတ်ပြီး အိပ်ချလိုက်တော့သည်။

## တောင်ပင်လယ်မှ မိကျောင်း

တန့်ဥသည် မည်မျှကြာကြာအိပ်ပျော်သွားမှန်းမသိပါ။

နားထဲသို့ ဆူညံနေသောအသံများကို ဝင်ရောက်လာမှ ဆတ်ခနဲနိုးလာလေ၏။ သူ ကမျာကယာထကြည့်လိုက်သည်။

ချောက်ကမ်းပါးတစ်ဘက်မှ လူများသည် ဆူညံစွာငြာသ ပေးနေသည်ကိုတွေ့မြင်ရ၏။

ချောက်ကမ်းပါးအောက်မှ လူ ဆယ့်လေးငါးယောက်ခန့် ကလည်း အပေါ်သို့တက်လာရန်ကြိုးစားနေသည်ကို တွေ့လိုက်ရ လေသည်။ သူ ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုလူများကိုဟန့်တားရန် ကျောက်တုံးတစ်တုံးအား မ,ယူ လိုက်လေသည်။

"ဟေ့ လူတွေ မတက်ခဲ့ကြနဲ့၊ ကျုပ်ကျောက်တုံးကို တွန်းချ ပစ်လိုက်မှာနော်"

အောက်မှတက်လာနေကြသောလူများသည် သူ၏ခြိမ်း ခြောက်မှုကို လုံးဝဂရုမပြုပါ။



အပေါ်သို့သာ ဆက်၍ကြိုးစားတက်နေကြ၏။

ရှေ့ဆုံးမှလူနှစ်ယောက်သည် အပေါ်သို့ရောက်ရှိလာရန် ငါးနှစ်ကိုက်ခန့်မျှသာ ကွာဝေးတော့သည်။

အခြေအနေမဟန်မှန်းသိသဖြင့် တန့်ဥသည် ကျောက်တုံး တစ်တုံးအား တွန်းချလိုက်လေသည်။

"အား..."

စူးရှသောအသံများထွက်ပေါ်ပြီးနောက် ရှေ့ဆုံးမှတက်လာ ကြသောလူနှစ်ယောက်သည် အပေါ်မှတွန်းချသော ကျောက်တုံး ကြောင့် ချောက်ကမ်းပါးအောက်သို့ လွင့်စဉ်လိမ့်ကျသွားသည်။

သူတို့နောက်တွင်ရှိနေကြသော လူများသည် အခြေအနေ မဟန်မှန်းသိသဖြင့် အပေါ်သို့တက်မလာဝံ့ကြဲတော့ဘဲ အကဲခတ် နေကြသည်။

တန့်ဥသည် လူအများဆက်၍တက်မလာသည်ကို တွေ့ရ တော့မှ စိတ်သက်သာရာရရှိသွားသည်။

သူသည် မုဝမ်းချင်ထံသို့ပြန်သွားသည်။ မုဝမ်းချင်မှာမူ ဒဏ်ရာသက်သာလာသဖြင့် ထ၍ပင် ထိုင်နေလေပြီ။

တန့်ဥ ဝမ်းသာသွား၏။

"ခင်ဗျား သတိရလာပြီကိုး"

မုဝမ်းချင်သည် စူးရှသောမျက်လုံးအစုံဖြင့် သူ့အား စိုက် ကြည့်နေသည်။

"အပေါ်ကို ရန်သူတွေတက်လာကြတယ်ဟုတ်လား"

"ဟုတ်တယ်- ကျုပ်က ကျောက်တုံးကိုတွန်းချလို့ လူနှစ်

ယောက် ချောက်ကမ်းပါးထဲကျပြီးသေသွားတယ်ဗျ"

သူ၏အသံသည် တိမ်ဝင်နေသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ကျုပ် ဝမ်းနည်းနေလို့ပါဗျာ၊ ကျုပ်ကြောင့် လူနှစ်ယောက် သေသွားတယ်ဗျ၊ သူတို့မှာ သားမယားတွေရှိချင်ရှိကြမှာ၊ ကျုပ်တော့ စိတ်မကောင်းဖြစ်မိတယ်ဗျာ"

မုဝမ်းချင်သည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

"သူတို့အပေါ်ရောက်လာရင် ရှင်နဲ့ကျွန်မကို သတ်မလား မသတ်ဘူးလား ပြောစမ်း"

"သတ်မှာပေါ့"

"ကောင်းပြီ- ရှင့်မှာ မိဘ၊ သားမယားမရှိဘူးလား"

"မိဘတော့ရှိပါတယ်၊ သားမယားတော့ မရှိပါဘူး"

"သူတို့က ရှင့်ကိုသတ်လိုက်ရင် သူတို့ ဝမ်းနည်းလိမ့်မယ်လို့ ရှင်ထင်နေသလား"

"ဒါတော့ ကျုပ်မသိဘူး၊ အခု ခင်ဗျားအတွက်ကြောင့် ကျုပ် လူနှစ်ယောက်ကိုသတ်မိတာ ဘယ်လိုမှ စိတ်မကောင်းနိုင်ဘူး"

မုဝမ်းချင်သည် တစ်စုံတစ်ခုကိုသတိရလာကာ. . .

"နေပါဦး- ရှင်က ကျွန်မဒဏ်ရာကို ဆေးထည့်ပေးတယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ကျွန်မ မျက်နှာဖုံးကိုကော ချွတ်ကြည့်သေးလား"

"မကြည့်မိပါဘူးဗျာ"



"ရှင် လိမ်ပြောနေတာလား"

"ကျုပ်က ဘာဖြစ်လို့လိမ်ပြောရမှာလဲ"

မုဝမ်းချင်သည် သူ့အားအတန်ကြာ စိုက်ကြည့်လိုက်ပြီး မျက်တရက်ထကာ တန့်ဥ၏ပါးကို ရိုက်ချလိုက်လေသည်။

"ဖြန်း. . ."

တန့်ဥမှာ အကြောင်းမဲ့အရိုက်ခံရသဖြင့် ဒေါသချောင်းချောင်းထွက်လာသည်။

"ဘယ်လိုလဲဗျ. . ကျုပ်ကခင်ဗျားကိုလဲ ကူညီရသေးတယ်၊ ဒဏ်ရာလဲ ဆေးထည့်ပေးရသေးတယ်၊ ကျုပ်ကို ကျေးဇူးမတင်တဲ့ အပြင် အခုလိုစော်ကားတာတော့ မကောင်းဘူးထင်တယ်"

မုဝမ်းချင်သည် သူ့အား လက်ညှိုးတငေါက်ငေါက်ဖြင့်. .

"ကျွန်မ ပခုံးကဒဏ်ရာကို ဆေးထည့်ပေးတယ်ဆိုတော့ ကျွန်မအင်္ကျီကို ရှင်ချွတ်မိတယ်ဆိုပါတော့"

"ဟုတ်တယ်လေ- အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ- ကျွန်မဟာ မိန်းကလေးတစ်ယောက်ဆိုတာ ရှင်မသိဘူးလား"

"သိပါတယ်ဗျာ၊ ခင်ဗျား ဒီလိုထစ်ခနဲရှိ ပါးရိုက်တတ်မှန်း သိရင် ကျုပ် အခုလိုကူညီမှာမဟုတ်ဘူးဗျ၊ သိလား"

မုဝမ်းချင်သည် ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံးတုန်ခါနေသည်။

"ရှင်. . . ရှင်"

သူမသည် စကားဆက်မပြောတော့ဘဲ မြေပေါ်သို့လဲကျ

သွားပြန်လေသည်။ တန့်ဥမှာ ရုတ်တရက် သူမအနားသို့ မသွားရဲသေးပါ။

မုဝမ်းချင် မလှုပ်မယှက်လဲလျောင်းနေသည်ကိုတွေ့ရမှ အနီးသို့ကပ်သွားသည်။ သေသေချာချာငုံ့ကြည့်လိုက်သည့်အခါ သူမ၏ဒဏ်ရာမှ သွေးများပြန်လည်စီးဆင်းလာသည်ကို တွေ့လိုက်ရလေသည်။ သူ တွေဝေနေသည်။

မုဝမ်းချင်၏ဒဏ်ရာကို ဆေးမှားထည့်သင့် မသင့် စဉ်းစားနေရတော့၏။ နောက်ဆုံး သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. .

"အင်း. . . ငါသာ မကယ်ရင် သူဒုက္ခရောက်သွားမှာပဲ"

ယင်းသို့တွေးမိပြီး သူမ၏ဒဏ်ရာများကို ထပ်မံဆေးထည့်ပေးလိုက်လေသည်။ ဆေးထည့်ပေးပြီးနောက် ခပ်ဝေးဝေးကပင် ရပ်နေလိုက်သည်။

အတန်ကြာမှ မုဝမ်းချင် သတိပြန်ရလာလေသည်။

သူမ၏ဒဏ်ရာသည် နာကျင်သောဝေဒနာကို မခံစားရဘဲ အေးစိမ့်နေသည်ကိုခံစားလိုက်ရသဖြင့် တန့်ဥအား အေးတိအေးစက်ကြည့်လိုက်ပြန်သည်။

" ရှင် ကျွန်မကိုဆေးထည့်ပြန်ပြီလား"

"ဟုတ်ပါတယ်ဗျာ. . . ခင်ဗျားသေသွားမှာကို ကျုပ်မကြည့်ရက်လို့ပါ"

မုဝမ်းချင်သည် မောဟိုက်လာသဖြင့် စကားဆက်မပြောနိုင်ဘဲ ကျောက်တုံးကိုမှီ၍ထိုင်နေလေသည်။

တန့်ဥသည် မုဝမ်းချင်မောဟိုက်နေသည်ကို တွေ့လိုက်ရ



သောအခါ စိတ်မကောင်းဖြစ်လာသည်။

သူသည် ဟိုဟိုသည်သည်ကြည့်လိုက်ရာ သူတို့နေရာယူထားသောနေရာနှင့် ဝါးနှစ်ရိုက်ခန့်အကွာတွင် တောင်ပေါ်ရေများ တသွင်သွင်စီးဆင်းနေသည်ကိုတွေ့ရသဖြင့် လက်ဝါးဖြင့်ခံယူပြီး မုဝမ်းချင်အား ရေတိုက်လိုက်သည်။

"ခင်ဗျားသိပ်မောနေရင် ရေသောက်လိုက်ပါ"

မျက်နှာဖုံးထားသောနှုတ်ခမ်းနှင့် ပုလဲသွယ်ပမာ ညီညာသောသွားကလေးများကို တွေ့လိုက်ရသောအခါ သူမသည် အလွန်လှပချောမောသော မိန်းကလေးတစ်ယောက်ဖြစ်ရမည်ဟု ယုံကြည်မိလေသည်။

သို့သော် အဘယ့်ကြောင့် သူမက ယခုကဲ့သို့မျက်နှာကို ဖုံးအုပ်ထားကြောင်း သူ နားမလည်နိုင်ပါ။

သူယင်းသို့တွေးနေစဉ် မုဝမ်းချင်သည် သူမ၏အိတ်ထဲမှ ဗူးပိုင်းကလေးတစ်ခုကို နှိုက်ယူလိုက်လေသည်။

"ရှင်က စုခုံးကျွေးထားတဲ့အဆိပ်အဆိပ်ကိုသောက်ထားတယ်မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီဗူးထဲကဆေးကို နည်းနည်းယူစားလိုက်ပါ"

တန့်ဥ ဝမ်းသာသွားသည်။

"ဟာ. . . ဝမ်းသာလိုက်တာဗျာ၊ ဒါမှမဟုတ်ရင် ကျုပ်အူပြတ်ပြီးသေရမှာဗျ"

"သိပ်ဝမ်းမသာနဲ့ဦး၊ ဒီဆေးက အဆိပ်ကို ခဏထိန်းထားရုံ

လေးပဲ ထိန်းထားနိုင်တာ၊ အဆိပ်လုံးဝပြေဖို့ဆိုတာဟာ စုန်းဆီက ဖြေဆေးရမှဖြစ်လိမ့်မယ်"

တန့်ဥ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း- ကျွန်တော့်အတွက်တော့ အကြောင်းမဟုတ်ပါဘူး လေ. . . အခုခင်ဗျားဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲ၊ ဒီလိုပဲနေရမှာပေါ့"

တန့်ဥသည် ဘေးဘီသို့ တစ်ချက်အကဲခတ်ကြည့်လိုက်၏။

"ဒီနေရာတဝိုက်မှာလဲ စားစရာသစ်သီးဝလဲ ဘာတစ်ခုမှ မရှိဘူး၊ နို့မဟုတ်ရင် ခင်ဗျားအတွက် ကျုပ်သွားခူးပေးပါရဲ့"

"ဒါတွေထားလိုက်ပါ၊ ရှင့်ကြောင့်မဟုတ်လဲ ကျွန်မရောက်တဲ့နေရာတိုင်းမှာ အခုလို ကျွန်မကို သဲသဲမဲမဲဝိုင်းပြီးတိုက်နေကြဦးမှာပဲ"

တန့်ဥသည် ထိုစကားကိုကြားလိုက်ရသောအခါ ပို၍စိတ်မကောင်းဖြစ်လာသည်။

"အခု ခင်ဗျားမှာဒုက္ခရောက်နေတာက ခက်တယ်၊ ဒီလိုမှမဟုတ်ရင် ဒီလူတွေကိုခင်ဗျားမမှုဘူးဆိုတာ ကျုပ်ယုံကြည်တယ်"

မုဝမ်းချင် ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုစဉ်မှာပင် ချောက်ကမ်းပါး၏တစ်ဘက်မှ စူးရှသော အော်သံတစ်ချက်ကြားလိုက်ရလေသည်။ ထိုအသံသည် အလွန်စူးရှပြီးကျယ်လောင်သည်။ ထိုစူးရှသောအသံကြောင့် တောတောင်တစ်ခုလုံးအား ပဲ့တင်သံများရိုက်ခတ်သွားလေတော့သည်။

✻



အော်သံသည် တစ်စတစ်စနီးကပ်လာလေသည်။

တောတောင်တစ်ခုလုံး ပဲ့တင်သံများကဆူညံစွာ ထွက်ပေါ်နေသည်။ ထိုအသံများသည် တစ်စလက်တစ်စ ကျယ်လောင်လာလေသည်။

တန့်ဥသည် ထိုအသံကိုကြားရုံဖြင့် နှလုံးတုန်ရင်ခုန်လာသည်။ အသံကြောင့် ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားသည်ဟု ထင်မှတ်ရသည်။

သူသည် မုဝမ်းချင်အားကြည့်လိုက်သောအခါ မုဝမ်းချင်၏ခန္ဓာကိုယ်သည် မသိမသာတုန်ခါနေသည်ကိုတွေ့လိုက်ရသည်။

သူမ၏ပုံဟန်မှာ အလွန်ကြောက်ရွံ့တုန်လှုပ်နေသည်ဟု ထင်မှတ်ရလေ၏။ တန့်ဥအံ့ဩသွားသည်။

မုဝမ်းချင်နှင့်အတူ သွားလာခဲ့ခြင်းမှာ ရက်အနည်းငယ်ကြာပြီဖြစ်သည်။ မုဝမ်းချင်သည် မည်သူ့ကိုမျှကြောက်ရွံ့တတ်သော မိန်းကလေးတစ်ယောက်မဟုတ်ချေ။

ထိပ်တန်းသိုင်းသမားများဖြစ်ကြသော စုန်း၊ ကျင်းဝမ်ကျွန်းတို့လူစုပင်လျှင် မွေးကြိုင်သင်းသင်းမုဝမ်းချင်၏အမည် ကြားလိုက်ရုံမျှဖြင့် ထိတ်လန့်တုန်လှုပ်သွားကြရသည်။

မုဝမ်းချင်မှာ ရန်သူများစွာ ဝိုင်းရံထားသည့်ကြားမှပင် ကြွေမပျက်ခဲ့ပါ။

ယခုမှာမူ မုဝမ်းချင်က ထိုအော်သံအား ကြောက်ရွံ့နေသည်မှာ အဘယ့်ကြောင့်နည်း။

တန့်ဥသည် စဉ်းစား၍မရအောင်ဖြစ်နေရတော့၏။

ဤသို့ဖြင့်အတန်ကြာသော် ထိုအော်သံသည်တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ တန့်ဉ မျက်မှောင်ကုပ်သွား၏။

"ဘယ်သူအော်လိုက်တဲ့အသံလဲဗျ၊ ခင်ဗျားသိသလား"

မုဝမ်းချင်သည် တန့်ဉ၏မေးခွန်းကိုမဖြေဘဲ. . .

"ဒီမှာ သူရောက်လာတော့မယ်၊ ရှင်အမြန်ဆုံး လွတ်အောင်ပြေးပါ"

"သူဆိုတာ ဘယ်သူလဲဗျ"

"ရှင့်ကိုပြောပြလို့ ရှင်သိမှာမှမဟုတ်ဘဲ၊ သိလဲ မသိချင်စမ်းပါနဲ့"

"ဟုတ်ကဲ့ ထားပါတော့လေ၊ ခင်ဗျားကော ဒီမှာနေခဲ့မှာလား"

"ဒီမှာမနေခဲ့လို့ကော၊ ကျွန်မဒီဒဏ်ရာနဲ့ ပြေးလို့လွတ်မှာတဲ့လား"

"ဒါဖြင့်ကျုပ်လဲ နေခဲ့ရမှာပေါ့"

"ရှင်မသေချင်စမ်းပါနဲ့ရှင်၊ ကျွန်မအတွက် ဘာမှမပူပါနဲ့၊ ရှင်လွတ်အောင်သာ အမြန်ဆုံးပြေးပါ"

တန့်ဉ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မသွားဘူးဗျ၊ ခင်ဗျား ကျုပ်ကိုအတော်အထင်သေးတာကိုး။ ဒီမှာမုဝမ်းချင် ကျုပ်က သိုင်းပညာမတတ်ပေမယ့် မိတ်ဆွေကောင်းတစ်ယောက်တော့ပီသပါတယ်ဗျ"

မုဝမ်းချင်သည် သူ့အားအတန်ကြာကြည့်လိုက်ပြီး. . .

"ရှင်ဟာလေ တော်တော်ခေါင်းမာတဲ့လူတစ်ယောက်ပဲ"



တန့်ဉက ပြုံးလိုက်လေသည်။

"ကျုပ်က ခေါင်းမာတာမဟုတ်ပါဘူး၊ ကျုပ်ရဲ့စိတ်ဓာတ်ကိုက ဒီလို မိတ်ဆွေတွေအပေါ်မှာသစ္စာရှိတတ်လို့ပါ"

"ဒီမှာတန့်ဉ အခုရောက်လာမယ့်လူဟာ အတော်ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်ပါ၊ ရှင်ဘာဖြစ်လို့ အလကားအသေခံမှာလဲ"

သူမ၏လေသံသည် ပျော့ပျောင်းလာသည်ကို တန့်ဉသတိပြုမိလေသည်။ သူသည် ပြုံးပြလိုက်ပြီး. . .

"ခင်ဗျားလို လှပချောမောတဲ့မိန်းကလေးတစ်ယောက်က သေရမှာတောင်မကြောက်ဘဲ ကျုပ်လိုယောက်ျားရင့်မကြီး တစ်ယောက်က သေရမှာကိုကြောက်နေရမှာလားဗျ"

မုဝမ်းချင်မှာ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မည်မျှကြာသွားမှန်းမသိ။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာထိုင်နေ၏။

ရုတ်တရက် အော်သံများ ထပ်မံကြားလိုက်ရလေသည်။

ဤတစ်ကြိမ် အော်သံသည် အလွန်နီးကပ်လာနေသည်ကို သတိပြုမိလိုက်လေသည်။

မုဝမ်းချင်၏ ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ခါသွား၏။

"သူ သူလာနေပြီ၊ ရှင်မြန်မြန်တစ်နေရာမှာသွားပုန်းနှင့်"

တန့်ဥသည် ထိုင်ရာမှထပြီး ချောက်ကမ်းပါးနုတ်ခမ်းသို့ လျှောက်သွားသည်။ အဝါရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် အလွန်မတ်စောက်သော တောင်ပေါ်သို့ လျင်မြန်စွာတက်လာနေသည်ကိုတွေ့လိုက်ရသည်။

သူ ထိတ်လန့်တုန်လှုပ်သွား၏။

"ဟာ ဒီလူက လူလားမျောက်လားမှမသိဘဲ၊ တော်တော့ကို မြန်တဲ့လူ"

ဟုစိတ်ထဲ ကြိတ်၍ရေရွတ်မိသည်။

ထိုစဉ်မှာပင် အဝါရောင်ဝတ်ဆင်ထားသောလူသည် သူ့ထံသို့ ပြေးလွှားလာနေလေသည်။

တန့်ဥသည် ကျောက်တုံးတစ်တုံးကို ချောက်ကမ်းပါးနှုတ်လမ်းသို့ တွန်းထားလိုက်သည်။

"ဟေ့. . . ရပ်လိုက်၊ တက်လာရင်တော့ ကျုပ်က ကျောက်တုံးကို ပစ်ချလိုက်ရမှာပဲ"

"ဟား. . . ဟား. . . ဟား"

ထိုလူသည် အားရပါးရရယ်မောလိုက်၏။ သူ၏ခြေလှမ်းသည် ရပ်တန့်သွားခြင်းမရှိသည့်အပြင် ပို၍လျင်မြန်စွာ တက်လာနေသည်။ တန့်ဥသည် လူမသတ်ချင်ပါ။

သို့သော် ကျောက်တုံးကိုသာ ပစ်မချလျှင် ထိုလူတက်လာတော့မည်ဖြစ်သည်။ နောက်ဆုံး မတတ်နိုင်တော့ဘဲ ကျောက်တုံးအား တွန်းချ လိုက်ရလေတော့သည်။

အလွန်ကြီးမားသောကျောက်တုံးသည် တဝုန်းဝုန်းဖြင့်



အောက်သို့လိမ့်ဆင်းသွား၏။

အတန်ကြာမှ ကျောက်တုံးသည် အောက်သို့ရောက်ရှိသွားပြီး အသံများငြိမ်သက်သွားလေသည်။

တန့်ဥသည် သူ၏ကျောက်တုံးနှင့် ထိုတက်လာသောလူအား ထိမှန်သွားပြီဟုထင်မှတ်လိုက်သည်။

သို့သော် သူ ခေါင်းငုံ့ကြည့်လိုက်သောအခါ ထိုလူသည် မည်သို့မျှထိခိုက်ခြင်းမရှိသည့်အပြင် ချောက်ကမ်းပါးထိပ်သို့ပင် ရောက်လုနီးနီးရှိနေပေပြီ။

တန့်ဥ ရင်ထိတ်သွားသည်။ မုဝမ်းချင်ဘက်ပြေးလာပြီး-

"ဒီမှာ အခုလူက တော်တော့ကိုကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲဗျ၊ ကျုပ် ကျောက်တုံးနဲ့ တွန်းချတာတောင် သူ့ဘာမှမဖြစ်ဘူး၊ ကဲ. . . မြန်မြန်ပြေးကြစို့"

မုဝမ်းချင် ခေါင်းခါယမ်းလိုက်သည်။

"ပြေးလို့လဲ မလွတ်တော့ပါဘူးလေ"

ထိုစဉ်မှာပင် အဝါရောင်ဝတ်ဆင်ထားသောလူသည် သူတို့ထံရောက်ရှိလာသည်။ တန့်ဥသည် မုဝမ်းချင်ရှေ့ရပ်လိုက်ပြီး

"ဟေ့ ခင်ဗျားဘယ်သူလဲဗျ၊ ဒီကိုဘာလာလုပ်တာလဲ"

သူသည်ယင်းသို့ပြောရင်း ထိုလူအားအကဲခတ်ကြည့်လိုက်သည်။ ထိုလူသည် ခေါင်းအလွန်ကြီးပြီး ဝိုင်းစက်၍သေးငယ်သောမျက်လုံးရှိသည်။

သူ၏ခန္ဓာကိုယ်မှာ ဝဝကုတ်တုတ်ဖြစ်ပြီး မုတ်ဆိတ်မွေးများမှာ အလွန်ကြမ်းတမ်း၏။

အဝါရောင် အဝတ်အစားများဝတ်ဆင်ထားသည်။

ထိုလူသည် သူ၏သေးငယ်သောမျက်လုံးအစုံဖြင့် တန့်ဥအား အကဲခတ်ကြည့်ရှုနေသည်။ မုဝမ်းချင်က ထိုင်ရာမှထကာ-

"တန့်ဥ ရှင် ကျွန်မနောက်မှာလာနေစမ်း"

တန့်ဥက တစ်ချက်ကြည့်လိုက်ပြီး. . .

"သူ သူက ခင်ဗျားကိုအန္တရာယ်ပြုမှာလားဗျ"

မုဝမ်းချင်က ပြုံးလိုက်သည်။

"နေပါဦး- ရှင်က သူ့ကိုရှင်းနိုင်လို့လား"

ထိုစကားကိုကြားလိုက်ရသောအခါ တန့်ဥသည် မည်သို့မှ မတတ်နိုင်တော့ဘဲ မုဝမ်းချင်၏နံဘေးသို့ဆုတ်ကာ ရပ်နေလေ၏။

သူသည် ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး. . .

"ခင်ဗျား ဘယ်သူလဲဗျ"

မုဝမ်းချင်ကပြုံးလိုက်သည်။

"သူ့ကို သိုင်းလောက,က တောင်ပင်လယ်မိကျောင်းလို့ခေါ်တယ်"

တန့်ဥ မျက်မှောင်ကုပ်သွားသည်။

"နာမည်ကထူးထူးဆန်းဆန်း တောင်ပင်လယ်မိကျောင်းဟုတ်လား"

တောင်ပင်လယ်မိကျောင်းက သူ့အားစိုက်ကြည့်လိုက်ပြီး-

"ဟုတ်တယ်၊ မင်း ဘယ်သူလဲ"

"ကျုပ်ကတန့်ဥပါ၊ ခင်ဗျားကိုကြည့်ရတာ သိုင်းပညာ တော်တော့်ကိုတော်ပုံရတယ်၊ ကျုပ်ကျောက်တုံးကြီးနဲ့တွန်းချတာတောင်



ခင်ဗျား ဘာမှမဖြစ်ဘူးဆိုတော့ ကျုပ်ဖြင့်ချီးကျူးတယ်ဗျာ"

တောင်ပင်လယ်မိကျောင်းသည် တန့်ဥက မိမိအားချီးကျူးနေသောစကားကိုကြားလိုက်ရသဖြင့် ပီတိဖြစ်သွားလေသည်။

"ဟဲ- ဟဲ မင်းက အသက်ငယ်ငယ်နဲ့ ကျုပ်ကိုဒါလောက်သိထားရင် မဆိုးဘူး၊ ကဲ. . . ကဲ မင်းအသက်ကို ချမ်းသာပေးလိုက်မယ်၊ ဘေးကိုဖယ်လိုက်စမ်း"

တန့်ဥ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားက ချမ်းသာခွင့်ပေးနိုင်မယ်ဆိုရင် ကျုပ်တို့နှစ်ယောက်စလုံးကိုပေးပါ"

တောင်ပင်လယ်မိကျောင်း မျက်မှောင်ကုပ်သွားသည်။

သူသည် လက်ဝါးတစ်ချက်ဝှေ့ယမ်းလိုက်ရာ တန့်ဥ၏တစ်ကိုယ်လုံးယိမ်းယိုင်ကာ နောက်သို့လေးငါးလှမ်းမျှဆုတ် သွားရလေသည်။

"ဟော့. . မင်းရှေ့တိုးမလာနဲ့၊ တိုးလာရင် ကျုပ်ကိုအဆိုးမဆိုနဲ့"

တန့်ဥသည် ထိုနေရာ၌ပင်ရပ်တန့်ပြီး အကဲခတ်ကြည့်နေလိုက်လေသည်။ တောင်ပင်လယ်မိကျောင်းသည် မုဝမ်းချင်အားစိုက်ကြည့်လိုက်ပြီး-

"မင်းက မွေးကြိုင်သင်းသင်းမုဝမ်းချင် မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဒီကိုဘာလာလုပ်တာလဲ"

"ကျွန်မ ဒဏ်ရာရလာလို့ ဒီကိုပြေးလာခဲ့တာပါ"

တောင်ပင်လယ်မိကျောင်း မျက်မှောင်ကုပ်သွားသည်။

"သိုင်းလောကမှာ မင်းနာမည်တော်တော်ကြီးနေတာပဲ၊ ဘယ်လိုလုပ် ဒဏ်ရာရသွားရတာလဲကွ"

"ဒီလိုရှိပါတယ်ရှင်၊ ကျွန်မကို လူအများက ဝိုင်းပြီးတိုက်ခိုက်ကြလို့ပါ"

"ဘယ်သူတွေလဲကွ"

"စုအန်း၊ စုခုံး၊ ကျင်းဝမ်ကျွန်း၊ စင်စုပို့နဲ့ ဝီရှမ်းတို့ပါပဲ"

တောင်ပင်လယ်မိကျောင်း ဒေါသထွက်သွားလေသည်။

"ဟင်း. . . မိန်းကလေးတစ်ယောက်ကို လူဒီလောက်များများ ဝိုင်းပြီးတိုက်ခိုက်တာ သူတို့မရှက်ဘူးလားကွ"

တန့်ဥသည် ကပျာကယာစကားဆက်လိုက်၏။

"ဟုတ်ပါတယ်ဗျာ- လူဒီလောက်များများက မိန်းကလေးတစ်ယောက်ကို ဝိုင်းတိုက်ဖို့မပြောနဲ့၊ ဂုဏ်သရေရှိတဲ့ ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်နဲ့တောင် ရန်မဖြစ်သင့်ဘူးဗျ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား"

တောင်ပင်လယ်မိကျောင်း ခေါင်းညိတ်လိုက်လေသည်။

တန့်ဥသည် သူ၏စကားကို တောင်ပင်လယ်မိကျောင်းက သဘောတူလိုက်သဖြင့် ဝမ်းသာသွားလေ၏။

သို့သော်. . . တောင်ပင်လယ်မိကျောင်းက မုဝမ်းချင်အား တစ်ချက်ပြုံးပြလိုက်ပြီး-

"ကဲ. . . မင်းကို ငါစကားတစ်ခွန်းမေးရမယ်"

"မေးပါရှင်"



"သိုင်းသမားစွန်းဟာကို မင်းက သတ်လိုက်တယ်လို့ပြောကြတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ရှင်"

"စွန်းဟာက ကျုပ်ရဲ့အချစ်ဆုံးတပည့်တစ်ယောက်ဆိုတာ မင်းမသိဘူးလား"

"ပထမတော့ မသိပါဘူးရှင်၊ နောက်မှသိရပါတယ်"

"ကောင်းပြီ. . . မင်းငါ့ကိုကြောက်သလား"

မုဝမ်းချင်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ကြောက်ရမှာလဲ"

တောင်ပင်လယ်မိကျောင်း ဒေါသချောင်းချောင်းထွက်သွားလေသည်။

"မင်းက ဘယ်သူ့အားကိုးပြီး ငါ့ကိုမကြောက်တာလဲ"

"ကျွန်မ ရှင့်ကိုအားကိုးရလို့ပါ"

တောင်ပင်လယ်မိကျောင်းမှာ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

သူသည် ဝိုင်းစက်ပြီး သေးငယ်သောမျက်လုံးအစုံဖြင့် မုဝမ်းချင်အား စိုက်ကြည့်လိုက်သည်။

"မင်း ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါရှင်၊ တောင်ပင်လယ်မိကျောင်းဆိုတာ နှယ်နှယ်ရရမှမဟုတ်ဘဲ၊ သိုင်းရာဇာခုနစ်ယောက်ထဲက တစ်ယောက်အပါအဝင်ဖြစ်နေတဲ့အတွက် ကျွန်မလို ဒဏ်ရာပြင်းထန်စွာရနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ နိုင်ထက်စီးနင်းမလုပ်ဘူး

ဆိုတာယုံကြည်လို့ပါ"

တောင်ပင်လယ်မိကျောင်း၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏။ အတန်ကြာမှ တဟားဟားရယ်မောလိုက်လေသည်။

"ဟား- ဟား- ဟား မင်းပြောတာလဲ လမ်းကျသားပဲကွ"

သူသည်ရယ်မောနေရာမှ ရုတ်တရက်ရပ်တန့်ပြီး မျက်နှာကို တင်းတင်းထားလိုက်သည်။

"ထားပါတော့၊ မင်းကို ငါမသတ်တော့ဘူး၊ ဒါပေမယ့် မင်းကို ငါမေးစရာတွေရှိသေးတယ်"

"မေးပါရှင့်"

"မင်းက တစ်ချိန်လုံး မျက်နှာကိုဖုံးထားတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်ရှင်"

"မင်းရဲ့မျက်နှာကို ဘယ်သူမှအတွေ့မခံဘူးလို့ပြောတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"တကယ်လို့ လူတစ်ယောက်ယောက်က မင်းရဲ့မျက်နှာကို တွေ့သွားတာနဲ့ မင်းက သူ့ကိုသတ်ရင်သတ် မသတ်ရင် သူ့ကိုယူရမယ်ဆိုတာကော၊ မှန်သလား"

တန့်ဥသည် ထိုစကားကြားလိုက်ရသောအခါ အံ့ဩသွားလေသည်။ မုဝမ်းချင်ကို အမှတ်မထင်အကဲခတ်ကြည့်မိသည်။

မုဝမ်းချင်ကမူ ခေါင်းညိတ်နေ၏။ တောင်ပင်လယ်မိကျောင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .



"ကဲ- ထားလိုက်ပါတော့၊ မင်းက ဘာဖြစ်လို့ ဒီလိုထူးဆန်းတဲ့စည်းကမ်းကို သတ်မှတ်ထားရတာလဲ"

"ဒီလိုပါ ကျွန်မ သိုင်းပညာကိုလိုချင်တာနဲ့ ကျွန်မဆရာရှေ့မှာ အခုလိုကျမ်းကျိန်ပေးမှ ဆရာက ကျွန်မကိုသိုင်းပညာ သင်ပေးမယ်ပြောလို့ပါ"

"မင်းဆရာက ဘယ်သူတုန်း ဘာဖြစ်လို့ ဒီလိုလူမဆန်တဲ့စည်းကမ်းချက်ကိုသတ်မှတ်ရတာလဲ"

မုဝမ်းချင် ဒေါသထွက်သွားသည်။

"ရှင်က အသက်အရွယ်ကြီးသူမို့ ကျွန်မက ရှင့်ကိုလေးစားတာပါ၊ ကျွန်မဆရာကိုတော့ မစော်ကားပါနဲ့ရှင့်"

တောင်ပင်လယ်မိကျောင်းသည် အနီးရှိကျောက်တုံးတစ်တုံးအား လက်သီးဖြင့်ထုချလိုက်၏။

"ဝုန်း. . ."

ကျောက်တုံးသည် အစိတ်စိတ်အမြွာမြွာဖြစ်ကာ လွင့်စဉ်သွားလေသည်။ မုဝမ်းချင်မှာမူ ကြွေမျက်ပင် တောင်ပင်လယ်မိကျောင်းအား စိုက်ကြည့်နေလေသည်။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်ပြီးနောက် တောင်ပင်လယ်မိကျောင်းက အနည်းငယ်လျှော့လိုက်သည်။

"မင်းပြောတာ လမ်းကျတယ်၊ ကဲ. . . မင်းဆရာရဲ့နာမည် ဘယ်သူလဲဆိုတာ ကျေးဇူးပြုပြီးပြောပြပါ"

"ဟုတ်ကဲ့- ကျွန်မဆရာနာမည်က အမည်မရှိတဲ့စည့်သည် လို့ခေါ်ပါတယ်"

တောင်ပင်လယ်မိကျောင်း တွေဝေစဉ်းစားလိုက်သည်။

"အမည်မရှိစည့်သည်ဟုတ်လား၊ ကျုပ်တစ်ခါမှ မကြား ဘူးပါလား"

"ရှင်က တောင်ပင်လယ်မှာနေတာကိုး၊ ဘယ်ကြားဖူးပါ့ မလဲရှင့်"

"ကဲ- ဒါတွေထားလိုက်ပါတော့၊ ကျုပ်တပည့်စွန်းဟာက မင်းမျက်နှာကိုကြည့်ဖို့ကြိုးစားလို့ မင်းက သူ့ကိုသတ်လိုက်တာနဲ့တူ တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင့်တပည့်အကြောင်းလဲ ရှင်သိသားပဲ"

ဟုတ်ပါ၏။ တောင်ပင်လယ်မိကျောင်းသည် သူ၏တပည့် စွန်းဟာမှာ မိန်းမပွေသူတစ်ယောက်ဖြစ်ကြောင်းသိရှိထားသည်။

သို့သော် တောင်ပင်လယ်ဂိုဏ်း၏စည်းကမ်းမှာ ဆရာတစ် ယောက်သည် တပည့်တစ်ယောက်ကိုသာ ထားရှိနိုင်ခွင့်ရှိသည်။

ယခု စွန်းဟာအသတ်ခံခဲ့ရသည့်အတွက် တောင်ပင်လယ် မိကျောင်းအဖို့ နှစ်ပေါင်းများစွာပြုစုပျိုးထောင်လာသောတပည့် တစ်ယောက်ဆုံးရှုံးလိုက်ရ၏။ ယင်းအတွက် နှမြောတမ်းတနေခြင်း ဖြစ်သည်။

သူ၏ မျက်နှာတင်းမာခက်ထန်သွားသည်။



"ဘာပဲဖြစ်ဖြစ် ကျုပ်တပည့်အတွက် ကလဲ့စားချေရမှာပဲ"

တန့်ဉက လှမ်း၍ပြောလိုက်သည်။

"ဒီမှာ ခင်ဗျား သူ့ကိုမသတ်ဘူးလို့ ဂါတိပေးထားပြီးပြီ မဟုတ်လား"

တောင်ပင်လယ်မိကျောင်းက တန့်ဉစကားကိုဂရုမစိုက်ပါ။

သူသည် ရှေ့သို့တစ်လှမ်းတိုးပြီး မုဝမ်းချင်အား သေးငယ် သောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ကျုပ်တပည့်က မင်းရဲ့မျက်နှာကိုမြင်သွားသေးသလား"

"သူ မြင်မသွားပါဘူး"

"ကောင်းပြီ- ကျုပ်ကတော့ ကျုပ်တပည့်အတွက် မင်းရဲ့ မျက်နှာကိုကြည့်ရမှာပဲ၊ မင်းက နတ်သမီးလိုလှနေသလား၊ ဘီလူး မလို ရုပ်ဆိုးနေသလားဆိုတာ ကြည့်ရမှာပဲ"

မုဝမ်းချင် ထိတ်လန့်တုန်လှုပ်သွားသည်။ သူမသည် သူမ၏ ဆရာမရှေ့တွင်ကျမ်းကျိန်ခဲ့သည်။ ယခု တောင်ပင်လယ်မိကျောင်းက မိမိမျက်နှာအုပ်ထားသောပဝါကို အတင်းလှုပ်၍ကြည့်လျှင် မိမိက သူ့ကိုသတ်ရတော့မည်ဖြစ်သည်။

သို့သော် မိမိမှာ တောင်ပင်လယ်မိကျောင်းကို သတ်ပစ်နိုင် စွမ်းမရှိပါ။ ဤသို့ဆိုလျှင် သူမသည် တောင်ပင်လယ်မိကျောင်းအား လူရလိမ့်မည်ဖြစ်ပါသည်။

မည်သည့်နည်းနှင့်မဆို သူမသည် ဤကဲ့သို့ရုပ်ဆင်း ရူပ ကာ ဆိုးဝါးလှသော တောင်ပင်လယ်မိကျောင်းအား လင်ယောကျ်ား အဖြစ် လက်ခံနိုင်မည်မဟုတ်ပါ။

သူမသည် လက်ကာပြလိုက်သည်။

"ရှင်က သိုင်းပါရဂူတစ်ယောက်ပဲ၊ အခုလို ကလေးကလား အလုပ်ကို မလုပ်သင့်ဘူးလို့ယူဆပါတယ်"

တောင်ပင်လယ်မိကျောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က လူဆိုးလူမိုက်ထဲက လူဆိုးတစ်ယောက်ဆိုတာ မင်းမသိဘူးလား၊ ဘာမဆို ကျုပ်လုပ်ရဲတယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ အကောင်းဆုံးကတော့ မင်းမျက်နှာပေါ်ကအဝတ်ကို မင်းကိုယ်တိုင်ချွတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ကျွန်မ မျက်နှာကိုမကြည့်ချင်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

တောင်ပင်လယ်မိကျောင်းက ခေါင်းခါယမ်းလိုက်သည်။

"မင်း သိပ်စကားမရှည်နဲ့၊ ကျုပ်ပြောသလို မြန်မြန်လုပ်ရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် ကျုပ်ကချွတ်ပစ်ရမှာလား"

မုဝမ်းချင်သည် မည်သို့မျှမတတ်နိုင်သည့်အဆုံး သူမ၏ လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဝိုး . . . ဝိုး . . . ဝိုး"

အနက်ရောင်မြားကလေးသုံးစင်းသည် သူမ၏အင်္ကျီလက်မှထိုးထွက်လာပြီး တောင်ပင်လယ်မိကျောင်း၏ရင်ဝသို့ ပစ်လွှင့်သွားလေသည်။

အလွန်လျင်မြန်လှသော တောင်ပင်လယ်မိကျောင်းသည် မုဝမ်းချင်ပစ်လွှင့်လိုက်သော မြားကလေးသုံးစင်းအား အင်္ကျီစဖြင့် ခါချလိုက်လေ၏။



မုဝမ်းချင် ထိတ်လန့်သွားလေသည်။

သူမသည် ဤမြားကလေးဖြင့် သိုင်းလောကတွင်ကျင်လည်ခဲ့ရာ ရင်ဆိုင်ရသောရန်သူမှန်သမျှကို အောင်နိုင်ခဲ့လေသည်။

ယခုမူ တောင်ပင်လယ်မိကျောင်းနှင့် တွေ့ဆုံလိုက်ရသောအခါ သူမ၏မြားကလေးသည် မည်သို့မျှအသုံးမဝင်တော့ပါချေ။

တောင်ပင်လယ်မိကျောင်းသည် တဟားဟားရယ်မောလိုက်လေ၏။

"ဟား- ဟား- ဟား ကျုပ်ရဲ့စည်းကမ်းက ကျုပ်ကို ခုခံနိုင်စွမ်းမရှိတဲ့သူကိုသာ အသက်ချမ်းသာပေးတာ၊ အခု မင်းကကျုပ်ကို ပြေးတိုက်ခိုက်တဲ့အတွက် ပထမဆုံး မင်းမျက်နှာပေါ်ကအဝတ်ကို ချွတ်ပြီး မင်းမျက်နှာကိုကြည့်ရမယ်၊ နောက်မှ မင်းကိုသတ်ပစ်ရလိမ့်မယ်"

တန့်ဥ ကပျာကယာဟန့်တားလိုက်သည်။

"ခဏနေပါဦးဗျာ၊ ကျုပ်မေးစရာရှိနေလို့ပါ"

တောင်ပင်လယ်မိကျောင်းက သူ့အားလှမ်းကြည့်လိုက်၏။

"ပြောစမ်း- မင်းဘာပြောမလို့လဲ"

"ခုန ခင်ဗျားက ခုခံနိုင်စွမ်းမရှိတဲ့လူကို မသတ်ပါဘူးလို့ ပြောတယ်မဟုတ်လား"

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ကိုယ့်ကတိကိုယ်ဖျက်လို့ရှိရင် ခွေးမျိုးဝက်မျိုးလို့ အပြောခံရတယ်မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒါဖြင့် အခု ခွေးမျိုးဝက်မျိုးဖြစ်နေပြီပေါ့"

"ဘာကွ"

တောင်ပင်လယ်မိကျောင်း၏အသံသည် ကြောက်မက်ဖွယ် ဟိန်းထွက်လာ၏။ သူ၏သေးငယ်သောမျက်လုံးအစုံမှာလည်း ဒေါသငွေ့များ ဝင်းလက်နေသည်။

"မင်းက ငါ့ကို ခွေးမျိုးဝက်မျိုးလို့ပြောတယ် ဟုတ်လား"

တန့်ဥသည် ဣန္ဒြေမပျက်ပင်. . .

"ဒါက ကိုယ့်ကတိကိုဖျက်ရင်ပြောတာပါ၊ ကတိမဖျက်ရင်တော့ ခွေးမျိုးဝက်မျိုး မဟုတ်ဘူးပေါ့"

တောင်ပင်လယ်မိကျောင်းသည် ဒေါသချောင်းချောင်း ထွက်လာကာ. . .

"သူ ငါ့ကိုမြားနဲ့ပစ်တာ မင်းမမြင်ဘူးလား"

"မြင်သားပဲ"

"သူက ငါ့ကိုတိုက်ခိုက်လို့ ငါသူ့ကိုသတ်လိုက်ရင် ငါ့ကတိ ဘာဖြစ်လို့ ဖျက်တယ်လို့ခေါ်ရမှာလဲ"

"ခေါ်နိုင်တာပေါ့ဗျာ၊ သူ ဒဏ်ရာ ဘယ်လောက်ပြင်းပြင်းထန်ထန်ရနေတယ်ဆိုတာ ခင်ဗျားတွေ့နေသားပဲ၊ ဒါလောက် ဒဏ်ရာပြင်းထန်တဲ့လူဟာ ခင်ဗျားကို ဘယ်လိုခုခံနိုင်မှာလဲ၊ ခင်ဗျား သူ့ကိုသတ်ရင် ကိုယ့်ကတိကိုယ်ဖျက်ပြီး ခွေးမျိုးဝက်မျိုးဖြစ်မှာပေါ့"

"တောက်. . ."

တောင်ပင်လယ်မိကျောင်းက ဒေါသကြီးစွာဖြင့် တောက်တစ်ချက်ခေါက်ပြီး တန့်ဥအား ခြေထောက်ဖြင့်ကန်လိုက်လေသည်။



"ဝုန်း. . ."

တန့်ဥ၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားလေသည်။ သို့သော် သူက စိတ်ဓာတ်လျှော့ကျခြင်းမရှိပါ။

လူးလိမ့်ထလာပြီးလျှင် မတ်တတ်ရပ်ကာ တောင်ပင်လယ်မိကျောင်းအား စူးစိုက်ကြည့်လိုက်သည်။ တောင်ပင်လယ်မိကျောင်းသည် မုဝမ်းချင်ဘက်သို့လှည့်လိုက်ပြန်သည်။

"ကျုပ် မင်းတို့ကို မသတ်တော့ဘူး ဒါပေမယ့် မင်းမျက်နှာပေါ်က အဝတ်ကိုတော့ ချွတ်လိုက်ရမယ်"

မုဝမ်းချင်သည် မည်သို့ပြုလုပ်ရမှန်းမသိဘဲ မျက်ရည်များပင် ကျလာလေသည်။

ရုတ်တရက် သူမသည် အကြံတစ်ခုရလာပြီး တန့်ဥအား လက်ယပ်ခေါ်လိုက်လေသည်။

"မင်း ဒီကိုလာစမ်း"

တန့်ဥသည် ထော့နဲ့ ထော့နဲ့ဖြင့် သူမထံလျှောက်လာ၏။

"ဘာလုပ်မလို့လဲ"

မုဝမ်းချင်သည် သူ့ဘက်သို့လှည့်လိုက်ပြီး အသံတိုးတိုးဖြင့်-

"ရှင်ဟာ လောကပေါ်မှာ ကျွန်မမျက်နှာကိုပထမဦးဆုံးတွေ့တဲ့ယောကျ်ားတစ်ယောက်ပဲ"

ဟုပြောရင်း မျက်နှာပေါ်မှအဝတ်ကိုလှပ်ပြလိုက်၏။

တန့်ဥ၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏။ သူတွေ့မြင်လိုက်ရသော မုဝမ်းချင်၏မျက်နှာမှာ အလွန်ချောမောလှပသော မျက်နှာကလေးတစ်ခုဖြစ်နေသည်မဟုတ်ပါလား။

နှစ်ရှည်လများ အဝတ်ဖြင့်ဖုံးအုပ်ထားသဖြင့် သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ဤကဲ့သို့ လှပချောမောသောမိန်းကလေးတစ်ယောက်က ရက်စက်ကြမ်းကြုတ်သော လူသတ်သမားတစ်ယောက်ဖြစ်နေသည်မှာ ယုံနိုင်ဖွယ်ရာပင်မရှိချေ။

မုဝမ်းချင်သည် မျက်နှာအဝတ်ကို ပြန်လည်ဆွဲချလိုက်ပြီး တောင်ပင်လယ်မိကျောင်းဘက်သို့ လှည့်လိုက်သည်။

"ရှင် ကျွန်မမျက်နှာမြင်ချင်ရင် ကျွန်မယောကျ်ားဆီမှာ ခွင့်တောင်းရလိမ့်မယ်"

တောင်ပင်လယ်မိကျောင်း အံ့အားသင့်သွားသည်။

"ဟေ မင်းမှာယောကျ်ားရှိနေပြီဟုတ်လား၊ မင်းယောကျ်ားက ဘယ်သူတဲ့တုန်း"

မုဝမ်းချင်က တန့်ဥကိုညွှန်ပြလိုက်သည်။

"ကျွန်မ ကျမ်းကျိန်ထားခဲ့ပါတယ်၊ အကယ်၍ ယောကျ်ားတစ်ယောက်ယောက်က ကျွန်မရဲ့မျက်နှာကို မြင်တွေ့သွားရင် ကျွန်မက သူ့ကိုသတ်ရလိမ့်မယ်၊ တကယ်လို့ ကျွန်မ သူ့ကိုမသတ်ရင် သူ့ကိုယူရလိမ့်မယ်၊ အခု သူ ကျွန်မမျက်နှာကို မြင်တွေ့ခဲ့ပြီးပြီ၊ ကျွန်မက သူ့ကို မသတ်ရက်တဲ့အတွက် သူ့ကိုလင်ယောကျ်ားအဖြစ်ယူရမှာပဲ"

တောင်ပင်လယ်မိကျောင်းသည် ကြောင်အမ်းအမ်းဖြစ်နေရာမှ တန့်ဥဘက်သို့လှည့်ပြီး သေချာစွာအကဲခတ်ကြည့်လိုက်၏။

သူ၏သေးငယ်သော မျက်လုံးအစုံဖြင့် တန့်ဥအား ခြေဆုံးခေါင်းဆုံး အကြိမ်ကြိမ်ကြည့်သည်။



တန့်ဥသည် တောင်ပင်လယ်မိကျောင်း၏ ဆိုးဆိုးဝါးဝါး ကြည့်ခြင်းကိုခံရသဖြင့် ကျောချမ်းလာလေသည်။

ရုတ်တရက် တောင်ပင်လယ်မိကျောင်းက ဝမ်းသာအားရ ရလေသဖြင့်. . .

"ဟ- ဘယ်ဆိုးလို့တုန်း၊ ဟေ့- မင်းဟိုဘက်လှည့်လိုက်စမ်း"

တန့်ဥသည် တစ်ဘက်သို့လှည့်လိုက်ရသည်။

တောင်ပင်လယ်မိကျောင်းသည် ခေါင်းတညိတ်ညိတ်ဖြင့်-

"ကောင်းတယ်ဟေ့- ကောင်းတယ်၊ မင်းက ငါနဲ့သိပ်တူတာပဲကွ"

တန့်ဥနှင့်မုဝမ်းချင်တို့သည် တောင်ပင်လယ်မိကျောင်း၏ စကားကြောင့် အံ့ဩသွားကြသည်။

မုဝမ်းချင်က သူတို့နှစ်ယောက်အား ယှဉ်ကြည့်လိုက်ရာ သူတို့နှစ်ယောက်သည် မည်သည့်နေရာတွင်မှ တူညီသည်ကို မတွေ့ရချေ။ တောင်ပင်လယ်မိကျောင်းသည် တန့်ဥ၏ခေါင်းကို စမ်းလိုက် အရိုးအဆစ်များကိုစမ်းလိုက်ဖြင့် အလုပ်ရှုပ်နေ၏။

ယင်းသို့ အတန်ကြာစမ်းသပ်ပြီးသောအခါ သူ၏မျက်နှာတစ်ခုလုံး ဝမ်းသာရွှင်မြူးလာလေသည်။ ကခုန်နေသည့်အလားခြေလက်များ ဝှေ့ယမ်းလှုပ်ရှားလာသည်။

"ဟား. . ဟား. . ဟား မင်းက ငါနဲ့သိပ်တူတာပဲကွာ. . သိပ်တူတာပဲ"

ပြောရင်း တန့်ဥ၏လက်ကိုဆွဲလိုက်သည်။

"မင်း ငါ့နောက်လိုက်ခဲ့ရမယ်"

"ဘယ်ကို လိုက်ရမှာလဲဗျ"

"ကျုပ်နေတဲ့ တောင်ပင်လယ်လေ"

"ကျွန်တော်က ဘာလိုက်လုပ်ရမှာလဲဗျ"

"မင်းတော်တော်ခက်ပါလား၊ ငါ့မှာ တပည့်တစ်ယောက် သေသွားပြီလေ၊ မင်းရဲ့အရိုးအဆစ်တွေဟာ သိုင်းပညာသင်ရင် တော်တော့ကိုထူးချွန်တဲ့ သိုင်းပညာရှင်တစ်ယောက်ဖြစ်လာနိုင်တယ်၊ ဒါကြောင့် မင်းကို ငါ့တပည့်အဖြစ်ခေါ်သွားမလို့"

ထိုစကားကြားလိုက်ရသောအခါ တန့်ဥ အံ့အားသင့်သွားလေသည်။ သူသည် မည်သို့ ပြန်ပြောရမှန်းမသိဘဲ အခက်ကြုံနေသည်။ တောင်ပင်လယ်မိကျောင်းသည် အလွန်ရက်စက်ကြမ်းကြုတ်သည်ကို သူရိပ်စားမိ၏။

အကယ်၍ ငြင်းပယ်လိုက်လျှင် မိမိကိုသတ်ပစ်မည်မှာ သေချာသည်။ သို့သော် သူသည် သိုင်းပညာကို လုံးဝသင်ကြားလိုသည့် ဆန္ဒမရှိပါ။

အထူးသဖြင့် တောင်ပင်လယ်မိကျောင်းကဲ့သို့သော လူတစ်ယောက်အား ဆရာတစ်ဆူအဖြစ် အသိအမှတ်ပြုလိုစိတ် လုံးဝ မရှိပါ။ သူသည် မည်သို့ ပြန်ပြောရမည်ကို စဉ်းစားတွေးတောနေစဉ်မှာပင် တောင်ပင်လယ်မိကျောင်း၏အသံသည် ဟိန်းထွက်လာလေတော့သည်။

"ဟေ့ မင်းတို့ပုန်းမနေနဲ့၊ အကုန်လုံးထွက်ခဲ့ကြစမ်း"

သူ၏စကားဆုံးသည်နှင့် ချောက်ကမ်းပါးနှုတ်ခမ်းတွင် စုအန်း၊ ဝီရှမ်း၊ ကျင်းဝမ်ကျွန်းနှင့်တပည့်များ ထွက်ပေါ်လာသည်ကို



တွေ့လိုက်ရလေသည်။

တဆက်တည်းမှာပင် ဝဲဘက်ချောက်ကမ်းပါးနှုတ်ခမ်းပေါ်၌ အကိုင်းအဆမဲ့ဘေးဂိုဏ်းချုပ် ကျို့ကျူပေါက်နှင့်စွမ်းချင်တို့ တက်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

※

ကျင်းဝမ်ကျွန်းတို့လူစုနှင့် ကျို့ကျူပေါက်တို့လူစုသည် အပေါ်မှ ကျောက်တုံးများ တွန်းချမလာသောကြောင့် သူတို့အဖို့ တက်လာရန် အခွင့်အလမ်းပွင့်သွားခြင်းဖြစ်သည်။

သူတို့သည် တောင်ပင်လယ်မိကျောင်းရောက်နေသည်ကို တွေ့ရသဖြင့် ဆက်၍တက်မလာဝံ့ကြဘဲ ချောက်ကမ်းပါးနှုတ်ခမ်း၌ ပုန်းကွယ်နေကြသည်။

သို့သော် တောင်ပင်လယ်မိကျောင်းက အလွန်နားပါးသောကြောင့် သူတို့အားခေါ်ထုတ်လိုက်ခြင်းဖြစ်သည်။

ယခုအချိန်တွင် တောင်ပင်လယ်မိကျောင်း၏ စိတ်ထဲ၌ တပည့်တစ်ယောက်ရရှိတော့မည်ဟု ဝမ်းသာနေချိန်နှင့် ကြုံကြိုက်နေသဖြင့် သူသည် ပြုံးရွှင်စွာဖြင့် ကျို့ကျူပေါက်တို့လူစုအား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ဟေ့ မင်းတို့ဘာလုပ်နေကြတာလဲ၊ ကျုပ်တပည့်ကောင်းတစ်ယောက်ရလိုက်တဲ့အတွက် လာပြီးဂုဏ်ပြုကြမလို့လား"

ကျင်းဝမ်ကျွန်း၏တပည့်တစ်ယောက်က. . .

"ကျုပ်တို့က မုဝမ်းချင် မိန်းမယုတ်ကိုလာဖမ်းတာပါ၊ သူ့ကိုသတ်ပစ်မလို့ပါ"

တောင်ပင်လယ်မိကျောင်းက လက်ကာပြလိုက်သည်။

"ဟော့- မဖြစ်ဘူး၊ မဖြစ်ဘူး၊ မုဝမ်းချင်က ကျုပ်တပည့်ရဲ့ မိန်းမဖြစ်နေပြီကွ၊ မင်းတို့အားလုံး သွားကြ"

ကျင်းဝမ်ကျွန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့ဩကုန်ကြတော့သည်။ တန့်ဥက အရဲစွန့်ကာ. . .

"ခင်ဗျားကို ကျုပ်ဆရာအဖြစ် လက်မခံနိုင်ဘူးဗျ"

"ဟော. . ဘာဖြစ်လို့လဲကွ"

"ကျုပ်မှာဆရာရှိပြီးသားမို့ပါ"

"အောင်မာ. . မင်းဆရာက ဝါ့လောက်တော်လို့လား"

"ကျွန်တော့်ဆရာရဲ့ပညာကို ခင်ဗျား လုံးဝနားလည်လိမ့်မယ်လို့ မထင်မိဘူးဗျ"

တောင်ပင်လယ်မိကျောင်း ဒေါသချောင်းချောင်းထွက်သွားလေသည်။

"ဘာကွ မင်းဆရာက ဘာပညာများ ထူးထူးချွန်ချွန်ရှိလို့လဲကွ"

"ကျွန်တော့်ဆရာသင်ပေးတာက 'ကုန်းယန်ဩဝါဒ' အဲဒါ ခင်ဗျားနားလည်လား၊ နောက်ပြီး 'ကွန်ဖျူးရှပ်ဩဝါဒ' လဲပါသေးတယ်၊ အဲဒါ ခင်ဗျားတတ်သလား"

တောင်ပင်လယ်မိကျောင်းသည် ခေါင်းကို တွင်တွင်ကုပ်ပြီး စဉ်းစားနေသည်။



တန့်ဥပြောနေသော ကုန်းယန်၊ ကွန်ဖျူးရှပ်တို့ ဆုသည်မှာ မည်သည့်ပညာရပ်မျိုးနည်း။

သူ တစ်ကြိမ်တစ်ခါမှ မကြားဘူးသည်မှာအမှန်ပင်။

တန့်ဥသည် တောင်ပင်လယ်မိကျောင်းမှာ အတွေးရခက်နေသည်ကိုတွေ့ရသောအခါ ဤလူသည် သိုင်းပညာတွင် ကြောက်မန်းလိလိအဆင့်မြင့်နေသည်ဖြစ်သော်လည်း စဉ်းစားဉာဏ်မှာအားနည်းလှကြောင်း ရိပ်စားမိလိုက်လေသည်။

သူသည် အကြံရလာကာ. . .

"ဒီလိုလုပ်ပါလေ၊ ခင်ဗျားရဲ့စေတနာကို ကျုပ်ကျေးဇူးတင်လို့မဆုံးပါဘူး၊ တစ်နေ့ကျ ကျုပ်ဆရာကိုခေါ်လာပြီး ခင်ဗျားနဲ့ယှဉ်ပြိုင်ကြမယ်၊ အကယ်၍သာ ခင်ဗျားက ကျုပ်ဆရာကိုနိုင်ခဲ့ရင် ကျုပ်ခင်ဗျားကို တပည့်ခံပါ့မယ်"

တောင်ပင်လယ်မိကျောင်း ဒေါသထွက်လာသည်။

"မင်းဆရာက ဘယ်သူလဲ၊ ကျုပ်က သူ့ကိုကြောက်ရဦးမှာလား၊ ကဲ. . . ပြောစမ်း၊ ငါနဲ့ ဘယ်နေ့ယှဉ်ပြိုင်ကြမယ်ဆိုတာ"

တန့်ဥ ပါးစပ်ပိတ်လိုက်လေသည်။ သူသည် ယင်းသို့ပြောလိုက်ခြင်းမှာ အချိန်ကို ဆွဲထားရန်ဖြစ်သည်။

ယခု တောင်ပင်လယ်မိကျောင်းက ရက်ချိန်းတောင်းလိုက်သောအခါ အခက်ကြုံသွားလေသည်။ မည်သို့ပြန်ပြောရမည်ကို စဉ်းစားနေစဉ် ရုတ်တရက် အဝေးမှ စူးရှသောအော်သံတစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ထိုအသံသည် တောင်ပင်လယ်မိကျောင်းအော်လိုက်သော

အသံနှင့် ခပ်ဆင်ဆင်ဖြစ်နေသည်။ တောင်ပင်လယ်မိကျောင်းသည် သူ၏နဖူးကို တစ်ချက်ရိုက်လိုက်ပြီး. . . .

"တောက်- ငါမေ့နေလိုက်တာ၊ ဒီကောင်ရောက်လာပြီကိုး၊ ကဲ. . . မင်းဆရာ ဘယ်အချိန်မှာ ငါနဲ့ယှဉ်ပြိုင်မယ်ဆိုတာမြန်မြန်ပြောစမ်း၊ ကျုပ်အချိန်မရှိဘူး"

တန်ဥသည် အနည်းငယ်စဉ်းစားဟန်ပြုပြီး. . .

"ဒါကတော့ ကျုပ်ဆရာကို အရင်ဆုံးတိုင်ပင်ရဦးမှာပေါ့၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ခင်ဗျား ဒီကသွားရင် ဒီလူတွေက ကျုပ်တို့နှစ်ယောက်ကို သတ်ပစ်တော့မှာပဲ၊ အဲဒီတော့ ကျုပ်ဆရာဆီကို ဘယ်လိုလုပ်ပြီး အကြောင်းပြန်ကြားနိုင်မှာလဲ"

တောင်ပင်လယ်မိကျောင်းသည် ကျင်းဝမ်ကျွန်းတို့လူစုဘက်သို့လှည့်လိုက်ပြီး. . .

"မင်းတို့အားလုံး ထွက်သွားကြမလား၊ ငါက ကန်ထုတ်ရမှာလား"

ကျင်းဝမ်ကျွန်း၏တပည့်နှစ်ယောက်သည် တောင်ပင်လယ်မိကျောင်း၏အကြောင်းကို မသိပါ။

မိမိတို့အား စော်ကားပြောဆိုနေသည်ကို ကြားလိုက်ရသဖြင့် မခံမရပ်နိုင်ဖြစ်ကာဓားကိုယ်စီဖြင့်တောင်ပင်လယ်မိကျောင်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

တောင်ပင်လယ်မိကျောင်းသည် လှည့်၍ပင် မကြည့်ပါ။



ခြေထောက်တစ်ချက်မြှောက်ပြီး ကန်လိုက်ရာ ထိုလူနှစ်ယောက်သည် အပေါ်မြောက်တက်သွားပြီး ချောက်ကမ်းပါးထဲသို့ ကျသွားလေတော့သည်။

ရင်တုန်ဖွယ်ရာအော်သံများသည် တောတောင်တစ်ခုလုံး ပျံ့နှံ့ထွက်သွားလေသည်။

ကျန်ရှိသောလူများသည် တောင်ပင်လယ်မိကျောင်း၏ လက်မြက်ပုံကိုတွေ့ရှိလိုက်ရသဖြင့် တုန်လှုပ်သွားကြသည်။

"ဟေ့- မင်းတို့ ငါပြောတာမကြားကြဘူးလား၊ ချောက်ကမ်းပါးထဲကို ကန်ချလိုက်ရမလား"

ကျို့ကျုပေါက်နှင့်တကွ ကျင်းဝမ်ကျွန်းတို့လူစုသည် ဆက်ရှိမနေဝံ့တော့ဘဲ ချောက်ကမ်းပါးထဲသို့ သူ့ထက်ငါ ဦးအောင်ဆင်းပြေးသွားကြတော့သည်။

အားလုံး ဆင်းပြေးသွားပြီးနောက် စုအန်းတစ်ယောက်တည်းသာ ကျန်နေတော့သည်။ တောင်ပင်လယ်မိကျောင်းသည် သူ့အား မျက်မှောင်ကုပ်၍ကြည့်လိုက်သည်။

"ဘယ်လိုလဲ မင်းက အကန်ခံချင်လို့လား"

စုအန်းသည် ဓားကိုဆွဲထုတ်ပြီး တစ်လှမ်းချင်းလျှောက်လာလေ၏။

"ဒီမှာ ကျုပ်က အသက်သာ အသေခံမယ်၊ စော်ကားတာတော့ မခံနိုင်ဘူးဟေ့"

ပြေးရင်း သူ၏ဓားကိုဝှေ့ယမ်းကာ. . .

"မြေလျှာနှစ်ခွ"သိုင်းကွက်ဖြင့် တောင်ပင်လယ်မိကျောင်း

ဓါးရင်ဝသို့ တိုက်ခိုက်လိုက်လေသည်။

"မင်းမဆိုးဘူး"

ယင်းသို့ပြောရင်း တောင်ပင်လယ်မိကျောင်းသည် ခြေဝိုက်၍ကန်လိုက်ရာ သူ၏ခြေဖျားသည် စုအန်း၏လက်ကောက်ဝတ်အားကန်မိသဖြင့် စုအန်းလက်ထဲမှဓားသည် အဝေးသို့လွင့်စဉ်သွားလေတော့၏။

စုအန်း ရင်ထိတ်သွားသည်။ ချက်ချင်းပင် တောင်ပင်လယ်မိချောင်း၏ခြေသလုံးပေါ် ခုတ်ချလိုက်ရာ တောင်ပင်လယ်မိကျောင်းသည် တစ်ချက်ပြုံးပြီး သူ၏ညာခြေထောက်ဖြင့်ခြေဖျားထောက်၍ ဘယ်ခြေထောက်ကိုကွေးကာ ကိုယ်ခန္ဓာအား တစ်ပတ်လှည့်ပြီး-

"ကဲ- သွားပေတော့"

"ဝုန်း. . ."

စုအန်း၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားလေ၏။

သူသည် လူးလိမ့်၍ထမည်အပြုတွင် တောင်ပင်လယ်မိကျောင်း၏လက်ဝါးသည် သူ၏ငယ်ထိပ်သို့ခုတ်ချလိုက်လေသည်။

"မလုပ်ပါနဲ့ဗျာ"

တန့်ဥကဟန့်တားလိုက်သဖြင့် တောင်ပင်လယ်မိကျောင်း၏လက်ဝါးသည် စုအန်း၏ငယ်ထိပ်သို့ရောက်ရန် လေးလက်မခန့်အကွာတွင် ရပ်တန့်သွားလေသည်။

တောင်ပင်လယ်မိကျောင်းက လှည့်ကြည့်လိုက်သည်။

"မင်းက ငါ့ကို ဘာဖြစ်လို့တားရတာလဲ"

"သူက ကျွန်တော့်ရဲ့မိတ်ဆွေမို့ပါ"



တောင်ပင်လယ်မိကျောင်းသည် လက်ကိုပြန်လည်ရုပ်သိမ်းလိုက်လေသည်။

"ကဲ. . မင်းရဲ့မိတ်ဆွေဆိုရင်တော့ ကျုပ်က အသက်ချမ်းသာပေးလိုက်မယ်"

ထိုစဉ် ချောက်ကမ်းပါးတစ်ဘက်မှ အသံများသည် ဆူညံစွာထွက်ပေါ်လာသည်။ တောင်ပင်လယ်မိကျောင်းသည် တန့်ဥအား တစ်ချက်လှည့်ကြည့်လိုက်ပြီး. .

"ငါသွားတော့မယ်၊ မင်းဆရာကို သွားပြီးချိန်းဖို့မမေ့နဲ့ဦး"

စကားဆုံးသွားသည်နှင့် သူသည် ချောက်ကမ်းပါးထဲသို့ခုန်ဆင်းသွားလေတော့သည်။

❋

စုအန်းသည် ဓားကိုယူလိုက်ပြီး ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်လေသည်။ သူ၏မျက်နှာပေါ်တွင် အားငယ်အားနာမှုနှင့် ရှက်နေသောအမူအရာတို့ဖြင့်ရောယှက်နေသည်။

သူသည် တန့်ဥအားဦးညွှတ်လိုက်သည်။

"အခုလို ကျုပ်ရဲ့အသက်ကိုကယ်လိုက်တဲ့အတွက် ကျေးဇူးမမေ့ပါဘူး"

တန့်ဥက ပြုံးလိုက်သည်။

"မလိုပါဘူးဗျာ၊ ကျုပ်ကခင်ဗျားကိုမြင်မြင်ချင်း ခင်မင်နေမိလို့ပါ"

"ဟုတ်ကဲ့- ကျုပ်လဲခင်ဗျားကိုမြင်မြင်ခြင်းခင်မင်မိပါတယ် ခင်ဗျားတို့ဇနီးမောင်နှံကို ကျွန်တော်ကစောင့်ရှောက်ပြီး ဒီနေရာက သွားကြရအောင်"

မုဝမ်းချင်ကအေးတိအေးစက်ဖြင့်. . .

"မလိုပါဘူးရှင်၊ ရှင့်ကိုယ်ရှင်သာ ဘေးမသီရန်မခဘဲ လွတ်အောင်သွားပါ"

စုအန်းသည် စကားဆက်မပြောတော့ဘဲ ခေါင်းငုံ့ကာ ထိုနေရာမှထွက်ခွါသွားလေတော့သည်။

❋

တန့်ဥသည် မုဝမ်းချင်အားကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခင်ဗျား သူ့ကို ဘာဖြစ်လို့ ရက်အောင်ပြောလိုက်တာလဲ၊ သူ့မှာ မျက်နှာတောင် မထားတတ်တော့ဘူး"

"ဘာလဲ ရှင်က ကျွန်မယောက်ျားဖြစ်သွားတာနဲ့ ကျွန်မကိုချုပ်ချယ်တော့မလို့လား၊ မရဘူးနော်၊ ကျွန်မစိတ်ဆိုးလာရင် ရှင့်ကိုသတ်လိုက်မှာပဲ"

တန့်ဥက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလိုမပြောပါနဲ့ဗျာ၊ ခုနက သေရေးရှင်ရေးနဲ့ကြုံနေလို့ တောင်ပင်လယ်မိကျောင်းကို အခြေအနေအရပြောလိုက်တာပါ၊ ဒီစကားကို ကျုပ်က အသိအမှတ်မပြုပါဘူးဗျာ"



မုဝမ်းချင်သည် ထိုင်ရာမှထလိုက်၏။ သူမ၏တစ်ကိုယ်လုံးမှာလည်း တဆတ်ဆတ်တုန်ခါနေသည်။

"ရှင် ဘာပြောတယ်၊ အသိအမှတ်မပြုဘူးဟုတ်လား၊ ရှင်က ကျွန်မကို မလိုချင်ဘူးဆိုပါတော့ ဟုတ်လား"

တန့်ဥက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ အခြေအနေအရသာ ပြောလိုက်တာပါ၊ ဒီစကားကိုမေ့ပျောက်လိုက်ပါဗျာ"

မုဝမ်းချင်သည် ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး. . .

"ဖြန်း. . ."

တန့်ဥ၏ပါးကို ရိုက်ချလိုက်လေသည်။

သူမသည် အားအင်ကုန်ခမ်းနေသဖြင့် ယင်းသို့ အားထုတ်လိုက်ရာ သူမ၏ခြေနှစ်ဖက်သည် မထိန်းနိုင်တော့ဘဲ ယိမ်းယိုင်၍ လဲကျသွားလေသည်။

တန့်ဥသည် သူမအား အချိန်မီပွေ့ပိုက်ထားလိုက်ရ၏။ သူတို့နှစ်ယောက်စလုံး မြေပေါ်သို့လဲကျသွားသည်။

မုဝမ်းချင်က သူ့အားတွန်းဖယ်လိုက်သည်။

"ရှင်လွှတ်စမ်းပါ"

တန့်ဥက သူမအားလက်လွှတ်လိုက်ပြီး ကျောက်တုံးပေါ်သို့မှီ၍ထိုင်စေလိုက်သည်။ သူသည် ကြိတ်၍သက်ပြင်းချမိ၏။

"အင်း- ဒီမိန်းကလေးက သူ့ကိုယ်သူ ဒဏ်ရာပြင်းထန်လွန်းလို့ ဘာတွေပြောနေမှန်းတောင် သိမှာမဟုတ်ဘူး၊ ကဲပါလေ- သူပြောသလိုပဲ ဗီးစင်ကြည့်ကရတော့မှာပေါ့"

သူသည် ယင်းသို့တွေးမိပြီးနောက်. . .

"ကဲ. . . စိတ်မဆိုးပါနဲ့နော်၊ အခု မင်းဗိုက်တော်တော်ဆာလိမ့်မယ်ထင်တယ်၊ စားစရာဘာများရှိသလဲလို့ **ကျုပ်သွားရှာလိုက်**ဦးမယ်"

"အို. . . ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ **ဒီတောင်**ထိပ်မှာ ဘာဆိုဘာမှစားစရာတွေ့မှာမဟုတ်ဘူး"

"ဒါဖြင့် ကျုပ် မင်းကိုကျောပိုးပြီးအောက်ဆင်းမယ်လေ"

မုဝမ်းချင်က ပြုံးလိုက်သည်။

"အင်း. . . ရှင့်ကိုယ်ရှင်တောင် ဆင်းတတ်ရဲ့**လား၊ ကျွန်မကိုကျောပိုးပြီး** ခေါ်သွားမယ်ဆိုတာ ရယ်စရာကောင်းလိုက်တာ"

တန့်ဥက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ခင်ဗျားဟာ မတ်တတ်ရပ်ဖို့တောင် မနိုင်တဲ့ဥစ္စာ ကျုပ် ဖြစ်တဲ့နည်းနဲ့ခင်ဗျားကို တောင်အောက်အထိ ခေါ်သွားရမှာပေါ့ဗျာ"

မုဝမ်းချင် ဝမ်းသာသွားသည်။

တန့်ဥက မိမိအပေါ် ဤမျှသံယောဇဉ်ကြီးနေသည်ကိုသိရသည့်အတွက် ကြည်နူးဝမ်းသာမိလေသည်။

ရုတ်တရက် တန့်ဥသည် ဗိုက်ကိုလက်နှစ်ဖက်ဖြင့်နှိပ်ကာ-

"အမလေးဗျ. . နာလိုက်တာ"

ဟု မခံမရပ်နိုင် အော်လိုက်လေသည်။

မုဝမ်းချင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟင်. . . ရှင်ဘာဖြစ်နေတာလဲ"



"မ- မသိပါဘူးဗျာ၊ ကျုပ်ဗိုက်တော်တော့ကိုနာနေတယ်"

မုဝမ်းချင် မျက်မှောင်ကုပ်သွားလေသည်။

"အင်း-စုခုံးရဲ့အဆိပ်အဆိပ်က တန်ခိုးပြနေပြီနဲ့တူတယ်"

"ဟုတ်ပြီ- ကျုပ်စားထားတဲ့အဆိပ်ဆေးဟာ အချိန်စေ့လာပြီနဲ့တူတယ်၊ အမလေးဗျ- နာလိုက်တာ"

သူသည် ဗိုက်ကိုနှိပ်၍အော်ဟစ်နေ၏။ မုဝမ်းချင်က ပွဲအား ရင်ခွင်ထဲသို့ ပွေ့ဖက်ထားလိုက်လေသည်။

"ရှင့်ကို ဟိုဆေးတိုက်ထားတာ အကြောင်းမထူးဘူးနဲ့တူတယ်"

"ဟုတ်တယ် ဗိုက် ဒါလောက်နာရင်တော့ ကျုပ်သေရလိမ့်မယ်ထင်တယ်"

မုဝမ်းချင်သည် မျက်ရည်များစီးဆင်းကျလာလေသည်။

"ရှင်မသေရဘူး၊ ရှင်မသေရဘူး။ ရှင်သေရင် ကျွန်မလဲသေမှာပဲ"

"အို. . . မုဝမ်းချင်ရယ် မိုက်လှပါဘိတော့၊ မင်းကအသက်ငယ်ငယ်ကလေးနဲ့ ဘာဖြစ်လို့လိုက်သေရမှာလဲ"

မုဝမ်းချင်၏မျက်ရည်များသည် ပို၍စီးဆင်းကျလာလေ၏။

"သေမှာပဲ၊ သေမှာပဲ၊ ရှင်မရှိရင်တော့ ကျွန်မ လောကကြီးမှာနေလို့ ဘာထူးမှာလဲ"

မုဝမ်းချင်၏စကားသည် သူ့အဖို့ဝမ်းသာဖွယ်ရာဖြစ်သည်။

သို့သော် သူသည် အမှန်တကယ် သေရမည်ဖြစ်သဖြင့် မုဝမ်းချင်အား ဖျောင်းဖျပြောဆိုလိုက်လေသည်။

"ဒီမှာမုဝမ်းချင်. . ."

"ရှင်. . ."

"မင်း ငါ့ကိုချစ်တယ်ဟုတ်လား"

မုဝမ်းချင်က ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကျုပ်ပြောမယ့်စကားကိုနားထောင်ရမယ်"

"ပြောပါရှင်"

"မင်းမသေရဘူး၊ ငါသေသွားရင် မင်း တစ်နေ့တစ်ခေါက် ငါ့ဂူကိုလာပြီး ပန်းခွေချပေးပါ၊ ဒါမှ ငါက မင်းလာတာကို တစ်နေ့ တစ်ကြိမ်မြင်ရမယ်မဟုတ်လား"

မုဝမ်းချင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး. . မဟုတ်ဘူး၊ ရှင်သေသွားရင် ကျွန်မလဲ လောကပေါ်မှာမနေတော့ဘူး"

ထိုစဉ် တန့်ဥ ဗိုက်ထဲမှနာကျင်ခြင်းသည် အနည်းငယ်ပြေပျောက်သွားပြန်သည်။ သူသည် မုဝမ်းချင်၏လှပချောမောသော မျက်နှာအား ငေးကြည့်နေသည်။

မုဝမ်းချင်သည် တကယ်ပင် အလှသရဖူဆောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူသည် ရင်ထဲ၌ ကိန်းအောင်း နေသောစကားလုံးများကို ထုတ်ဖော်မေးလိုက်လေသည်။

"ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ထူးထူးဆန်းဆန်းကျမ်းကျိန်ရတာလဲ၊ ပြောပြစမ်းပါဦး"

မုဝမ်းချင် သက်ပြင်းချလိုက်လေသည်။



"အင်း ရှင်က ကျွန်မယောက်ျားဖြစ်လာတဲ့အတွက် ကျွန်မ ပြောပြရမယ့်တာဝန်ရှိပါတယ်၊ အကြောင်းက ဒီလိုပါ. . ."

✻

"ကျွန်မဟာ မိဘမဲ့ကလေးတစ်ယောက်ပါ၊ မွေးဖွားပြီး နောက်ပိုင်းမှာရဲ့ ခွန့်ပစ်ခြင်းခံရပါတယ်၊ ကျွန်မကို မမျှော်လင့်ဘဲ တွေ့ခဲ့တဲ့ကျွန်မဆရာက ခေါ်သွားပြီး ပြုစုစောင့်ရှောက်ခဲ့ပါတယ်၊ ကျွန်မကို သိုင်းပညာသင်ကြားပေးပါတယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်မဆရာက ယောက်ျားတွေကိုတော်တော်မုန်းတယ်၊ သူကကျွန်မကိုပြောပြပါတယ်၊ ယောက်ျားများဟာ ကျွန်မရဲ့ရုပ်ရည်ကိုတွေ့တာနဲ့ ကျွန်မကိုမရရအောင် ကြံစည်ကြလိမ့်မယ်လို့ပြောပါတယ်၊ ဒါကြောင့် ကျွန်မဆရာက ကျွန်မကို ငယ်ငယ်ကတည်းက မျက်နှာကို အဝတ်နဲ့ပြည်းပေးခဲ့ပါတယ်၊ ကျွန်မ ဆယ့် ခြောက်နှစ်အရွယ်အထိ ကျွန်မဆရာမှအပ ဘယ်သူ့ကိုမှမတွေ့ခဲ့ပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက ဆရာက ကျွန်မကို ကိစ္စတစ်ခုဆောင်ရွက်ဖို့ လွှတ်လိုက်ပါတယ်"

တန့်ဥက ကြားဖြတ်မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားအသက်ဟာ ဒီနှစ်ဆိုရင် ဆယ့်ရှစ်နှစ် ရှိပြီပေါ့"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျုပ်ထက် နှစ်နှစ်ငယ်တယ်၊ ကျုပ်က အသက်နှစ်ဆယ်ရှိပြီ"

မုဝမ်းချင်ကခေါင်းညိတ်၍ စကားဆက်လိုက်သည်။

"ကျွန်မ ဆရာ့ဆီကထွက်ခွါလာခဲ့တဲ့အခါ ဆရာက ကျွန်မကိုကျမ်းကျိန်ခိုင်းပါတယ်၊ ကျွန်မရဲ့ မျက်နှာကို တွေ့မြင်သွားတဲ့လူကို ယောကျ်ားအဖြစ် ကျွန်မကယူရမယ်၊ တကယ်လို့ မယူနိုင်ရင်တော့ ကျွန်မကသူ့ကိုသတ်ပစ်ရမယ်၊ တကယ်လို့ ကျွန်မကိုယူတဲ့ယောကျ်ားက သစ္စာဖောက်ပြီးစွန့်ပစ်သွားရင် ကျွန်မက သူ့ကိုသတ်ပစ်ရမယ်"

တန့်ဦသည် ထိုစကားကိုကြားလိုက်ရသော အခါကျောချမ်းသွားမိလေသည်။ လူများသည် ကျမ်းအမျိုးမျိုးကျိန်လေ့ရှိသည်။

သို့သော် ဤကဲ့သို့ကျမ်းကျိန်နည်းမျိုးကိုမူ ယခုမှပင် သူကြားဖူးလေသည်။ မုဝမ်းချင်က စကားဆက်လိုက်သည်။

"ကျွန်မ ဆရာ့ဆီကထွက်လာတဲ့အခါမှာ ဆရာခိုင်းတဲ့အလုပ်ကို ကျွန်မက ဘာတစ်ခုမှမလုပ်ဖြစ်ဘဲ ရန်သူတွေနဲ့ပဲတွေ့နေရပါတယ်၊ အမှန်ပြောရရင် ကျွန်မသတ်ပစ်တဲ့လူတွေဟာ ကျွန်မမျက်နှာဖုံးကိုချွတ်ဖို့ ကြိုးစားခဲ့တဲ့လူတွေချည်းပါပဲ"

ယခုမှ မုဝမ်းချင်ကဲ့သို့ နုနယ်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်တွင် ဤမျှရန်သူများပြားနေခြင်းကို တန့်ဦနားလည်သဘောပေါက်သွားတော့သည်။ တန့်ဦ သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ်၊ ခင်ဗျားက မိန်းကလေးတစ်ယောက်ထဲဆိုတော့ လူတွေက စော်ကားချင်ကြတာပေါ့၊ အဲဒီလို စိတ်ကူးပေါက်မိတာနဲ့ သူတို့ရဲ့အသက်ဟာ သေသွားရတာပေါ့"

"ဟုတ်ပါတယ်ရှင်- ကျွန်မက သူတို့ကိုသတ်လိုက်တော့ သူတို့ရဲ့မိန်းမတစ်ချို့နဲ့ သူတို့ရဲ့ဆရာတွေ၊ ညီအစ်ကို မောင်နှမတွေဟာ



ကျွန်မကို ကလဲ့စားချေဖို့ လိုက်ရှာကြတော့တာပေါ့"

"နေပါဦး- ခင်ဗျားက ကြုံးဝမ်းရှအိမ်မှာ နေသေးတယ်ဟုတ်လား"

"ဟုတ်ပါတယ်- ကျွန်မနောက်မှာ ရန်သူတွေဝိုင်းနေလို့ မှုကိုဆီသွားပြီးရှောင်နေတာပါ၊ သူတို့လင်မယားကတော့ ကျွန်မအပေါ်ကောင်းရှာပါတယ်၊ ဒါပေမယ့် သူတို့က ကျွန်မနာမည်ကို အလွဲသုံးစားလုပ်တော့ ကျွန်မ စိတ်ဆိုးတာပေါ့ရှင်"

သူမသည် မောဟိုက်လာသဖြင့် စကားကိုခေတ္တရပ်လိုက်လေသည်။ အတန်ကြာမှ စကားကိုဆက်လိုက်သည်။

"ရှင့်ကိုတွေ့တုန်းက ရှင်လဲ တခြားယောကျ်ားတွေလို သစ္စာမရှိဘူးလို့ထင်နေမိတာ၊ ရှင်က ကျွန်မရဲ့မြင်း နှင်းဆီနက်ကို ငှါးသွားပြီး ကျွန်မမှာအန္တရာယ်နဲ့ကြုံနေရတာသိလို့ ပြန်လာပြီး သတင်းပေးတော့ ကျွန်မအံ့ဩသွားတယ်၊ ရှင်ဟာ တခြားယောကျ်ားတွေထက်သစ္စာရှိတယ်ဆိုတာ ကျွန်မသိလိုက်ရတယ်၊ ဒါကြောင့် တောင်ပင်လယ်မိကျောင်းက ကျွန်မရဲ့ မျက်နှာဖုံးကိုချွတ်ဖို့ ကြိုးစားတဲ့အခါမှာ ရှင့်ကို ကျွန်မရဲ့မျက်နှာပြလိုက်ရတာပဲ"

မုဝမ်းချင်သည် ယင်းသို့ပြောရင်း တန့်ဦအား စိုက်ကြည့်နေသည်။ တန့်ဦ မျက်မှောင်ကုပ်သွားလေသည်။

"ဟာ. . . သူ ငါ့အပေါ် သံယောဇဉ်ရှိနေပြီလား"

ယင်းသို့စဉ်းစားရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ခုနကိစ္စကတော့ အခြေအနေအရလုပ်ကြတာပါ၊ ဒါကို မေ့ထားလိုက်ပါတော့ဗျာ"

မုဝမ်းချင်က ဒေါသချောင်းချောင်းထွက်သွား၏။

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရှင် ကျွန်မကို မယူနိုင်ဘူးဆိုရင် ကျွန်မ ကျိမ်းကျိန်ထားတဲ့အတိုင်း ရှင့်ကိုသတ်ရတော့မှာပဲ"

တန့်ဉသည် ကပျာကယာရှင်းပြမည်အပြုတွင် သူ၏ဝမ်းဗိုက်သည် ရုတ်တရက်နာကျင်လာပြန်လေ၏။

လက်နှစ်ဘက်ဖြင့် ဝမ်းဗိုက်ကိုကိုင်ရင်း. . .

"အမလေး နာလိုက်တာဗျာ"

မုဝမ်းချင်က သူ့အား စိုက်ကြည့်လိုက်သည်။

"ပြော. . . ရှင် ကျွန်မကိုယူမလား မယူဘူးလားဆိုတာ"

"အမလေးဗျ၊ ကျုပ်ဗိုက်နာလွန်းလို့ပါ"

မုဝမ်းချင်က အသံကိုမြှင့်လိုက်ပြီး. . .

"ဒီမှာ ကျွန်မမေးနေတာ မကြားဘူးလား၊ ရှင် ကျွန်မကို ယူမှာလား၊ မယူဘူးလား"

တန့်ဉသည် ဝမ်းဗိုက်အလွန်နာလာသဖြင့် သူသည် မကြာမီသေဆုံးသွားလိမ့်မည်ဟု ယုံကြည်နေသည်။

"အင်း. . ငါမကြာမီသေတော့မှာပဲ၊ ငါငြင်းလိုက်ရင် သူ စိတ်ကောင်းမှာ မဟုတ်ဘူး၊ သူစိတ်ချမ်းသာအောင် ပြောမှဖြစ်မယ်"

သူသည် ယင်းသို့တွေးမိပြီး ခေါင်းညိတ်လိုက်သည်။

"ကျုပ်. . . ကျုပ်သဘောတူပါတယ်"

မုဝမ်းချင်သည် တန့်ဉအား အဆိပ်မြားဖြင့်ပစ်ရန် ဟန်ပြင်ထားရာမှ တန့်ဉ လက်ခံလိုက်သည့်စကားကိုကြားလိုက်ရသဖြင့် ဝမ်းသာသွားလေသည်။



"ဟင်. . . ရှင် တကယ်ပြောတာလား"

"တကယ်ပြောတာပါ"

မုဝမ်းချင်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး-

"ကဲ. . . ကဲ ကျွန်မ ရှင့်ဗိုက်ကိုနှိပ်ပေးမယ်"

သူမသည် ပြောရင်း တန့်ဉ၏ဗိုက်ကိုနှိပ်ပေးနေသည်။

ယင်းသို့နှိပ်ပေးနေရင်း သူမ၏လက်သည် မာကျောသော အရာတစ်ခုအားစမ်းမိသဖြင့် ထုတ်ယူကြည့်လိုက်ရာ ဗူးကလေး တစ်ဗူးဖြစ်နေသည်ကို တွေ့ရလေသည်။

"ဟင်- အဲဒါဘာလဲ"

သူမသည် ထိုဗူး၏အတွင်းတွင် လှုပ်လှုပ်ရွရွဖြစ်နေသည်ကို တွေ့ရသဖြင့် နားနှင့်ကပ်၍ နားထောင်ကြည့်သည်။

အတွင်းမှအသံကိုနားထောင်ရင်း အဖုံးကိုဖွင့်နေသည်။

တန့်ဉက ကပျာကယာဟန့်တားလိုက်သည်။

"သွားမဖွင့်ပါနဲ့ဗျာ. . . တော်ကြာ အထဲကအကောင်ထွက်သွားပါ့မယ်"

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"မဖွင့်ရဘူးလို့ ဘယ်သူကပြောတာလဲ"

"ကြုံးလင်ကပြောတာပါ"

"ကြုံးလင်ကပြောရင် ကျွန်မ ဖွင့်ဖြစ်အောင်ကိုဖွင့်မယ်"

သူမသည် အဖုံးကိုဖွင့်လိုက်၏။

ဗူးအတွင်းမှ တစ်ကိုယ်လုံးနီရဲနေသောဖားပြုပ်တစ်ကောင်အား တွေ့မြင်လိုက်ရလေသည်။

ထိုဖားပြုပ်သည် နှစ်လက်မခန့်သာကြီးသည်။

ဖားပြုပ်သည် အလင်းရောင်အားတွေ့လိုက်သည်နှင့်-

"အုံး. . . အုံး. . . အုံး"

ဟု အော်လိုက်လေသည်။

အကောင်သေးသော်လည်း သူ၏အသံမှာမူ အလွန်ကျယ်လောင်သည်။ တန့်ဥနှင့်မုဝမ်းချင်တို့ပင် ထိတ်ခနဲဖြစ်သွားကြ၏။

မုဝမ်းချင်သည် ထိတ်လန့်ကာ ထိုဗူးကို မြေပေါ်သို့လွှတ်ချလိုက်သည်။ တန့်ဥက လျင်မြန်စွာ အဖုံးကိုယူ၍ကပျာကယာဖုံးချလိုက်၏။

အဖုံးဖုံးလိုက်သည်နှင့် ဖားပြုပ်မှာ လုံးဝမအော်တော့ပါ။

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"ဟုတ်ပြီ- ကျွန်မ ဒီဖားပြုပ်ကိုသိပြီ၊ ကျွန်မဆရာကပြောဖူးတယ်"

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး. . .

"အင်း. . . သတိရပြီ၊ ဒီဖားပြုပ်ကို နွားကြီးဖားပြုပ်လို့ခေါ်တယ်၊ မြွေကိုနိုင်တဲ့ဖားပြုပ်တစ်မျိုးပဲ၊ သူက ဘာဖြစ်လို့ ကြိုးလင်လက်ထဲရောက်လာရတာလဲ"

တန့်ဥသည် ရုတ်တရက် မြေပေါ်သို့ညွှန်ပြလိုက်သည်။

"ကြည့်စမ်း- ကျုပ်ခါးမှာချည်ထားတဲ့ ချင်းလိမ်ငွေမြွေလဲ အောက်ပြုတ်ကျနေပါလား"

ထိုစဉ်မှာပင် မြက်တောထဲသို့ ရောက်ရှိနေသော ချင်းလိမ်မြွေလည်းပြန်လည်ထွက်လာပြီး မုဝမ်းချင်၏ ခြေထောက်ရှေ့တွင် [illegible]မပွက်ငြိမ်နေတော့သည်။ မုဝမ်းချင် သဘောကျသွား၏။



"ဟာ. . ဒီဖားပြုပ်က မြွေကိုတောင်ခေါ်နိုင်တယ်၊ တို့ ထပ်[illegible]ကြည့်ရအောင်"

တန့်ဥမှာ ဟန့်တားရန် မနိုင်တော့ပါ။

မုဝမ်းချင်က ဗူးအဖုံးကိုဖွင့်လိုက်သည်။ အလင်းရောင်[illegible]တွေ့သည်နှင့် ဖားပြုပ်ကလေးသည်. . .

"အုံး. . အုံး. . အုံး"

ဟု ထပ်မံအော်လိုက်လေသည်။

တန့်ဥကရယ်မောလိုက်သည်။

"ဒီဖားပြုပ်ဟာ ဒီလောက်သေးသေးလေးနဲ့ သူ့အသံက [illegible]တော်ကျယ်ပါလားဗျ"

ဖားပြုပ်၏အသံသည် အလွန်ကျယ်လောင်သဖြင့် တန့်ဥ[illegible]ကို ဖုံးလွှမ်းသွားသည်။

"ရှင် ဘာပြောနေတာလဲ"

မုဝမ်းချင်က အသံခပ်ကျယ်ကျယ်ဖြင့်မေးလိုက်သည်။

တန့်ဥက ပြုံးပြပြီးခေါင်းခါယမ်းလိုက်သည်။

ဖားပြုပ်၏အသံသည် အဆက်မပြတ်ထွက်ပေါ်လာရာ [illegible]ပါချေ။ တရှီရှီအော်သံများကို ကြားလိုက်ရသည်။

မုဝမ်းချင်သည် ဝဲဘက်သို့ညွှန်ပြလိုက်သည်။

"ဟိုမှာကြည့်စမ်း"

တန့်ဥလှမ်းကြည့်လိုက်ရာ နေရောင်ခြည်အောက်တွင် မြွေ[illegible]ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

သူတို့ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

တန့်ဥက ကျောက်တုံးနှစ်တုံးအား ကောက်ကိုင်ထားလိုက်သည်။ မကြာပါချေ။ မြွေများ စုရုံးရောက်ရှိလာကြသည်။

မြွေစိမ်း၊ မြွေဝါ၊ တစ်ကိုယ်လုံးဖြူဆွတ်သောမြွေများ၊ မည်းမှောင်နေသောမြွေများ၊ ရောင်စုံအကွက်ရှိသောမြွေများပါဝင်သည်။

တစ်လံကျော်ကျော်ရှိသောမြွေမှအစ ဆယ်လက်မခန့် ရှိသောမြွေအထိ များပြားလှပေသည်။ ယင်နန်နယ်တွင် မြွေအလွန်ပေါများသည်မှာ မဆန်းပါချေ။

သို့သော် ဤမျှများပြားသောမြွေများကိုမူ တန့်ဥ တစ်ကြိမ်တစ်ခါမှမတွေ့မြင်ခဲ့ဘူးချေ။

ထိုမြွေများသည် အကောင်လေးငါးရာခန့်ရှိမည်ဟု ထင်ရလေသည်။ ထိုမြွေများသည် သူတို့ထံသို့ရောက်ရှိလာသောအခါ ဦးခေါင်းကိုအောက်ချလိုက်ပြီး အလွန်လိမ္မာယဉ်ကျေးနေသည်ကို တွေ့ရလေသည်။

မုဝမ်းချင် ထိတ်လန့်တုန်လှုပ်လာသည်။ ဗူးထဲမှဖားပြုပ်ငယ်သာ အဆက်မပြတ်အော်နေလျှင် ရှိရှိသမျှမြွေများ အဆက်မပြတ်ရောက်ရှိလာလိမ့်မည်ဟု ရိပ်စားမိလိုက်လေသည်။

ထို့ကြောင့် ဗူးအဖုံးကိုလျင်မြန်စွာပိတ်လိုက်သည်။

ဖားပြုပ်၏အသံသည် ရပ်တန့်သွားသော်လည်း မြွေများသည် လှုပ်ပင်မလှုပ်ပါ။ ငြိမ်သက်စွာဖြင့်ရပ်နေကြ၏။

ဤမျှများပြားလှသောမြွေများ ရောက်ရှိလာကြပြီဖြစ်သော်လည်း သူတို့နှစ်ယောက်နှင့်သုံးပေခန့်အကွာတွင်သာ ရပ်တန့်သွားကြလေသည်။ ရှေ့သို့ မြွေတစ်ကောင်မှထွက်လာခြင်းမရှိပါ။



မုဝမ်းချင်သည် တန့်ဥ၏ပခုံးကိုမှီကာ ထလိုက်သည်။

"တို့ သွားကြည့်ကြရအောင်"

သူမသည်ပြောရင်း ရှေ့သို့ ခြေတစ်လှမ်းချင်းလှမ်း၍ ထွက်သွားလေသည်။ သူတို့ရှေ့မှမြွေများသည် ဝဲယာတစ်ဘက်တစ်ချက်သို့ရှောင်ရှားသွားပြီး လမ်းတစ်ခုအဖြစ် ဖယ်ပေးကြလေသည်။

မုဝမ်းချင်သည် ဝမ်းသာသွားလေ၏။

"ဟာ. . . ဒီဖားပြုပ်ကလေးက တော်တော့်ကိုထူးဆန်းနေပါလား"

သူမသည်ပြောရင်း ရှုတ်တရက် တစ်စုံတစ်ခုကိုသတိရလိုက်လေသည်။

"အင်း. . . ဒီလောက် တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းတစ်ခုကို ကျုံးလင်က ရှင့်ကိုဘာဖြစ်လို့ပေးလိုက်ရတာလဲ"

တန့်ဥပြုံးလိုက်သည်။

"သူက ကျုပ်ကိုငှါးလိုက်တာပါ၊ ဒီဗူးရှိမှပဲ ချင်းလိမ်မြွေကို နိုင်းနိုင်မယ်မဟုတ်လား"

တန့်ဥသည်ပြောရင်း ဝမ်းဗိုက်ထဲမှနာကျင်လာပြန်သဖြင့် လက်ထဲမှကျောက်တုံးကိုပစ်လွှင့်ပြီး မြေပေါ်သို့ ထိုင်ချလိုက်လေသည်။

"ရှင် ဘာဖြစ်နေတာလဲ"

"ဗိုက်. . ဗိုက်နာလို့ပါ"

တန့်ဥသည် လက်နှစ်ဖက်ဖြင့် ဝမ်းဗိုက်ကိုနှိပ်ကာ ညည်း

ညူနေသည်။ မုဝမ်းချင်သည် သူ့အားဖေးမ၍ ဝမ်းဗိုက်ကိုနှိပ်ပေးပြီး လေသည်။

"ကျုပ်တော့ သေရလိမ့်မယ်ထင်တယ်ဗျာ"

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"အို- ကျွန်မဆရာကပြောပြဘူးတယ်၊ အဆိပ်ကိုအဆိပ်နဲ့ ဖြေမှပျောက်တယ်တဲ့"

သူမသည်ပြောရင်း တန့်ဥကိုစိုက်ကြည့်နေသည်။

"ရှင်. . . မြွေကိုစားဝံ့ရဲလား"

"ဘာလုပ်မလို့လဲ"

"မြွေဟာ အဆိပ်တော်တော်ပြင်းတယ်၊ မြွေရဲ့အဆိပ်ဟာ ရှင့်ဗိုက်ထဲကအဆိပ်ကို ချေဖျောက်သွားမလားမသိဘူး"

ထိုစဉ်မှာပင်. . .

"ဟဲ. . . ဟဲ. . ဟဲ အတော်ပဲ မင်းတို့သေပြီလို့ ထင်နေတာ၊ အခုတော့ မသေသေးဘဲကိုး၊ ကဲ. . . အသာတကြည်ကျုပ်တို့နောက် ကိုလိုက်ခဲ့ပါ"

တန့်ဥနှင့်မုဝမ်းချင်တို့ အသံလာရာသို့ ပြိုင်တူလှည့်ကြည့် မိလိုက်ကြသည်။ အဝါရောင်ဝတ်ဆင်ထားသော လူလေးယောက်ကို တွေ့မြင်လိုက်ရလေသည်။

အဝါရောင်ဝတ်ဆင်ထားသောလူလေးယောက်သည် မြွေ များရှိနေဖြင့် ရှေ့တိုးလာနိုင်စွမ်းမရှိဘဲ အဝေးမှရပ်နေကြသည်ကို တွေ့ရလေသည်။

"မင်းတို့က ဘယ်သူတွေလဲ"



တန့်ဥက လှမ်းမေးလိုက်သည်။

"ကျုပ်တို့ဆရာက တောင်ပင်လယ်မိချောင်းပါ၊ ကျုပ်တို့ ဆရာရဲ့အမိန့်အရ ခင်ဗျားတို့ကိုလာခေါ်တာ"

တန့်ဥ မျက်မှောင်ကုပ်သွား၏။

"ကျုပ်တို့ ဘာဖြစ်လို့လိုက်ရမှာလဲ၊ မလိုက်ဘူး"

ထိုလူလေးယောက်သည် အချင်းချင်း တစ်ချက်ပြန်ကြည့် လိုက်၏။ သူတို့သည် ရှေ့သို့တိုးရန်မှာလည်း မြွေများကပိတ်ဆို့ထား ပြင့် ရှေ့သို့ မတိုးဝံ့ချေ။

သူတို့သည် တန့်ဥအား မည်သို့ဖမ်းဆီးရမည်ကို တိုးတိုး တိုင်ပင်နေကြစဉ်မှာပင် လူတစ်ယောက်သည် ချောက်ကမ်းပါး အောက်မှတက်ရောက်လာသည်ကို တွေ့လိုက်ရသည်။

"ဟေ့- မင်းတို့ ဒါလောက်ကြာကြာ နိုင်းလိုက်တာတောင် မှုကိ တာမှမပြီးသေးဘူးလား"

ထိုလူကား တောင်ပင်လယ် မိကျောင်းဖြစ်ပါသည်။

အဝါရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် ကိုက်လန့်တုန်လှုပ်သွားကြ၏။ ကဗျာကယာ ဒူးထောက်လိုက်ပြီး-

"သူတို့ကို မြွေတွေဝိုင်းထားလို့ မသွားဝံ့တာပါ ဆရာကြီး"

တောင်ပင်လယ်မိကျောင်းသည် တစ်ချက်ကြည့်လိုက်ရာ ရာပေါင်းများစွာသောမြွေများသည် တန့်ဥတို့နှစ်ယောက်အား ဝိုင်းရံ ထားသည်ကိုတွေ့လိုက်ရသည်။

သူသည် မျက်မှောင်ကုပ်သွားပြီး ထိုအဝါရောင်ဝတ်ထား သော လူလေးယောက်အား. . .

"မင်းတို့ အတော် အသုံးမကျတဲ့ကောင်တွေ သွားကြစမ်း"

အဝါရောင်ဝတ်ဆင်ထားသောလူလေးယောက်သည် ထို နေရာမှ ကပျာကယာပြေးလွှားထွက်ခွါသွားကြလေတော့သည်။

❋

တောင်ပင်လယ်မိကျောင်းသည် ထိုမြွေများကို တစ်ချက် ကြည့်လိုက်သည်။ သူ၏စိတ်ထဲတွင် ဤမျှများပြားသော မြွေများသည် အဘယ်ကြောင့်ရောက်ရှိလာသည်ကို စဉ်းစား၍မရပါ။

သူသည် မြွေများဝိုင်းရံထားသောတန့်ဥအား ကြည့်လိုက်သည်။

"တဲ- သူငယ်၊ မင်းငါ့နောက်လိုက်မလား၊ မလိုက်ဘူးလား"

တန့်ဥ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မလိုက်ဘူး"

တောင်ပင်လယ်မိချောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"အေး- မင်း မလိုက်ရင် လိုက်အောင်လုပ်ရမှာပဲ"

သူသည် ယင်းသို့ပြောဆိုပြီးနောက် ကျောက်တုံးကလေး များကိုကောက်ယူလိုက်ပြီး မြွေများကိုပစ်ပေါက်လိုက်လေသည်။

ကျောက်တုံး ကျောက်ခဲများသည် မိုးသီးမိုးပေါက်ကဲ့သို့ မြွေများအပေါ် အဆက်မပြတ်ကျရောက်သွားလေသည်။

အချို့မြွေများသည် ကျောက်တုံးကျောက်ခဲများထိမှန်ပြီး သေဆုံးသွားသည်။



ကျန်မြွေများသည် ဝဲယာတစ်ဘက်တစ်ချက်သို့ တိမ်းရှောင် [illegible]ကြသည်။ တောင်ပင်လယ်မိကျောင်းသည် မြွေများဖယ်ရှားသွား သောလမ်းအတိုင်း ခြေလှမ်းကျဲကျဲဖြင့်လျှောက်သွားပြီး မုဝမ်းချင်၏ လက်ကိုဆွဲကာ ပခုံးပေါ်သို့တင်လိုက်သည်။

"ဟေ့လူ- ဒါဘာလုပ်တာလဲဗျ"

တန့်ဥက ဟန့်တားလိုက်သည်။

တောင်ပင်လယ်မိကျောင်းက ပြုံးပြလိုက်သည်။

"စိတ်ချပါ၊ ကျုပ် သူ့ကိုမသတ်ပါဘူး၊ မင်းသာ ငါ့နောက် လိုက်ခဲ့၊ ငါ့ကိုဆရာပဲလို့တပည့်ခံမှ ကျုပ် သူ့ကိုလွှတ်မယ်၊ ဒါပဲ"

သူသည် ဤသို့ပြောပြီး မုဝမ်းချင်အား ပခုံးပေါ်ထမ်းပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

တန့်ဥက နောက်မှလိုက်မည်အပြုတွင် မြွေများသည် လှုပ် လှုပ်ရွရွဖြစ်လာသဖြင့် ရင်ထိတ်ကာ ရှေ့သို့မသွားဝံ့ဘဲရပ်နေရ၏။

ပခုံးပေါ်ပါလာသောမုဝမ်းချင်သည် လက်ထဲမှဗူးကလေး ကို ပစ်ပေးလိုက်သည်။

"ဟောဒီဗူးကလေးကို ဖမ်းယူထားလိုက်"

ဗူးကလေးသည် တန့်ဥလက်ထဲရောက်လာမှ ခေါင်းထောင် ကြ၊ လှုပ်လှုပ်ရွရွဖြစ်နေသောမြွေများသည် ပြန်လည် ငြိမ်သက်သွား ကြလေတော့သည်။

❋

တောင်ပင်လယ်မိကျောင်းသည် ချောက်ကမ်းပါးနှုတ်ခ
သို့ရောက်ရှိလာသောအခါ လှည့်၍ပြုံးပြလိုက်သည်။

"ဒီမှာသူငယ်ချင်း မင်းက ငါနဲ့သိပ်တူတယ်၊ ဒါကြောင့် မ
ကို ငါ့တပည့်အဖြစ်မွေးရလိမ့်မယ်"

သူသည် ချောက်ကမ်းပါးတစ်ဘက်မှ တောင်ကုန်းတ
ပေါ်ညွှန်ပြလိုက်ပြီး. . .

"ကျုပ် ဟိုတောင်ထိပ်ကစောင့်နေမယ်။ မင်း ငါ့ဆီလာ
တပည့်ခံရင် မင်းမိန်းမကိုပြန်ပေးမယ်၊ မင်း မလာရင်တော့-"

သူသည် လက်ဝါးဖြင့် မုဝမ်းချင်း၏လည်ကုတ်ကို ခုတ
မည့်ဟန်ဖြင့်ပြလိုက်သည်။

"မင်း မိန်းမ လည်ပင်း ပြတ်သွားမယ်ဆိုတာ မင်းနားလ
ထားစမ်းပါ"

ယင်းသို့ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ တောင်အော
သို့ ပြေးဆင်းသွားလေသည်။ တန်ဥ ချောက်ကမ်းပါး နှုတ်ခမ်း
ရောက်ရှိသောအခါ တောင်ပင်လယ်မိကျောင်း၏ ခန္ဓာကိုယ်သ
တိမ်မြူများကြား ပျောက်ကွယ်သွားသည်ကိုတွေ့လိုက်ရလေသ

တောင်ပင်လယ်မိကျောင်းသည် မုဝမ်းချင်ကိုပခုံးပေါ်
ထမ်းကာ လျင်မြန်စွာပြေးလွှားသွားနေသည်။ မုဝမ်းချင်က. . .

"ရှင် ကျွန်မကိုခေါ်လာတာထားပါ၊ ကျွန်မ ယောကျ်



ကိုယ်ပညာ လုံးဝမှမတတ်ဘဲ ဒီချောက်ကမ်းပါးထိပ်က ဘယ်လိုလုပ်
မင်းလာနိုင်မှာလဲရှင့်"

တောင်ပင်လယ်မိကျောင်းသည် ထိုစကား ကြားရသော
အခါ ခြေလှမ်းရပ်တန့်သွားလေသည်။

"ဟုတ်သားပဲ၊ ကျုပ် ဒါကိုမစဉ်းစားမိဘူး"

သူသည် အရှေ့စူးစူးတောင်ပေါ်သို့ခေါင်းမော့ကာ ကျယ်
လောင်စွာ အော်ဟစ်လိုက်လေသည်။

"ဝူး. . . ဝူး. . . ဝူး. . ."

သူ၏အသံသည် တောင်ကုန်းတစ်ခုလုံးပဲ့တင်ထပ်သွား
လေသည်။ သူ၏အသံဆုံးသွားသည်နှင့်-

"ဝူး. . . ဝူး. . ."

ဟူသောအသံတစ်သံကို သဲ့သဲ့ကြားလိုက်ရလေသည်။

"ဟေ့- မင်းတို့ ဟိုဘက်တောင်ကုန်းမှာရှိနေတဲ့ ငါ့တပည့်
ကို သွားခေါ်ခဲ့"

"ဟုတ်ကဲ့- ဆရာကြီး"

တောင်ထိပ်မှ အသံများ ပြန်လည်ထွက်ပေါ်လာသည်။

လူဆယ့်လေးယောက်ခန့် တစ်ပြိုင်တည်း အော်လိုက်သော
အသံနှင့်တူလှသည်။ တောင်ပင်လယ်မိကျောင်းသည် ရှေ့သို့ဆက်၍
လျှောက်သွား၏။

"ကဲ- မင်း ဘာမှစိတ်မပူနဲ့တော့၊ မင်းယောကျာ်းကို
ကျုပ်လူတွေက သွားခေါ်လာလိမ့်မယ်၊ မင်း သူ့ကိုသာ ချော့မော့ပြီး
ငါ့ကကနားထောင်ခိုင်းလိုက်ပါ။ ဒါပဲ"

မုဝမ်းချင် သက်ပြင်းတစ်ချက်ချလိုက်သည်။

လက်ထဲမှ အဆိပ်မြားတစ်စင်းယူပြီး တောင်ပင်လယ်မိကျောင်း၏ကျောပေါ် စိုက်ချမည်ဟု စိတ်ကူးမိသည်။

သို့သော် တောင်ပင်လယ်မိကျောင်း ဝတ်ဆင်ထားသော အကျီများမှာ မိမိ၏မြားနှင့်လည်းပစ်၍မရေ၊ ဓားနှင့်လည်း ထိုး၍ မပေါက်နိုင်သောအရာဖြစ်ကြောင်းရိပ်စားမိသဖြင့် သူမသည် ချီတုံချတုံ ဖြစ်နေလေသည်။

တောင်ပင်လယ်မိကျောင်းက ရယ်မောလိုက်သည်။

"ဘာလဲ မင်းက ငါ့ကိုလုပ်ကြံဖို့စိတ်ကူးနေတယ်ဟုတ်လား မင်းစိတ်ကူးမလွဲပါနဲ့ကွာ၊ မင်းဒီလိုကြံမိရင် မင်းယောကျ်ားမျက်နှာကို မတွေ့ရဘဲ သေသွားမှာပေါ့"

မုဝမ်းချင် ရင်ထိတ်သွားသည်။ မည်သို့ဆိုစေ သူမသည် တန်ဥနှင့်ထပ်မံတွေ့ဆုံရန် စိတ်ဆန္ဒပြင်းပြနေလေသည်။

"ဘာပဲဖြစ်ဖြစ် သူ့ကိုတော့စောင့်ရမှာပဲ၊ သူ ငါ့ကိုချစ်ရင်တော့ ရောက်အောင်လာမှာပဲ၊ သူ ရောက်မလာမှ ငါ့ကိုယ်ငါ သတ်သေပစ်မယ်"

✕

တောင်ပင်လယ်မိချောင်းသည် နှင်းများ ဖုံးအုပ်နေသော တောင်တစ်ခုပေါ်သို့ စတင်တက်နေလေသည်။

သူသည် တောင်ပေါ်သို့တက်ရင်း. . .

"ဟေ့- မင်းမျက်နှာကိုအဝတ်ဖုံးထားရဲ့လား"



"ဖုံးထားပါတယ်"

"ကောင်းတယ်၊ တော်ကြာ ငါ့ဆီရောက်လာမယ့်လူ တွေ့မှာရင် မလွယ်ဘူးကွ"

"သူတို့ကဘယ်သူတွေလဲ၊ ရှင့်တပည့်ရဲ့မိန်းမကို ဘယ်သူက ခေါ်ကားဝံ့မှာလဲ"

တောင်ပင်လယ်မိကျောင်း ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

"မင်းမသိဘူးကွ၊ ဒီလူတွေရဲ့သိုင်းပညာဟာ ကျုပ်လောက် မမြင့်မြင့်ပေမယ့် သူတို့ကကျုပ်ထက် နာမည်အမှတ်စဉ်ကြီးတယ်၊ မင်းက ငါ့တပည့်ရဲ့မိန်းမပဲဖြစ်ဖြစ် သူတို့ကတော့ ချမ်းသာပေးမှာမဟုတ်ဘူး"

မုဝမ်းချင် ရင်ထိတ်သွားသည်။

"ဒါလောက်တောင်ပဲလား၊ သူတို့ကဘယ်သူတွေလဲ"

"တောင်ပင်လယ်မှာ လူဆိုးလူမိုက်လေးယောက်ဆိုတာ မင်း ကြားဖူးသလား"

မုဝမ်းချင် အနည်းငယ်စဉ်းစားလိုက်သည်။

"ဆရာပြောတာ ကြားဖူးသလိုလိုပဲ"

"အေး- လူဆိုးလူမိုက်ဆိုတာ ကျုပ်အပါအဝင်လေးယောက် ပေါ့၊ လူမိုက်ကြီးလေးယောက်ထဲမှာ ကျုပ်က အမှတ်စဉ်သုံးကွ"

"အိုး- မဟုတ်တာ၊ ရှင့်ရဲ့သိုင်းပညာဟာ လောကပေါ်မှာ ယှဉ်ပြိုင်နိုင်တဲ့လူ မရှိသလောက်လို့ ကျွန်မထင်မိတယ်"

"ဟုတ်တယ်- ဒါ့ကြောင့် ကျုပ်မခံချင်တာနဲ့ သူတို့နဲ့ ခဏခဏ ယှဉ်ပြိုင်နေရတာပေါ့"

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"အခု ရှင် သူတို့နဲ့တွေ့ဦးမယ်မဟုတ်လား"

"ဟုတ်တယ်- ကျုပ်က ဘာပဲဖြစ်ဖြစ် သူတို့နဲ့ယှဉ်ပြိုင် အနိုင်ယူပြီး လက်ရှိအမှတ်စဉ်ကိုပြောင်းပစ်ရမှ ကျေနပ်မယ်"

မုဝမ်းချင်သည် စိတ်ထဲ၌ကြိတ်၍ရယ်မိသည်။

ဤတောင်ပင်လယ်မိကျောင်းသည် လူဆိုးလူမိုက်၏ အမည်ကိုပင် ဤမျှနှစ်သက်နေသည်မှာ အလွန်ပင် ရယ်စရာကောင်းသည်ဟုတွေးမိသည်။

သူတို့သည် ယင်းသို့ပြောဆိုနေရင်း တောင်ထိပ်ပေါ်သို့ ရောက်ရှိလာလေတော့သည်။

✻

ယခု မုဝမ်းချင်သည် တောင်ထိပ်ပေါ်ရှိ ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်နေ၏။

တောင်ပင်လယ်မိကျောင်းမှာမူ အရှေ့ဘက်သို့လျှောက်လိုက် အနောက်ဘက်သို့လျှောက်လိုက်ဖြင့် လမ်းကိုသာတွင်တွင် လျှောက်လျက်ရှိနေသည်။

မုဝမ်းချင်သည် စိတ်ရှုပ်လာသဖြင့် မျက်လုံးအစုံကို မှိတ်ထားလိုက်၏။ သူမသည် တန့်ဥအား သတိရလာပြန်လေသည်။

တောင်ပင်လယ်မိကျောင်း၏စကားအရ သူ၏တပည့်များသည် တန့်ဥထံသို့သွားရောက်ပြီး တန့်ဥအား ဖခေါ်နေ၏။



သို့သော် တန့်ဥလိုက်လာပါမည်လော-

သူမသည် တွေးရင်း တွေးရင်း ဝမ်းနည်းလာလေသည်။

ထိုစဉ်မှာပင် အလွန်ဝမ်းနည်းဖွယ်ရာ ငိုသံတစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

✻

"သားလေးရေ- လာပါတော့- မေမေစောင့်နေတယ်"

အမျိုးသမီးတစ်ယောက်၏ ဆွဲဆွဲငင်ငင်ပြောလိုက်သော အသံဖြစ်၏။ ထိုငိုသံကြားလိုက်ရသည်နှင့် မုဝမ်းချင်၏နှလုံးသားသည် တုန်လှုပ်သွားလေသည်။

သူမ၏တစ်ကိုယ်လုံးမှာလည်း နေမထိ ထိုင်မသာဖြစ်လာရလေသည်။

တောင်ပင်လယ်မိကျောင်းသည် တဲတွေးကို တစ်ချက်တွေးလိုက်သည်။

"မသာမ လာနေပြီ"

သူသည် အသံကိုမြင့်လိုက်ပြီး-

"ဟေ့- ငိုမနေနဲ့၊ ကျုပ်ဒီမှာ စောင့်နေတာကြာပြီ"

ငိုသံသည် ရပ်တန့်သွားခြင်းမရှိပါ။

ဆက်၍ငိုကြွေးနေပြန်၏။

"သားသားလေးရယ်၊ မေမေလွမ်းလှပြီကွယ်"

မုဝမ်းချင်သည် ထိုငိုသံကိုကြားလိုက်ရသောအခါ-

ရင်ထဲ၌ တုန်လှုပ်သွားသည်။ သူမသည် တောင်ပင်လယ်မိကျောင်းကိုမော့ကြည့်လိုက်ပြီး-

"အခု ငိုနေတဲ့အမျိုးသမီးက ဘယ်သူလဲရှင့်"

"သူဟာ လူဆိုးလူမိုက်ထဲက အမှတ်စဉ်နှစ်နေရာကိုယူထားတဲ့မိန်းမကွ၊ တောက်- ခံပြင်းလိုက်တာ"

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် အမှတ်စဉ်တစ်က ဘယ်သူလဲ- အမှတ်စဉ်လေးကကော ဘယ်သူလဲရှင်"

တောင်ပင်လယ်မိကျောင်းစိတ်ရှုပ်လာသည်။

"ဟော့- မင်းပါးစပ်ပိတ်ထားစမ်း"

သို့သော် အမျိုးသမီး၏အသံက ထွက်ပေါ်လာလေသည်။

"ကျုပ်တို့ အမှတ်စဉ်တစ်နဲ့အမှတ်စဉ်လေးကို မကြာခင်တွေ့ရမှာပါ၊ အခုတော့ အချိန်စောပါသေးတယ်"

ထိုစကားသံနှင့်အတူ အမျိုးသမီးတစ်ယောက်သည် ခြေသံလုံးဝမကြားရဘဲ သူတို့ထံရောက်ရှိလာလေသည်။

မုဝမ်းချင် ထိတ်လန့်ပြီး လှမ်းကြည့်လိုက်ရာ အစိမ်းရောင်ဝတ်ဆင်ထားသောအမျိုးသမီးတစ်ယောက်သည် ဆံပင်များကို ဖားလျားချကာ ဖြည်းညှင်းစွာလျှောက်လာနေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုအမျိုးသမီးသည် အသက်လေးဆယ်ကျော်ခန့်ရှိမည်။ သူမ၏မျက်နှာမှာ မူလက ရုပ်ချောသူတစ်ယောက်ဖြစ်ဟန်တူသည်။



သို့သော် သူမ၏ပါးပြင်တွင် ရှည်လျားသော အမာရွတ်ကန့်လန့်က နေရာယူထားသဖြင့် အလွန်အကျည်းတန်သွားလေသည်။

ထူးခြားသည်မှာ သူမ၏လက်ထဲတွင် အလွန်ဖြူဖွေးပြီး ...ကလေးတစ်ယောက်အား ပွေ့ချီထားသည်ကို တွေ့လိုက်ရလေသည်။

တောင်ပင်လယ်မိကျောင်းသည် သူမကို မျက်မှောင်ကုပ်ကြည့်နေသည်။

"ဟော့- သူတို့နှစ်ယောက် မလာသေးပါလားကွ"

အမျိုးသမီးသည် မျက်ရည်များစီးဆင်းကျလာတော့သည်။

"ရှင်က အမှတ်စဉ်သုံးပါ၊ ဘာဖြစ်လို့ ကျွန်မကိုကျော်ပြီး အမှတ်စဉ်တစ်ကို လိုချင်နေရတာလဲ"

"ဒီမှာအော့လျံ- မင်းထက်ငါက အစစအရာရာသာတယ် ... ကိုအမှတ်စဉ်သုံးနေရာမှာထားတာ ငါ လုံးဝမကျေနပ်ဘူးကွ"

"ရှင် မကျေနပ်လို့ ဘာတတ်နိုင်မှာလဲ"

"တတ်နိုင်တာပေါ့ကွာ၊ ငါက မင်းတို့နဲ့ယှဉ်ပြိုင်မယ်၊ မင်း ... ကိုနိုင်ရင် ကျုပ်ကို အမှတ်စဉ်တစ် နေရာပေးရမယ်၊ ဒါပဲ"

အော့လျံသည် တခစ်ခစ်ရယ်မောလိုက်လေသည်။

"ရှင့်ရဲ့သိုင်းပညာဟာ မညံ့ဘူးဆိုတာတော့ ကျွန်မတို့ သိ ... ဒါပေမယ့် ကျွန်မတို့ကိုနိုင်ဖို့တော့ ဟဲ. . ဟဲ. . ဟဲ စိတ်မကူး ... ရှင်"

သူမသည် ပြောရင်း မုဝမ်းချင်ဘက်လှည့်၍ ပြုံးပြ၏။

"အစ်မကြီးပြောတာမဟုတ်ဘူးလား မုဝမ်းချင်"

မုဝမ်းချင် အံ့အားသင့်သွားသည်။

"ရှင်- ရှင်က ကျွန်မနာမည်ကို သိနေတယ်ဟုတ်လား"

"ဟဲ. . ဟဲ. . ဟဲ သိပ်သိတာပေါ့ညီမရဲ့၊ ညီမနာမည်က အတော့်ကို ကျော်ကြားနေတာပဲ"

သူမသည် တောင်ပင်လယ်မိကျောင်းဘက်သို့ လှည့်လိုက် လေသည်။

"တို့ လူဆိုးလူမိုက်ထဲမှာ နောက်ထပ်တစ်ယောက်တိုး မယ်ဆိုရင်တော့ သူ့ကိုလက်ခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

တောင်ပင်လယ်မိကျောင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး. . ."

"ဘာဖြစ်လို့ မဖြစ်ရမှာလဲရှင့်"

"သူက ကျုပ်တပည့်ရဲ့မိန်းမကွ"

ယင်းသို့ပြောနေစဉ် အဝါရောင်ဝတ်ဆင်ထားသောလူနှစ် ယောက် ခပ်လှမ်းလှမ်းမှလျှောက်လာနေသည်ကို တွေ့လိုက်ရလေ သည်။

"ဟော့ မင်းတို့ ဟိုသူငယ်ကို ဘာဖြစ်လို့ခေါ်မလာရတာလဲ"

"ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်တို့လှည့်သွားရှာကြပါတယ် ဟိုမှာ ဘယ်သူ့ကိုမှမတွေ့ရလို့ပါဆရာကြီး"

တောင်ပင်လယ်မိကျောင်း မျက်မှောင်ကုပ်သွားသည်။

"ဟေ. . . ဟုတ်လား သူ လိုက်လာလို့များ ချောက်ထဲကျ



ပြီး သေသွားသလား"

"ကျွန်တော်တို့လဲ ဒီလိုပဲတွေးမိပါတယ်ဆရာကြီး၊ ဒါပေ မယ့် ကျွန်တော်တို့လိုက်ရှာကြတာ အလောင်းကိုလဲမတွေ့ရပါဘူး ခင်ဗျာ"

ထိုသတင်းကိုကြားလိုက်ရသောအခါ မုဝမ်းချင် ထိတ်လန့် တုန်လှုပ်သွားလေသည်။ အတွေးများသည် သူမ၏ခေါင်းထဲသို့ တစ် ပြိုင်နက်တစ်ခု တိုးဝင်လာလေတော့သည်။

❋

တန့်ဥ ဘယ်ရောက်သွားသနည်း။

မြွေများက သူ့ကိုကိုက်သတ်သွားပြီလား. . .

မဖြစ်နိုင်ပါ။ သူ့လက်ထဲ၌ မြွေများကိုနိုင်သော ဗူးကလေး ရှိနေသည့်အတွက် မဖြစ်နိုင်ပါ။

ဤသို့ဆိုလျှင်. . .

သူ မည်သည့်နေရာသို့ရောက်သွားပါသနည်း။

မိမိနောက်သို့လိုက်လာရင်း ချောက်ကမ်းပါးထဲသို့လိမ့်ကျ သွားသေလေပြီလော. . .

သို့သော် အဝါရောင်ဝတ်ဆင်ထားသောလူများ၏ပြောပြ ချက်အရ သူတို့သည် တန့်ဥ၏အလောင်းအား မတွေ့ရပေ။

ဤသို့ဆိုလျှင်. . .

တန့်ဥ မည်သည့်နေရာသို့ရောက်သွားပါသနည်း။

သူမ ယင်းသို့တွေးနေစဉ်မှာပင် အောင့်လျှံ၏လက်ထဲ၌ ပွေ့ချီထားသောကလေးငယ်သည် တစာစာအော်ဟစ်ငိုကြွေးလာသည်။

"မေမေရေ. . . မေမေ"

အောင့်လျှံသည် ကလေးကိုချော့သည်။

"မငိုပါနဲ့သားရယ်၊ မေမေဒီမှာလေ"

သို့သော် ကလေးငယ်သည် ပို၍ငိုကြွေးလာလေသည်။

အောင့်လျှံက ကလေးငယ်အား လှုပ်၍လှုပ်၍ချော့နေ၏။

တောင်ပင်လယ်မိကျောင်းသည် တန့်ဥပျောက်ဆုံးသွားသည်ကို ကြားလိုက်ရသဖြင့် စိတ်ရှုပ်နေရာမှ ကလေးငိုသံကြောင့်ပို၍စိတ်ရှုပ်သွားလေသည်။

"ဒီမှာအောင့်လျှံ မင်း ဘယ်သူ့ကလေးကို ခိုးလာပြန်ပြီလဲ"

အောင့်လျှံက မဲ့ပြုံး ပြုံးလိုက်လေသည်။

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ဒါ. . ကျွန်မကလေးလေ၊ ရှင်ကြည့်စမ်း- ကျွန်မနဲ့မတူဘူးလား"

တောင်ပင်လယ်မိကျောင်းက နှုတ်ခမ်းမဲ့လိုက်သည်။

"ဟင်း. . . မသိရင်ခက်မယ်၊ မင်းက သူများရဲ့ကလေးကို သွားခိုး၊ နောက်ပြီး ကလေးကိုအရွယ်မရောက်ခင် ကိုယ်လိုချင်တဲ့ပုံစံကိုသွင်း၊ စိတ်တိုင်းမကျရင် ရိုက်သတ်လိုက်တယ်မဟုတ်လား"

အောင့်လျှံ လက်ကာပြလိုက်သည်။

"တိုးတိုးပြောစမ်းပါ၊ ကျွန်မကလေးနိုးသွားပါဦးမယ်"

သူတို့၏စကားအရ အောင့်လျှံသည် အလွန်ရက်စက် ကြမ်းကြုတ်ယုတ်မာသူတစ်ယောက်ဖြစ်သည်ဟု မုဝမ်းချင် သိခွင့်ရလိုက်



ရလေသည်။ တောင်ပင်လယ်မိကျောင်းသည် လက်ကိုနောက်ပစ်ပြီး စိတ်မရှည်နိုင်ဖြင့်လမ်းလျှောက်ရင်း. . .

"ဘယ်လိုလဲကွ၊ သူတို့နှစ်ယောက် မလာသေးပါလား"

အောင့်လျှံပြုံးပြလိုက်သည်။

"ဒီမှာအမှတ်စဉ်သုံး မနေ့က အမှတ်စဉ်လေးဟာ သူထက်သာတဲ့လူတစ်ယောက်နဲ့ တွေ့ကြုံခဲ့ရတယ်ဆိုတာ ရှင် မသိဘူးနဲ့တူတယ်"

တောင်ပင်လယ်မိကျောင်း အံ့အားသင့်သွားသည်။

"ဘယ်လို- အမှတ်စဉ်လေးက သူထက်သာတဲ့လူနဲ့တွေ့ကြုံခဲ့တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလူက ဘယ်သူလဲ"

အောင့်လျှံသည် မုဝမ်းချင်အား တစ်ချက်ကြည့်လိုက်သည်။

"ဒီမိန်းကလေး ဒီမှာရှိတာကို ကျွန်မ မကြိုက်ဘူး၊ သူ့ကိုအရင်သတ်ပြီးမှ ကျွန်မပြောပြမယ်"

တောင်ပင်လယ်မိကျောင်း ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို သတ်လို့မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ၊ ဒီတစ်ခါ ရှင် တော်တော်စိတ်ကောင်းဝင်နေပါလား"

"မင်းမသိပါဘူး၊ သူက ကျုပ်တပည့်ရဲ့မိန်းမကွ"

"အဲဒါဘာဖြစ်လို့လဲ"

"တော်ကြာ ကျုပ်တပည့်က ကျုပ်ကိုအပြစ်တင်မှာပေါ့ကွ"

"ဒါဖြင့် ဒီကိစ္စ ကျွန်မတာဝန်ထားစမ်းပါ၊ ကျွန်မ သွ
သတ်လိုက်မယ်၊ အဲဒီတော့ ရှင့်တပည့်ကလဲ ရှင့်အပေါ် အပြစ်တ
လို့ မရတော့ဘူးပေါ့၊ ဟုတ်လား"

တောင်ပင်လယ်မိကျောင်း လက်ကာပြလိုက်သည်။

"မဖြစ်ဘူး ကျုပ်လက်မခံဘူး"

"ဒါဖြင့် ကျွန်မပြောတဲ့စကား သူကြားသွားရင် ဘယ့်နှ
လုပ်မလဲ"

တောင်ပင်လယ်မိကျောင်း အနည်းငယ်စဉ်းစားလိုက်၏

"ကျုပ်အကြံရပြီ၊ သူ့ရဲ့မေ့ကြောကိုပိတ်လိုက်ရင် သူသတ
မေ့ပြီး တို့ပြောနေတာကို ကြားမှာမဟုတ်တော့ဘူး"

ပြောပြောဆိုဆိုပင် လက်ချောင်းကလေးနှစ်ချောင်းဖြင့်
ဝမ်းချင်၏ ခါးနှင့်ကျောပြင်သို့ လျှပ်တစ်ပြက်ထောက်လိုက်သည်

မုဝမ်းချင်မှာ ရုတ်တရက် သတိမေ့ လဲကျသွားလေတော့
သည်။

❋

မည်မျှကြာသွားမှန်းမသိ မုဝမ်းချင် သတိပြန်လည်ရလာ
သောအခါ သူမ၏ခန္ဓာကိုယ်သည် အေးစိမ့်ပြီးချမ်းနေသည်ကို ခံစာ
လိုက်ရလေသည်။

သူမ၏နားထဲသို့ တဝါးဝါးရယ်မောသံများ တိုးဝင်လာ
သည်။ သို့သော်. . .



ထိုရယ်သံများမှာ ရယ်သံနှင့်မတူပါ။ ထက်မြက်သောဓား
ပေါက်က သံပြားပေါ်တွင်ခြစ်၍ ထွက်ပေါ်လာသောအသံနှင့်
တူလှသည်။

ထိုအသံကိုကြားလိုက်ရသောအခါ သူမ၏သွားများပင်
ကျိန်းလာသည်။ သူမသည် မျက်လုံးကို မဖွင့်ရဲပါ။

ကိုယ်ခန္ဓာကိုယ်လည်း မလှုပ်ဝံ့ပါ။

"ဟေ့. . . အမှတ်စဉ်လေး၊ မင်း လေထွားမနေစမ်းပါ
နဲ့ကွ။ အမှတ်စဉ်နှစ်က မင်းထက်သာတဲ့လူနဲ့တွေ့တယ်လို့ ပြော
ချင်တာဟုတ်ရဲ့လား"

"ဟုတ်တယ်ကွ၊ ဒါပေမယ့် သူတို့ကလူများနေလို့ပါ"

"သူတို့က ဘယ်နှစ်ယောက်မို့လို့လဲ"

"ခုနစ်ယောက်ကွ"

"ခုနစ်ယောက်များကွာ၊ စကားထဲ ထည့်ပြောနေရသေး
လားကွ"

"မင်းက ဘာသိလို့လဲကွ၊ အဲဒီလူနစ်ယောက်ဟာ အားလုံး
သိုင်းပညာတော်တော်အဆင့်မြင့်တဲ့လူတွေချည်းပဲ"

မုဝမ်းချင်က ထိုစကားကြားလိုက်ရသောအခါ အံ့သြမိ
သည်။

အမှတ်စဉ်လေး၏သိုင်းပညာသည် မည်သည့်နည်းနှင့်မဆို
အမှတ်စဉ်သုံးဖြစ်သော တောင်ပင်လယ်မိကျောင်းထက် ကွာလွန်း
လှမည်မဟုတ်ပါ။

ယခု လူခုနစ်ယောက်က သူ့အားရင်ဆိုင်တိုက်ခိုက်နိုင်လျှင်

ဤလူခုနစ်ယောက်သည် ခေသူများမဟုတ်ဟု သူမ သဘောပေါ
လာလေသည်။ ယင်းသို့တွေးနေစဉ်မှာပင် အော့လျံ၏အသံကိုကြာ
လိုက်ရသည်။

"အမှတ်စဉ်လေးက အတော့်ကို ကြွားတတ်တယ်ဆိုတ
ကျွန်မ အခုမှသိရတယ်၊ အမှန်ပြောရရင် သူ့ကိုဝင်ပြီးတိုက်ခိုက်တ
လူခုနစ်ယောက်မဟုတ်ဘူးရှင့်၊ နှစ်ယောက်ထဲရယ်"

"ဘာကွ· မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မင်း
တွေ့လို့လား"

"ဟီး. . ဟီး. . . တွေ့တာပေါ့၊ ကျွန်မကိုယ်တိုင်တွေ့လို
တာရှင့်"

"ဒါဖြင့်ပြောစမ်း၊ ဒီလူတွေဟာ ဘယ်လိုပုံပန်းတွေလဲ"

တောင်ပင်လယ်မိကျောင်းက ကြားဖြတ်မေးလိုက်သော
အသံဖြစ်သည်။

"ဟဲ. . . ဟဲ. . . ဟဲ"

အော့လျံ၏ရယ်မောသံလွင်လွင်ကလေး ထွက်လာသည်

"ပြောပြမှာပေါ့ရှင်၊ အဲဒီလူနှစ်ယောက်ရဲ့လက်နက်ဟာ
တော်တော်လေးထူးခြားတယ်ရှင့်၊ တစ်ယောက်ကငါးမျှားတံနဲ့၊ ကျ
တစ်ယောက်ကပုဆိန်နဲ့၊ ဟုတ်တယ်မဟုတ်လား အမှတ်စဉ်လေး

"ဪ လက်စသတ်တော့ မင်း ဘေးကနေချောင်းကြည့်
နေတာကိုး၊ မင်းဘာဖြစ်လို့ ဝင်မကူတာလဲ"

"ကျွန်မက ကြည့်ကောင်းကောင်းနဲ့ကြည့်နေလို့ပါ"

"အင်း. . . မင်းအကြောင်း မသိရင်ခက်မယ်၊ သူများ



ကို သတ်သွားတာတောင် မင်းကြည့်နေမှာပဲ မဟုတ်လား"

အော့လျံသည် တခစ်ခစ်ရယ်မောလိုက်လေသည်။

"အမှတ်စဉ်လေးရယ်၊ ဒီလိုလဲမပြောပါနဲ့၊ ရှင့်နာမည်က
ဖြူမဟုတ်လား၊ ဗျိုင်းဖြူဟာခြေတံရှည်သလို ရှင့်ရဲ့ခြေတံက
၊ တော်တော်ရှည်တယ်၊ သူများကိုသာ မနိုင်တာရှိမယ်၊ ထွက်
နေရာမှာတော့ ဘယ်သူကမှ ရှင့်ကိုမှီအောင်လိုက်နိုင်မှာ
ပါဘူးရှင်"

အမှတ်စဉ်လေးဗျိုင်းဖြူမှာ ဒေါသချောင်းချောင်းထွက်လာ
။ သူ၏အသံသည် တုန်ခါနေ၏။

"ဒီမှာအမှတ်စဉ်နှစ်၊ မင်းကလဲ သိပ်ပြီးတော့ အသားယူ
နေပါနဲ့၊ မင်းလဲ ကြောက်လို့ ငါ့ကိုဝင်မကူညီတာ မဟုတ်လား"

တောင်ပင်လယ်မိကျောင်းက ကြားဖြတ်လိုက်သည်။

"ဟေ့ အမှတ်စဉ်လေး၊ အဲဒီလူ ဘယ်သူလဲဆိုတာ မင်းသိ
"

"မသိဘူးကွ၊ အဲဒီလူကို ကျုပ်လဲတစ်ခါမှမမြင်ဖူးဘူးကွ"

"ဒါဖြင့် မဟုတ်မှလွဲရော နန်းတော်ထဲက ဘုရင့်ကိုယ်ရံ
များလား"

"မဖြစ်နိုင်ဘူးဗျ၊ ဘုရင့်ကိုယ်ရံတော်ဟာ ဒါလောက်အဆင့်
မယ်လို့ ကျုပ်မထင်ဘူး"

အော့လျံသည် တခစ်ခစ်ရယ်မောလိုက်သည်။

"ရှင်တို့က "တာလီ"နိုင်ငံကိုသွားပြီး ဆူပူသောင်းကျန်း
လို့ပြောကြတယ်၊ အခုဘယ့်နှယ်ရှိစ"

ဖျိုင်းဖြူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ သူတို့နန်းတော်ထဲက ဒီလိုအဆင့်မြင့်တဲ့သိုး သမားသာရှိမယ်ဆိုရင် တို့အဖို့ မလွယ်ဘူးကွ"

တောင်ပင်လယ်မိကျောင်း အနည်းငယ်စဉ်းစားလိုက်ပြီး

"အင်း. . . အမှတ်စဉ်တစ်က အခုထိ မရောက်သေးဘူး တို့ချိန်းထားတဲ့ရက်ထက်တောင် သုံးရက်ကျော်သွားပြီ၊ တစ်ခုခုများ ဖြစ်နေသလား"

"ကျွန်မလဲ ဒီလိုပဲထင်မိတယ်"

ဖျိုင်းဖြူက ခေါင်းခါယမ်းလိုက်သည်။

"အိုး. . . အမှတ်စဉ်တစ်ရဲ့အကြောင်းကို မင်းတို့လဲ သိ လျက်သားနဲ့ သူကတော်ရုံတန်ရုံဂရုစိုက်တာမဟုတ်ဘူး"

ဖျိုင်းဖြူက အတန်ကြာစဉ်းစားလိုက်ပြီးမှ. . .

"ကျုပ်စိုးရိမ်နေတာက ကျုပ်ကိုတိုက်ခိုက်ခဲ့တဲ့လူမျိုး လေ ငါးခြောက်ယောက်နဲ့တွေ့ရင် သူလဲ လွယ်မှာမဟုတ်ဘူး"

တောင်ပင်လယ်မိချောင်းက တံတွေးတစ်ချက် ထွေးလိုက် သည်။

"ထွီး- အမှတ်စဉ်တစ်က ပြည်မမှာ ဆယ်နှစ်ကျော်ကျော် ထင်ရှားစိုးလာခဲ့တာ၊ အခုလို တာလီနိုင်ငံလို နိုင်ငံပိစိကွေးရောက် လာမှ ဒုက္ခရောက်မှာတဲ့လား၊ မဖြစ်နိုင်တာမပြောပါနဲ့၊ ကျုပ်ဖြ ဗိုက်ဆာလှပြီ"

သူသည် ပြောပြီး အမဲသားတစ်တုံးကို တုတ်ဖြင့်ထိုး အနီးရှိမီးပုံပေါ်၌ ကင်၍နေလေသည်။



မုဝမ်းချင်သည် သူတို့ပြောဆိုနေသည့်စကားများကို နား ရင်း မိမိ ဤတောင်ထိပ်သို့ရောက်ရှိလာသည်မှာ သုံးရက်ခန့် သွားပြီကို သိရှိရလေသည်။

သူမသည် လေးရက်ခန့် အစာမစားရသဖြင့် ဗိုက်အလွန် ဆာနေ၏၊ အမဲသားကင်၏ မွှေးကြိုင်သောအနံ့ကိုရှူရှိုက်မိလိုက် သောအခါ ပို၍ဆာလောင်မွတ်သိပ်လာလေသည်။

သူမအား အကဲခတ်ကြည့်နေသောအော့လျံက-

"ညီမလေး ဗိုက်ဆာနေပြီမဟုတ်လား"

မုဝမ်းချင်က ပြန်မပြောဘဲ မျက်လုံးမှိတ်ထားသည်။

အော့လျံက ပြုံးလိုက်သည်။

"ညည်း နိုးနေပါပြီကွယ်၊ ဟန်ဆောင်မနေပါနဲ့၊ ကျွန်မတို့ အမှတ်စဉ်လေးကိုလဲသိအောင် မှတ်မိအောင် ကြည့်ထားပါဦး"

တောင်ပင်လယ်မိကျောင်းသည် အမှတ်စဉ်လေးမှာ အ လွန် မိန်းမပွေသောလူတစ်ယောက်ဖြစ်မှန်းသိထား၍ မုဝမ်းချင်၏ အလှကိုတွေ့မြင်သွားလျှင် ပြဿနာတက်လာမည်ကိုသိထားသဖြင့် အမဲတုံးတစ်တုံးကို မုဝမ်းချင်ထံသို့ပစ်ပေးလိုက်ပြီး-

"သွားစမ်း- ကျုပ်တို့စကားကို နားထောင်မနေနဲ့၊ ခပ်ဝေး ဝေးကိုသွားစမ်း"

ဟုဟောက်လိုက်သည်။ မုဝမ်းချင်က အသံကိုဖျက်ကာ-

"ကျွန်မယောက်ျား ရောက်လာပြီလားရှင်"

တောင်ပင်လယ်မိကျောင်းဒေါသထွက်ကာ-

"ဘယ်က ရောက်လာရမှာလဲ"

"ရှင်ကကော သွားပြီးမရှာတော့ဘူးလား"

"ကျုပ်ကိုယ်တိုင် သွားရှာတယ်ကွ၊ ဒါပေမယ့် အဲဒီတောင်မှာ လုံးဝမတွေ့ဘူး"

"ဒါဖြင့် သူသေသွားပြီပေါ့နော်"

"ဘယ်ကသေရမှာလဲကွ၊ သေရင် အလောင်းတွေ့မှာပေါ့၊ အခုတော့ သူ့အလောင်းကို ဘယ်နေရာမှာမှ မတွေ့ဘူးကွ"

မုဝမ်းချင်သည် ထိုစကားကိုကြားလိုက်ရသောအခါ အနည်းငယ် စိတ်အေးသွားလေသည်။

တောင်ပင်လယ်မိကျောင်းကဆက်၍-

"ကျုပ် ဒီမှာစောင့်နေတာ သုံးရက်ရှိပြီ၊ နောက် လေးရက်စောင့်လိုက်ဦးမယ်၊ ခုနစ်ရက်ထိစောင့်လို့မှ မလာရင်တော့ မင်းကိုငါ သတ်ပစ်ရတော့မယ်"

မုဝမ်းချင်သည် မည်သို့မျှမပြောဘဲ ပစ်ပေးလာသော အမဲသားကင်တစ်တုံးကို ကောက်ယူပြီး ကျောက်ဆောင်တစ်ခုနောက်သို့ လျှောက်သွားလေသည်။

ဒဏ်ရာလည်း သက်သာသွားပြီဖြစ်ရာ သူမသည် အေးအေးဆေးဆေးထိုင်ချလိုက်ပြီး အမဲသားတုံးကို ကိုက်စားနေသည်။

သူမသည် စားရင်း တန့်ဥ ရောက်မလာသည့်အကြောင်းများကို အမျိုးမျိုးတွေးတောနေလေသည်။

တောင်ပင်လယ်မိကျောင်း၏စကားအရ တန့်ဥမှာ မသေသေးဟု ယုံကြည်ရမည်ဖြစ်သည်။

သို့သော်- သူမထံသို့ ရောက်ရှိလာမည်လော. . .



သူသည် သူမအပေါ် သံယောဇဉ်ငြိတွယ်နေပါမည်လော-

မိမိမေတ္တာထားရှိသကဲ့သို့ သူကကော မိမိအပေါ် မေတ္တာထားရှိနိုင်ပါမည်လော. . .

သူမသည် ယင်းသို့စိတ်ကူးမိရာတွေးရင်း အော့လျံ၏စကားကိုကြားလိုက်ရပြန်သည်။

"နေပါဦး- ရှင်က ဒီသူငယ်ကို ဒါလောက်တောင် မက်မက်မောမောဖြစ်နေတာ သူ့မှာ ဘာများထူးခြားချက်ရှိနေလို့လဲ"

"ဟဲ- ဟဲ- သိပ်ရှိတာပေါ့ကွာ"

တောင်ပင်လယ်မိကျောင်း၏အသံဖြစ်သည်။

အော့လျံ၏အသံ ထပ်မံထွက်ပေါ်လာသည်။

"ဆိုစမ်းပါဦး၊ ဘယ်လိုများထူးခြားနေလို့လဲ"

"ထူးခြားတယ်၊ သူရဲ့အရိုးအဆစ်တည်ဆောက်ပုံဟာ ကျုပ်နဲ့ တစ်ပုံစံတည်း ဖြစ်နေလို့ပေါ့"

"ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ဒီသူငယ်ကို ကျုပ် ကျကျနနသင်ပေးလိုက်ရင် ဟဲ- ဟဲ- တို့တောင်ပင်လယ်ဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးသွားနိုင်မယ်ဆိုတာ ကျုပ်ပြောရဲတယ်"

"ဟား. . . ဟား. . . ဟား"

အော့လျံ၏ရယ်မောသံလွင်လွင်လေး ထွက်ပေါ်လာသည်။

"ရှင် ဒီလောက်တောင်ချီးမွမ်းနေတာ ဖြစ်မဖြစ်ဆိုတာ ကျွန်မ မျက်လုံးဒေါက်ထောက်ပြီးစောင့်ကြည့်နေပါ့မယ်"

"အေးအေး စောင့်ကြည့်နေ၊ စောင့်ကြည့်နေ၊ တစ်နေ့ကျ

ကျုပ်တပည့်အကြောင်းကို မင်းတို့ ကောင်းကော င်း နားလည်လာ
ကြလိမ့်မယ်"

မုဝမ်းချင်သည် တောင်ပင်လယ်မိကျောင်း ၏ တန့်ဥအပေါ်
နှိုးကျူးသည်ကို ကြားရသောအခါ သူမ၏စိတ်ထဲ၌ ...်းနည်းဝမ်းသာ
ဖြစ်လာသည်။ ရယ်ချင်ဖွယ်လည်း ဖြစ်လာသည်။

သူမ၏အမြင်မှာ တန့်ဥသည် စာပေရှူး ...စ်ယောက်ဖြစ်
သည်။ သိုင်းပညာတွင် ပါရမီလုံးဝမရှိပါ။ သိုင်းပ ...ာသင်ကြားရ
လည်း အလွန်ငြီးငွေ့သော လူတစ်ယောက်ဖြစ်သ ည်။

တန့်ဥ၏အရည်အချင်းမှာ သစ္စာရှိသည်။ ...ရင့်သည်မှအ
အခြားမည်သည့်သိုင်းပညာမှ မတတ်ပါ။

တောင်ပင်လယ်မိကျောင်းသည် တန့်ဥအား အလွန်အထ
ကြီးပြီး တပည့်အဖြစ်လက်ခံလိုက်လျှင် တောင်ပင် ...ယ်ဂိုဏ်းအ
က်ဆိုးမိုးမှောင်ကျမည်မှာ မလွဲချေ။

သူမသည် ယင်းသို့တွေးရင်း အမဲသားတုံ ကိုစားနေ၏။

ဗိုက်ဆာလွန်းသော်လည်း သူမသည် များ ...းမစားနိုင်ဘဲ
ဗိုက်ဝသွား၏။

"အင်း- ငါ သူ့ကို ခုနစ်ရက်တိတိစောင့်လို ...ဦးမယ်၊ သူက
သစ္စာဖောက်ပြီး မလာရင်တော့..."

သူမသည် ဆက်၍မစဉ်းစားဝံ့တော့ပါ။ မျ ...်ရည်များ အ
လိုအလျောက်စီးဆင်းကျလာလေတော့သည်။

❋



ယနေ့သည် မုဝမ်းချင် တောင်ပေါ်ရောက်ခဲ့သည့် ခြောက်
...က်မြောက်နေ့ ဖြစ်ပါသည်။

ဒဏ်ရာများ အတော်အတန်သက်သာသွားပြီဖြစ်ရာ ခွန်
...မှာလည်း အနည်းငယ်ပြည့်ဖြိုးလာပြီဖြစ်ပါသည်။

သူမသည် ကျောက်ဆောင်နောက်မှာနေရာယူပြီး ခြေလက်
...ကိုလှုပ်ရှားပေးနေ၏။

သူမသည် ယနေ့ညအထိ တန့်ဥရောက်မလာလျှင် နောက်
...နေ့ နံနက်မိုးမလင်းမီ ဤနေရာမှထွက်ပြေးရန် ဆုံးဖြတ်ထား
...က်လေသည်။

အမှန်မှာ သူမသည် တောင်ပင်လယ်မိကျောင်းတို့ သုံး
...ောက် အချင်းချင်းအငြင်းပွားနေချိန်တွင် ထွက်ပြေးနိုင်ရန် အခွင့်
အလမ်းရှိသော်လည်း တန့်ဥအား စောင့်မျှော်လိုသော ဆန္ဒပြင်းပြ
...သဖြင့် ထွက်မပြေးခဲ့ခြင်းဖြစ်သည်။

အကယ်၍ သူမသာ မစောင့်ဘဲထွက်ပြေးသွားလျှင် သူမ၏
...သက်တာတွင် တန့်ဥနှင့်ထပ်မံဆုံတွေ့ရန် အခွင့်အလမ်း မရှိမည်
...ရှိမိသောကြောင့်ဖြစ်သည်။

တို့ပြင် တန့်ဥရောက်လာ၍ သူမအား မတွေ့လျှင် တောင်
...လယ်မိကျောင်းထံ တပည့်ခံမည်မဟုတ်ဟု သူမ ယုံကြည်သည်။

ဤသို့ဆိုလျှင် တောင်ပင်လယ်မိကျောင်း၏ သူ့အား သတ်
...မည်မှာသေချာ၏။

ယင်းသို့သောအကြောင်းများကြောင့် သူမသည် ထွက်ပြေး
...သောဆန္ဒမရှိဘဲ နောက်ဆုံးအခွင့်အလမ်းကိုသာ စိတ်မောလူမော

စောင့်မျှော်နေခြင်းဖြစ်လေသည်။

ယင်းသို့ဖြင့် သူမသည် နောက်တစ်နေ့အချိန်ကိုသာ မျှော်လင့်ချက်ထားရင်း အိပ်ပျော်သွားလေတော့သည်။

မုဝမ်းချင်သည် အိပ်ရာမှနိုးလာ၏။

မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် သူမအား လူတစ်ယောက်က ပြုံးစေ့စေ့နှင့်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမ ထိတ်လန့်ကာ ခန္ဓာကိုယ်ကို တစ်ဘက်သို့ လျင်မြန်စွာလှိမ့်သွားပြီး မတ်တတ်ရပ်လိုက်သည်။

ထိုလူမှာ အမှတ်စဉ်လေး ဗိုင်းဖြူပင်ဖြစ်လေသည်။

"ရှင် ဘာလာလုပ်တာလဲ"

"ဟဲ- ဟဲ- ဟဲ- "

ဗိုင်းဖြူ၏ရယ်သံသည် ကြောက်မက်ဖွယ်ရာကောင်းလှ၏။

"မိန်းကလေး- မင်းယောကျ်ားက မင်းကိုပစ်သွားပြီကွဲ့၊ ဒါဆိုတော့ ကျုပ်နောက်ကိုလိုက်ခဲ့ပါလားဟင်"

မုဝမ်းချင်က နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"ရှင် ကျွန်မအနား မကပ်နဲ့"

ဗိုင်းဖြူသည် တဟားဟားရယ်မောရင်း သူ၏လက်နှင့် ဖက်သည် ရုတ်တရက် မုဝမ်းချင်၏ပခုံးကိုဖမ်းဆုပ်လိုက်လေသည်။

"ဖုတ်"



ရုတ်တရက် အသံတစ်သံကြားလိုက်ရပြီး မုဝမ်းချင်၏ပခုံးကိုဆုပ်ကိုင်ထားသော ဗိုင်းဖြူ၏လက်အား တစ်စုံတစ်ယောက်က ရိုက်ထုတ်လိုက်လေ၏။

မုဝမ်းချင် သတိပြုကြည့်မိသောအခါ တောင်ပင်လယ်မိကျောင်းဖြစ်နေသည်ကို တွေ့ရှိရလေသည်။

"ဟေ့- အမှတ်စဉ်လေး၊ ဒါက ငါ့တောင်ပင်လယ်ဂိုဏ်းတပည့်ရဲ့မိန်းမကွ၊ မင်းဘာလုပ်တာလဲ"

ဗိုင်းဖြူသည် အခြေအနေမဟန်မှန်းသိသဖြင့် နောက်သို့ တစ်ရိုက်ခန့်အကွာထိ ဆုတ်သွားလေသည်။

"ဟဲ- ဟဲ- မင်းတပည့်မှမလာသေးဘဲ၊ ဒါကြောင့် သူကလဲ မင်းတပည့်ရဲ့မိန်းမလို့ ဘယ်ပြောလို့ရဦးမှာလဲကွာ"

"ဘာကွ- ကျုပ်တပည့်လာမှာပေါ့ကွ၊ မင်း ဘာလျှောက်ပြောနေတာလဲ"

"မင်း မျှော်မနေစမ်းပါနဲ့ အမှတ်စဉ်သုံးရယ်၊ မင်းတပည့်က ဘယ်တော့မှ လာမှာမဟုတ်တော့ဘူးကွ"

တောင်ပင်လယ်မိကျောင်းက ဒေါသထွက်သွားသည်။

"ဘာပြောတယ်၊ မင်းက ငါ့တပည့်မလာတော့ဘူးဆိုတာ ဘယ်လိုလုပ်သိသလဲ၊ မင်း သတ်ပစ်လိုက်တာလား"

သူသည် ပြောရင်း ဗိုင်းဖြူအား တိုက်ခိုက်လိုက်လေ၏။

ဗိုင်းဖြူက နောက်သို့ဆုတ်၍ပြေးရင်း-

"မင်းတပည့်ဟာ ဖြူသလား မည်းသလားဆိုတာတောင် ကျုပ်သိတာမဟုတ်ဘူး၊ သူ့ကို ဘာဖြစ်လို့သတ်ရမှာလဲ"

"မင်းပြောတာ ငါယုံရမှာလားကွ၊ ငါ့တပည့်မလာတာဟာ မင်းလက်ချက်ကြောင့်ဖြစ်ရမယ်"

တောင်ပင်လယ်မိကျောင်းသည် ယင်းသို့ ပြောရင်း ဗျိုင်းဖြူနောက်သို့လိုက်၍ တိုက်ခိုက်ပြန်သည်။

ဗျိုင်းဖြူကရှောင်တိမ်းပြေးလွှားရင်း-

"မဟုတ်တာကွာ၊ မင်းတပည့်က ယောကျ်ားလား မိန်းမလား၊ ပြောစမ်းပါဦး"

"ယောကျ်ားပေါ့ကွ"

"အေး- မင်းသိထားဖို့က ကျုပ် ဗျိုင်းဖြူဆိုတဲ့ကောင်က မိန်းမကိုသာစိတ်ဝင်စားတယ်၊ ယောကျ်ားဆို လှည့်တောင် မကြည့်ဘူးကွ"

တောင်ပင်လယ်မိကျောင်းသည် ထိုစကားကြားလိုက်ရသောအခါ ဗျိုင်းဖြူအား တိုက်ခိုက်ရာမှရပ်တန့်လိုက်သည်။

"အေး မင်းပြောတာတော့ဟုတ်တယ်၊ ဒါဖြင့် ကျုပ်တပည့်ကဘယ်ရောက်သွားသလဲ"

ဗျိုင်းဖြူသည် ပြေးလွှားရာမှရပ်တန့်လိုက်ပြီး ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

"ဒါတော့ ကျုပ်ဘယ်သိမလဲ"

ထိုစဉ် မုဝမ်းချင်သည် အကြံတစ်ခုရလာလေသည်။

သူတို့နှစ်ယောက်ကို အပြင်းပွားလောက်အောင် လှုံ့ဆော်နိုင်ခဲ့လျှင် မိမိအဖို့ အခွင့်ကောင်းတစ်ရပ်ရရှိနိုင်မည်ဟု ယုံကြည်မိသည်။



ထို့ကြောင့် သူမသည် အသံကျယ်လောင်စွာဖြင့်-

"သူ့စကားကိုမယုံပါနဲ့ရှင်- တန့်ဥကိုသတ်တာ သူပဲ ဖြစ်ရမယ်"

တောင်ပင်လယ်မိကျောင်းသည် မျက်မှောင်ကုပ်၍ စဉ်းစားနေစဉ်၊ မုဝမ်းချင်က ဒိုကြွေးလိုက်သည်။

"ဆရာရယ်- ကျွန်မယောကျ်ားကပြောပါတယ်၊ ဆရာ့ဆီမှာတပည့်ခံယူနိုင်မယ်ဆိုရင် သူဟာ ထိပ်တန်းသိုင်းသမားကောင်းတစ်ယောက်ဖြစ်လာမယ်လို့ပြောပါတယ်၊ ကေ့ကြ- ဒီလူဟာ ဆရာတို့တောင်ပင်လယ်ဂိုဏ်းကြီးပွားလာမှာကိုမနာလိုလို့ တန့်ဥကိုသတ်ပစ်တာဖြစ်ရမယ်"

တောင်ပင်လယ်မိကျောင်းသည် သူ၏နဖူးကိုတစ်ချက်ရှုံ့လိုက်ပြီး-

"အေး- ဟုတ်တယ်၊ ငါ့တပည့်ရဲ့မိန်းမတောင် ဒီလိုစဉ်းစားတတ်ရင် မင်း ငါ့တပည့်ကိုသတ်တယ်ဆိုတာ သေချာတယ်"

မုဝမ်းချင်က စကားဆက်လိုက်သည်။

"သိပ်ဟုတ်တာပေါ့ရှင်- ကျွန်မယောကျ်ားရဲ့ အရိုးအဆစ်တည်ဆောက်ပုံဟာ ဆရာနဲ့တစ်ပုံစံထဲမဟုတ်လား၊ ဆရာက ဒါလောက် တော်နေရင် တပည့်က ဆရာ့ထက် အများကြီးတော်ပြီး တောင်ပင်လယ်ဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးသွားနိုင်မယ်မဟုတ်လား"

တောင်ပင်လယ်မိကျောင်းသည် သူ၏နဖူးကိုထပ်မံ ရှုံ့လိုက်ပြီး-

"ဟုတ်တယ်- မင်းပြောတာမှန်တယ်"

မုဝမ်းချင်က စကားဆက်လိုက်သည်။

"သူက တောင်ပင်လယ်ဂိုဏ်း တစ်နေ့မှာ ပြိုင်ဘက်က
ဖြစ်လာမှာစိုးလို့ ဆရာ့တပည့်ကိုသတ်လိုက်တာ သေချာပါတယ်ရှင်"

တောင်ပင်လယ်မိကျောင်းသည် ဒေါသချောင်းချော
ထွက်လာလေသည်။ သူသည် ဖျိုင်းဖြူရှေ့သို့ တစ်လှမ်းချင်း လှမ်း
သွားတော့သည်။ ဖျိုင်းဖြူသည် မိမိ၏သိုင်းပညာမှာ တောင်ပင်လယ်
မိကျောင်းနှင့် ယှဉ်၍မရမှန်းသိသဖြင့်-

"ဟေ့- ဟေ့- မင်း သူပြောတဲ့စကားကို မယုံစမ်းပါနဲ့၊ ကျ
မင်းတပည့်ကို မသတ်ဘူးကွ"

သူသည် ယင်းသို့ပြောရင်း လျှင်မြန်လှသောကိုယ်ဖော
ပညာကိုအသုံးပြု၍ နောက်သို့ဆုတ်ခွာသွားလေသည်။

မုဝမ်းချင်က အော်လိုက်လေသည်။

"တွေ့လားဆရာ- ဟုတ်လို့ သူ ထွက်ပြေးဖို့ကြံစည်နေတာ
သူ့ကိုသတ်ပြီး ကျွန်မယောကျ်ားအတွက် ကလဲ့စားချေပေးပါရှင်"

တောင်ပင်လယ်မိကျောင်းသည် သိုင်းပညာ အံ့မခန်းလိလ
တတ်မြောက်ထားသော်လည်း ဦးနှောက်ဉာဏ်မှာ ထက်မြက်ခြင်း
မရှိပေ။

ထို့ကြောင့် မုဝမ်းချင်၏စကားကို ကြားလိုက်ရသောအခါ
ပို၍ဒေါသထွက်လာပြီး-

"ယား..."

ဟု တစ်ချက်အော်ပြီး ဖျိုင်းဖြူထံခုန်အုပ်လိုက်လေသည်။



ဖျိုင်းဖြူမှာ ကိုယ်ဖော့ပညာအားကိုးပြီး ထွက်ပြေးတိမ်း
ရှောင်သွားလေသည်။

ဤသို့ဖြင့် သူတို့သည် တစ်ယောက်က ရှေ့မှပြေးပြီး ကျန်
တစ်ယောက်က နောက်မှလိုက်ရင်း ဝေး၍ဝေး၍ သွားလေသည်။

⚹

မုဝမ်းချင်သည် မိမိ၏အကြံအစည်များ အောင်မြင်သွား
သဖြင့် ဝမ်းသာသွားသည်။ သူမသည် အခြေအနေကို စောင့်ဆိုင်း
နေစဉ်မှာပင် ရုတ်တရက် ဖျိုင်းဖြူသည် တောင်တစ်ပတ်ပတ်၍
ပြန်လည်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

သူ့နောက်ဝါးတစ်ရိုက်အကွာတွင်-

တောင်ပင်လယ်မိကျောင်းက ဒေါသကြီးစွာဖြင့်လိုက်နေ
၏။ ဖျိုင်းဖြူ၏ ကိုယ်ဖော့ပညာသည် တောင်ပင်လယ်မိကျောင်း
ထက် များစွာသာလွန်သည်။

ထို့ကြောင့်- ဝါးတစ်ရိုက်ခန့်အထိ ကွာဝေးနေခြင်းဖြစ်
သည်။ သူတို့သည် မုဝမ်းချင်ရှေ့သို့ရောက်ရှိလာသောအခါ တောင်
၏နောက်ဘက်သို့ လှည့်ပတ်သွားပြန်သည်။

မုဝမ်းချင် မျက်မှောင်ကုပ်၍ကြည့်နေစဉ်မှာပင် သူတို့သည်
တစ်ယောက်ကရှေ့ တစ်ယောက်က နောက်မှနေ၍ တစ်ပတ်ပြန်
လည်ရောက်ရှိလာပြန်သည်။

ဖျိုင်းဖြူသည် မုဝမ်းချင်ရှေ့သို့ရောက်ရှိလာသောအခါ-

ရုတ်တရက်-

သူ၏လက်နှစ်ဖက်ကိုဆန့်ကာ မှဝမ်းချင်အား ဖမ်းဆွဲ
ဟန်ပြင်လိုက်၏။ မှဝမ်းချင် ထိတ်လန့်သွားပြီး လက်ကို ဝှေ့ယ
လိုက်သည်။

"ဝိုး. . ."

အဆိပ်မြွားတစ်စင်းသည် ဗျိုင်းဖြူ၏ရင်ဝသို
ပစ်လွှင့်လာသည်။ ဗျိုင်းဖြူသည် လျင်မြန်စွာရှောင်တိမ်းပြီး လက်
တစ်ဖက်က မှဝမ်းချင်၏မျက်နှာဖုံးအဝတ်ကို ဆွဲယူလိုက်၏။

ဗျိုင်းဖြူသည် မှဝမ်းချင်၏အလွန်လှပသောမျက်နှာကို မြ
တွေ့လိုက်ရသောအခါ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဟာ- ဒီလိုချောပြီး လှပတဲ့မိန်းကလေးကိုတွေ့ရတာ ကျ
က်ကောင်းတာပဲကွ"

သူ၏စကား မဆုံးသေးပါ။ တောင်ပင်လယ်မိကျော
ရောက်ရှိလာပြီး ဗျိုင်းဖြူ၏နောက်ကျောကို ရိုက်ချလိုက်သည်။

ဗျိုင်းဖြူသည် ခြေနှစ်ဖက်ကို မြေပေါ်၌မြဲမြဲရပ်ထားလိုက်
ပြီး ခန္ဓာကိုယ်အပေါ်ပိုင်းကို နောက်သို့ ရုတ်တရက်လွှဲချကာ လက်
ဝါးဖြင့် ရိုက်ချလာသော တောင်ပင်လယ်မိကျောင်း၏လက်ဝါးကို
ခံပေးလိုက်သည်။

"ဖြန်း. . ."

လက်နှစ်ဖက်ထိမှန်သွားသဖြင့် အနီးတဝိုက်တွင်ရှိသော
သဲမှုန်များပင် လွင့်စဉ်သွားလေသည်။

ဗျိုင်းဖြူသည် တောင်ပင်လယ်မိကျောင်း၏ ရိုက်ချလိုက်



...ကာအတွင်းအားကိုအရှိန်ယူပြီး နောက်သို့ခုန်ထွက်သွားလေ၏။

"ဟေ့ကောင်- သတ္တိရှိရင် မပြေးနဲ့ကွ"

ဗျိုင်းဖြူက ပြုံးလိုက်သည်။

"ငါ မင်းကိုတိုက်ခိုက်လို့ မနိုင်ဘူး။ မင်းကလဲ ငါ့ကိုလိုက်လို့
မှီဘူး။ ဒါဆိုတော့ မင်းနဲ့ငါ နောက်ထပ် သုံးရက်နဲ့သုံးည ယှဉ်ပြိုင်
...တောင် ဒီလိုပဲဖြစ်နေမှာပဲ"

ယင်းသို့ ပြောရင်း သူတို့နှစ်ယောက်သည် တစ်ယောက်
...ရှေ့မှပြေးရင်း တစ်ယောက်က နောက်မှလိုက်လျက် တောင်၏
...နောက်ဘက်သို့ ပြေးလွှားသွားပြန်သည်။

မှဝမ်းချင် မျက်မှောင်ကုပ်လိုက်သည်။

ဗျိုင်းဖြူအား ဟန့်တားနိုင်မှသာ တောင်ပင်လယ်မိကျောင်း
...သူ့ကိုတိုက်ခိုက်နိုင်မည်ဟုတွေးမိလေသည်။

ထို့ကြောင့် သူမသည် ဗျိုင်းဖြူတို့ တတိယအကြိမ် ပြန်လည်
...ရောက်ရှိလာမည်ကို စောင့်ဆိုင်းနေလိုက်လေသည်။

❋

မကြာပါချေ။ ဗျိုင်းဖြူသည် ရှေ့ဆုံးမှပြေးလာလေသည်။
မှဝမ်းချင်က ဗျိုင်းဖြူ၏လာလမ်းကို ပိတ်၍ရပ်လိုက်ပြီး
...သူမ၏လက်များကို အဆက်မပြတ်ဝှေ့ယမ်းလိုက်၏။

"ဝိုး. . . ဝှစ်. . . ဝှစ်. . . ဝှစ်"

မြွားကလေးခုနစ်စင်းသည် ဗျိုင်းဖြူထံသို့ အရှိန်ပြင်းစွာ

ပစ်လွှင့်ဝင်ရောက်သွားလေသည်။ ဗျိုင်းဖြူသည် မုဝမ်းချင်၏ မြား ကလေးများတွင်အဆိပ်များရှိသည်ကိုသိထားသဖြင့် ပေါ့ပေါ့တန်တန် မနေဝံ့ချေ။ ကမန်းကတန်းပင် မြေပေါ်ငုံ့၍ရှောင်တိမ်းလိုက်၏။

ထိုအချိန်တွင် မုဝမ်းချင်ကဓားကိုဆွဲထုတ်ပြီး ဗျိုင်းဖြူအား တိုက်ခိုက်လိုက်တော့သည်။

ဗျိုင်းဖြူသည် မုဝမ်းချင်၏တိုက်ခိုက်မှုကို ကပျာကယာ ရှောင်တိမ်းလိုက်၏။ ထိုစဉ်မှာပင်. . .

တောင်ပင်လယ်မိကျောင်း ရောက်ရှိလာလေသည်။

သူသည် လက်ဝါးနှစ်ဖက်ဖြင့် ဗျိုင်းဖြူအားတိုက်ခိုက်လိုက် ရာ ဤတစ်ကြိမ်၌ ဗျိုင်းဖြူသည် ရှောင်တိမ်း၍မရနိုင်တော့ပါ။

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ဒီမှာ အမှတ်စဉ်သုံး၊ ကျုပ်က ရှောင်ပြေးနေတာဟာ တို့ အချင်းချင်း ရန်မဖြစ်ချင်လို့ပဲကွ၊ မင်းကို ငါကကြောက်နေတယ်လို့ များ ထင်နေသလား"

သူသည် ပြောဆိုရင်း ခါးမှလက်နက်တစ်စုံကိုဆွဲထုတ်လိုက် လေသည်။ သူ၏လက်နက်မှာ အလွန်ထူးဆန်းသော လက်နက်တစ် မျိုးဖြစ်သည်။ လက်နက်ထိပ်တွင် လူ၏လက်ငါးချောင်း ပုံသဏ္ဍာန် သံမဏိလက်ချောင်းများ တပ်ဆင်ထားသည်။

ထိုသံမဏိလက်ချောင်းများသည် အလိုအလျောက်ကွေး၍ ဆန့်၍ရသည်။ တောင်ပင်လယ်မိချောင်းက ပြုံးလိုက်သည်။

"ဟား- ဟား- ဟား- ဆယ်နှစ်လောက် မတွေ့ကြရတာနဲ့ မင်းမှာ လက်နက်ဆန်းတွေတောင် ရှိပါလား"



ဗျိုင်းဖြူက ရယ်မောလိုက်သည်။

"ဟုတ်တယ်- ကျုပ်ရဲ့လက်နက်ဆန်းဟာ မင်းကို ပထမ ဆုံးဖျေးဦးဖောက်ရမှာပဲ"

"ဟဲ- ဟဲ- ဟဲ- "

တောင်ပင်လယ်မိကျောင်းကလည်း ရယ်မောလိုက်သည်။

"အေး- မင်းမှာသာ လက်နက်ဆန်းရှိတာမဟုတ်ဘူးကွ၊ ကျုပ်ရဲ့လက်နက်ဆန်းကိုလဲ မင်း ဗဟုသုတရအောင် ပြရဦးမယ်"

သူသည် ကျောပေါ်မှအထုပ်ကလေးတစ်ခုကို ဖြည်ချပြီး လက်နက်နှစ်ခုကို ဆွဲထုတ်လိုက်သည်။

မုဝမ်းချင်သည် နောက်သို့ဆုတ်၍ အကဲခတ်နေ၏။

တောင်ပင်လယ်မိချောင်း၏ညာဖက်လက်တွင် မိကျောင်း မြှားကဲ့သို့သောသွားတစ်မျိုးကို ကိုင်ဆောင်ထားသည်။

ရုတ်တရက်ကြည့်လိုက်လျှင် ထိုလက်နက်သည် မိကျောင်း ခေါင်းတစ်ခုနှင့်တူလှသည်။

ဝဲဘက်လက်တွင် ကျာပွတ်တစ်ချောင်းကိုကိုင်ထားသည်။

ထိုကျာပွတ်မှာလည်း မိကျောင်း၏အမြီးနှင့်တူလှသည်။

ဗျိုင်းဖြူသည် ထိုထူးခြားသောလက်နက်နှစ်ခုအား တစ် ချက်ကြည့်လိုက်ပြီး သူ၏သံမဏိလက်ချောင်းလက်နက်ဖြင့် တောင် ပင်လယ်မိကျောင်းအား တိုက်ခိုက်လိုက်လေ၏။

"ခြွမ်း. . ."

တောင်ပင်လယ်မိကျောင်းသည် သူ၏လက်နက်ဖြင့် ဖမ်း ယူလိုက်ရာ မိကျောင်းခေါင်းနှင့်ပုံသဏ္ဍာန်တူသောလက်နက်သည်

ဖျိုင်းဖြူ၏သံမဏိလက်ချောင်းများကို ညှပ်ထားလိုက်လေသည်။

"ချောက်--"

ဖျိုင်းဖြူ၏သံမဏိလက်ချောင်းများသည် သုံးချောင်းမျှ ပြတ်ထွက်သွား၏။ တောင်ပင်လယ်မိချောင်းသည် သဘောကျစွာ ရယ်မောပြီး မိကျောင်း၏အမြီးနှင့်တူသောလက်နက်ဖြင့် ဖျိုင်းဖြူ အား ရိုက်ချလိုက်သည်။ ဖျိုင်းဖြူ ထိတ်လန့်သွား၏။

သူသည် နောက်သို့ ကပျာကယာဆုတ်လိုက်သည်။

ထိုစဉ်မှာပင် လူရိပ်တစ်ခုသည် သူတို့နှစ်ယောက်ကြားသို့ ပြေးဝင်လာလေသည်။

အခြေအနေ မဟန်မှန်းသိသောဖျိုင်းဖြူသည် ကပျာကယာ နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်သည်။

ကြားမှဝင်ရောက်လာသူမှာ အော့လျံပင်ဖြစ်ပါသည်။

"ကဲ- ရှင်တို့နှစ်ယောက်ကလဲ တွေ့လိုက်ရင် တစ်ယောက် နဲ့တစ်ယောက် သတ်ဖို့ပဲစိတ်ကူးနေကြတာကိုး"

ဖျိုင်းဖြူက ပြန်ပြောမည်အပြုတွင် လူတစ်ယောက်သည် ဓားတစ်လက်ကိုင်ကာ တောင်ပေါ်သို့ပြေးတက်လာသည်ကို တွေ့ လိုက်ရသဖြင့် ပါးစပ်ပိတ်သွားလေသည်။



တောင်ပေါ်သို့ ပြေးတက်လာသူမှာ အတိုင်းအဆမဲ့ဓား ဂိုဏ်းချုပ်ဖြစ်သူ ကျို့ကျူပေါက်ပင်ဖြစ်ပါသည်။

ကျို့ကျူပေါက်သည် အော့လျံအား တွေ့လိုက်သည်နှင့်-

"ဟေ့- မိန်းမယုတ်၊ ကျုပ်ကလေးကို ဘာဖြစ်လို့ခေါ်လာ ရတာလဲ၊ အခု ပြန်ပေး"

အော့လျံလက်ထဲမှ ပိုက်ထားသောကလေးသည် ကျို့ကျူ ပေါက်အား တွေ့မြင်လိုက်ရသည်နှင့်-

"ဖေဖေ. . . ဖေဖေ. . ."

ဟု ငိုကြွေးကာအော်ဟစ်နေလေသည်။

ကျို့ကျူပေါက်က ရှေ့သို့လှမ်းလာရင်း. . .

"ကဲ- ကျုပ်ကလေးကို ပြန်လွှတ်လိုက်ပါ၊ ကျုပ်ပြောတာ ခင်ဗျား မကြားဘူးလား"

တောင်ပင်လယ်မိကျောင်းက ရယ်မောလိုက်သည်။

"ဒါက မင်းကလေး ဟုတ်လား"

"ဟုတ်တယ်"

"အင်း- ဒုက္ခပါပဲ၊ မင်းကလေးကို သူခေါ်လာတာမှန်ရင် ပြန်ရဖို့စိတ်မကူးနဲ့တော့"

ကျို့ကျူပေါက် ဒေါသချောင်းချောင်းထွက်သွားသည်။

"ဘာကွ- ကျုပ်ကလေးကို ဘာဖြစ်လို့ပြန်မပေးရမှာလဲ"

တောင်ပင်လယ်မိကျောင်းက ပြုံးလိုက်သည်။

"သူက လူဆိုးလူမိုက်လေးယောက်ထဲက ဒုတိယနေရာယူ ထားတဲ့အော့လျံဆိုတာ မင်း မကြားဖူးဘူးလား"

"ဗျာ. . ."

ကျို့ကျူပေါက်၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ အော့လျံ၏နာမည်ကို သူကြားခဲ့ဖူးသည်။

အော့လျံသည် ကလေးရှူး ရှူးနေသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ချစ်စရာကောင်းသောကလေးများကို တွေ့မြင်သွားလျှင် သူမသည် မရမနေခိုးယူတတ်သည်။

သို့သော် တစ်လ နှစ်လကြာ၍ သူမ ငြီးငွေ့လာလျှင် ထိုကလေးကို စွန့်ပစ်သွားတတ်သည်။

ထို့ကြောင့် အော့လျံကို အလွန်ရက်စက်ကြမ်းကြုတ်သောလူဆိုးတစ်ယောက်ဟု အများကကြားသိခဲ့ကြသည်။

သိုင်းလောကသားတို့သည် သူတို့ လူဆိုးလေးယောက်ကို လိုက်လံသုတ်သင်ရန်ကြိုးစားကြသော်လည်း သိုင်းပညာရပ်မှာ အလွန်ကွာခြားနေသဖြင့် ယနေ့တိုင် ထိုလူဆိုးလေးယောက်သည် ထင်ရာစိုင်းပြုမူနေသည်ကို လက်ပိုက်ကြည့်နေကြရလေသည်။

ကျို့ကျူပေါက်သည် မိမိ၏ကလေးကို ခိုးယူလာသူမှာ အော့လျံဖြစ်ကြောင်း ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွား၏။

သို့သော် မိမိ၏ကလေးမှာ အော့လျံ၏လက်ထဲသို့ ရောက်ရှိနေလျှင် ဒုက္ခရောက်မည်ကိုတွေးမိသဖြင့် အသက်စွန့်၍တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် ဓားကို လျှပ်တစ်ပြက် ရှေ့သို့ထိုးသွင်းလိုက်ပြီး 'ခွပ်ဒေါင်း' သိုင်းကွက်ဖြင့် သူ၏ဓားဖျားသည် အော့လျံ၏လည်ပင်း



သို့ ထိုးသွင်းလိုက်လေသည်။ အော့လျံက ပြုံးလိုက်သည်။

ရှောင်တိမ်းခြင်းမပြုဘဲ ကလေးငယ်၏ခန္ဓာကိုယ်ကို ထိုးပေးလိုက်လေသည်။

မိမိ၏ဓားသည် မိမိ၏ကလေးအား ထိုးမိတော့မည်ကိုတွေ့လိုက်ရသဖြင့် ကျို့ကျူပေါက်သည် ဓားကို ကပျာကယာရုပ်သိမ်းလိုက်ရလေသည်။

တဆက်တည်းပင် 'ကောင်းကင်မြင်းပျံ' သိုင်းကွက်အဖြစ်သို့ပြောင်းလိုက်ပြီး အော့လျံ၏ယာဘက်ပခုံးသို့ ထိုးသွင်းလိုက်ပြန်လေသည်။ အော့လျံက ရှောင်တိမ်းခြင်းမပြုပါ။

လက်ထဲမှကလေးကိုသာ လက်နက်သဖွယ်ခံပေးလိုက်လေသည်။ ကျို့ကျူပေါက်က တိုက်ကွက်ကို နောက်ဆုတ်လိုက်ရ၏။

ဤသို့ဖြင့် ကျို့ကျူပေါက်သည် သိုင်းကွက်ငါးကွက်ပြောင်းကာ တိုက်လိုက်လိုက်သည်။ အော့လျံက ရှောင်တိမ်းခြင်းမရှိဘဲ ကလေးကိုသာ ကိုင်၍ ကျို့ကျူပေါက်၏ဓားကို ခံပေးနေသည်။

ကျို့ကျူပေါက်မှာ အခက်ကြုံသွားရတော့၏။

ထိုစဉ်မှာပင် ဗျိုင်းဖြူသည် သူ၏သံမဏိလက်ချောင်းများဖြင့် ကျို့ကျူ ပေါက်အား တိုက်ခိုက်လိုက်လေသည်။

ကျို့ကျူပေါက်ကလည်း အတိုင်းအဆမဲ့ဓားကွက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ခြွမ်း. . . ခြွမ်း. . ."

ကျို့ကျူပေါက်၏ဓားသည် ဗျိုင်းဖြူ၏သံမဏိလက်ချောင်းများနှင့်ထိမိပြီး အသံများအဆက်မပြတ်ထွက်ပေါ်လာသည်။

ဗျိုင်းဖြူသည် မဲ့ပြုံးပြုံးလိုက်ပြီးလျှင် သူ၏ယာဘက်လက်ရှိသံမဏိလက်ချောင်းများဖြင့် ကျို့ကျူပေါက်၏ဓားကို တအား ရိုက်ချလိုက်ရာ. . .

"ခြွမ်း. . ."

ကျို့ကျူပေါက်၏ဓားသည် လက်မှလွတ်ကျသွားလေတော့သည်။

"အား. . ."

ဗျိုင်းဖြူ၏သံမဏိလက်ချောင်းသည် အသားထဲသို့ စူးဝင်သွားကာ သွေးများစီးဆင်းကျလာလေသည်။

ကျို့ကျူပေါက်၏ပခုံးကိုဆုပ်မိထားသော သံမဏိလက်ချောင်းသည် သုံးချောင်းပြတ်နေသဖြင့် ကျို့ကျူပေါက်အဖို့ သက်သာရာရသွားသည်။ အော့လျံက ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ကျုပ်တို့ အမှတ်စဉ်တစ်ကိုတွေ့ခဲ့သလား"

"အမှတ်စဉ်တစ်ဆိုတာဘယ်သူလဲ ကျုပ် မသိပါလား"

တောင်ပင်လယ် မိကျောင်းကလည်း. . .

"ကျုပ်တပည့်ကိုကော တွေ့ခဲ့ရဲ့လား"

ဟု မေးလိုက်လေသည်။

"မင်းတပည့်က ဘယ်သူလဲ၊ ကျုပ်သိမှမသိဘဲ၊ ဘယ်လိုလုပ်ပြောရမှာလဲ"

တောင်ပင်လယ်မိကျောင်း ဒေါသထွက်သွားသည်။

"မင်းကဂိုဏ်းချုပ်ဖြစ်ပြီး ဘာမှမသိဘူးဆိုတော့ မင်းမရှက်ဘူးလားကွ"



အော့လျံက ပြုံးလိုက်သည်။

"ကဲ. . . ဂိုဏ်းချုပ်ကြီး ကျုပ်တို့ လူမသတ်ချင်ဘူး၊ ရှင် ပြန်သွားပေတော့"

ကျို့ကျူပေါက်သည် အော့လျံအားဦးညွတ်လိုက်ပြီး. . .

"ကျုပ်ကလေးကိုပြန်ပေးပါဗျာ၊ ခင်ဗျားလိုချင်တာ ကျုပ်ပေးပါ့မယ်"

အော့လျံက ပြုံးလိုက်သည်။

"ရှင်တကယ်ပြောနေတာလား"

"ဟုတ်ပါတယ်၊ ကျုပ်တကယ်ပြောနေတာပါ"

"ဒါဖြင့်ကောင်းပြီ၊ ဒီကလေးလိုလှတဲ့ ကလေးရှစ်ယောက်ရှာပြီး ရှင့်သားနဲ့လာလဲပေါ့"

"ဟုတ်ကဲ့"

ကျို့ကျူပေါက်သည် စဉ်းစားခြင်းပင်မရှိဘဲ ခေါင်းညိတ်ကာ သူ၏ဓားကိုကောက်ယူပြီး ထွက်သွားမည်ပြုစဉ် မုဝမ်းချင်က ဟန့်တားလိုက်သည်။

"ရပ်လိုက်"

ကျို့ကျူပေါက်သည် မုဝမ်းချင်အား တွေ့ရှိလိုက်ရသောအခါ အနည်းငယ်တုန်လှုပ်သွားသည်။

"မင်းက ငါ့ကို ဘာဖြစ်လို့တားရတာလဲ"

မုဝမ်းချင်သည် သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ရှင်ဟာ ကျော်ကြားတဲ့ဂိုဏ်းချုပ်တစ်ယောက်ပါ၊ ဘာဖြစ်လို့ သူများကလေးရှစ်ယောက်နဲ့ ကိုယ့်ကလေးတစ်ယောက် လဲချင်

ရတာလဲ၊ ရှင် မရှက်ဘူးလား"

ကျို့ကျူပေါက်သည် အလွန်ရှက်သွားသဖြင့် မျက်နှာတစ်ခုလုံးနီရဲလာလေသည်။

"မင်းကကော ဘယ်လိုမိန်းမမျိုးလဲ၊ ကျုပ်ကိစ္စကို ဝင်မစွက်ရင်ကောင်းမယ်"

မုဝမ်းချင်က ခေါင်းခါယမ်းလိုက်သည်။

"ရှင့်ကို ကျွန်မ မလွှတ်နိုင်ဘူး၊ ရှင့်သားတစ်ယောက်နဲ့ အပြစ်မရှိတဲ့ကလေးရှစ်ယောက်ရဲ့အသက်ကို မလဲချင်စမ်းပါနဲ့ရှင်"

ကျို့ကျူပေါက်သည် စကားမပြောတော့ဘဲ သူ၏ဓားဖြင့် မုဝမ်းချင်၏ ရင်ဝသို့ထိုးသွင်းလိုက်လေသည်။

မုဝမ်းချင် မဲ့ပြုံးပြုံးကာ အသာအယာရှောင်တိမ်းပြီး ကျို့ကျူပေါက်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တချိန်တည်းမှာပင် သူမ၏လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ မြားကလေးသုံးစင်းသည် အော့လျံ၏ထံ ပစ်လွှင့်သွားလေသည်။

"ဟော့. . . ဟော့ ကျုပ်ကလေးကိုထိသွားမယ်"

အော့လျံသည် မြားကလေးသုံးစင်း ပစ်လွှင့်လာသည်ကို တွေ့ရှိရသောအခါ ခါးမှယပ်တောင်တစ်ခုထုတ်ပြီး ရိုက်ချလိုက်လေသည်။

တဆက်တည်းမှာပင် သူမသည် ကလေးငယ်ဖိနပ်ကို ချွတ်ပြီး မုဝမ်းချင်ထံသို့ပစ်ပေါက်လိုက်လေသည်။

ကလေးဖိနပ်သည် မုဝမ်းချင်၏ဓားကို ထိမှန်သွားသောကြောင့် မုဝမ်းချင်သည် တစ်ဘက်သို့ယိုင်သွားလေသည်။



ထိုဟာကွက်ကို တွေ့လိုက်ရသော ကျို့ကျူပေါက်သည် ခြေထောက်ဖြင့် ကန်လိုက်သည်။

မုဝမ်းချင်သည် နလံထစဖြစ်၍အလွန်အားနည်းနေရာ-

"အွန့်. . ."

မြေပေါ် မှောက်လျက် လဲကျသွားလေသည်။

အော့လျံကပြုံးလိုက်သည်။

"ကဲ. . . ဂိုဏ်းချုပ်ကြီး သူ့မျက်လုံးကတော်တော်လှတယ်။ အဲဒီ မျက်လုံးကိုဖောက်လိုက်စမ်း"

ကျို့ကျူပေါက်သည် ထရန်ကြိုးစားလာသော မုဝမ်းချင်၏ ရင်ဝသို့ ဓားဖြင့်ထောက်ထားပြီး သူ၏လက်တစ်ဖက်သည် မုဝမ်းချင်၏မျက်လုံးအား ထိုးဖောက်ရန် လက်ချောင်းများကို ဆန့်ထုတ်လိုက်လေသည်။

မုဝမ်းချင်သည် မိမိ၏မျက်လုံး အဆုံးရှုံးမခံနိုင်ဘဲ သေသည်ကကောင်းသည်ဟု သဘောပိုက်ကာ ခန္ဓာကိုယ်ကို ဓားဖျားဘက်သို့ ထိုးပေးလိုက်လေသည်။

ထိုစဉ်မှာပင် အဖြူရောင်တစ်ချက် ဖျွေးခနဲလက်သွား၏။

ကျို့ကျူပေါက်၏ဓားသည် လက်ထဲမှလွတ်သွားပြီး အပေါ်သို့ လွင့်တက်သွားလေသည်။

အဖြစ်အပျက်က မြန်ဆန်ပြီးထူးဆန်းနေသဖြင့် အောင်လျှံတို့သုံးယောက် ထိတ်လန့်အံ့ဩသွားကြသည်။

အပေါ်သို့ပျံတက်သွားသောဘေးကို ပြိုင်တူကြည့်မိလိုက်ကြသည်။ ၄င်းဘေးကို ငါးမျှားချိတ်တစ်ခုက ချိတ်ဆွဲသွားခြင်းဖြစ်ပါသည်။

ငါးမျှားချိတ်မှတဆင့် ငါးမျှားတံကို ကိုင်ဆောင်ထားသူအားတွေ့လိုက်ရလေသည်။ တံငါသည်အဝတ်အစားကို ဝတ်ဆင်ထားသော လူတစ်ယောက်က ငါးမျှားတံတစ်ချောင်းကိုင်ထားသည်ကိုတွေ့လိုက်ရလေသည်။

ထိုတံငါသည်မှာ အသက်သုံးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။

ရုပ်ရည်မှာ အလွန်တည်ကြည်ခန့်ညားသည်။

တံငါသည်သည် အောင်လျှံကိုတစ်ချက်ကြည့်ပြီး မှုံ့ပြုံး ပြုံးလိုက်လေသည်။

ထိုတံငါသည်ကိုတွေ့မြင်လိုက်ရသည်နှင့် လွန်ခဲ့သော ရက်ပိုင်းက ဗျိုင်းဖြူနှင့်ယှဉ်ပြိုင်သောလူနှစ်ယောက်အနက် တစ်ယောက်ဖြစ်ကြောင်း မှတ်မိလိုက်သည်။

သူမသည် မျက်လုံးကို ဝေ့၍ကြည့်လိုက်ပြန်သည်။

အကျီတိုတို၊ မြက်ဖိနပ်စီးထားပြီး ခါးတွင် မြက်နှင့်ကျစ်သောကြိုးတစ်ချောင်းချည်နှောင်ထားသည့် လူတစ်ယောက်သည် ပုဆိန်တစ်လက် ခါးတွင်ချိတ်ဆွဲထားသည်ကိုတွေ့ရသောအခါ အောင်လျှံသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။



ထိုအခါ သူ့နောက်ဘက်မှလှုပ်ရှားမှုများကို ကြားလိုက်ရသည်။

သူမသည် ရင်ထိတ်သွားသည်။

ချာခနဲလှည့်ကြည့်လိုက်မိ၏။

သူမ၏နောက် အရှေ့နှင့်တောင်ဘက်တွင် လူနှစ်ယောက်ရောက်ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

လူတစ်ယောက်က စာပေသမား၏အဝတ်အစားမျိုးကိုဝတ်ဆင်ထားသည်။ လက်တစ်ဖက်တွင် ယပ်တောင်တစ်ခုကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်တွင် စာအုပ်တစ်အုပ်ကို လိပ်၍ကိုင်ထားသည်။

ကျန်တစ်ယောက်မှာမူ ဘောင်းဘီကို ပင့်ထားပြီး ခြေတွင်ဖိနပ်စီးမထားပါ။ ပခုံးပေါ်၌ ပေါက်ပြားတစ်လက် ထမ်းထားသည်ကိုတွေ့ရသည်။

ထိုလူလေးယောက်သည် ထောင့်လေးထောင့်မှ နေရာယူထား၏။ အောင်လျှံ ရင်ထိတ်သွားသည်။

"အင်း- ဒီလူလေးယောက်ကိုကြည့်ရတာ ခေတ္တဲ့လူတွေမဟုတ်ဘူးတွေထင်တယ်"

ဟု ကြိတ်၍ညည်းညူမိလေသည်။ ကျို့ကျူပေါက်က ထိုလူလေးယောက်ကို တွေ့မြင်ရသောအခါ. . .

"ဟောဗျာ . . နန်းတော်ထဲက ကိုယ်ရံတော်လေးယော
စလုံး ရောက်နေပါပကောလား"

ဟုလွှတ်ခနဲပြောလိုက်မိလေသည်။

တံငါသည်က ငါးများချိတ်ကို တစ်ချက်လှုပ်လိုက်ရာ ငါ
များချိတ်၌ချိတ်နေသော ငါးသည် ကျို့ကျိုပေါက်ထဲသို့ ပစ်လွှ
သွားလေသည်။ တံငါသည်က မဲ့ပြုံးပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး- ကျုပ်တို့တာလိတိုင်းပြည်မှာ မင်းတို့
အတိုင်းအဆမဲ့ဓားဂိုဏ်းဟာ ကျော်ကြားတဲ့ဂိုဏ်းတစ်ခုပါ။ အခုတော
ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က ဒါလောက်ယုတ်ညံ့နေတာကိုတွေ့ရတော
ကျုပ် စိတ်ပျက်မိတယ်ဗျာ"

စာပေသမားသည် ယပ်တောင်တစ်ချက်ခတ်လိုက်ပြီး. .

"ဂိုဏ်းချုပ်ကြီး မင်းသားလေးတန့်ဉ ဘယ်မှာရှိတယ်
တာ ပြောစမ်းပါ"

မုဝမ်းချင်သည် တန့်ဉ၏သတင်း မေးလာသည်ကိုကြား
သောအခါ ဝမ်းသာသွားလေသည်။

ကျို့ကျိုပေါက်က ဦးညွှတ်လိုက်သည်။

"တန့်ဉဟုတ်လား . . သူ့ကို လွန်ခဲ့တဲ့လေးငါးရက်က တွေ
ခဲ့ရပါတယ်"

သူသည် မုဝမ်းချင်အား ညွှန်ပြလိုက်ပြီး. . .

"သူ ဒီမိန်းကလေးနဲ့အတူရှိနေတာကိုတွေ့ရပါတယ်"

တံငါသည်က မုဝမ်းချင်အားကြည့်လိုက်လေသည်။

မုဝမ်းချင်က ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်ရှင်၊ တန့်ဉ ဟိုဘက်တောင်မှာ ရှိပါတယ်၊
ပါပေမယ့် အခုတော့ သူသေသလား၊ ရှင်သလားဆိုတာ ကျွန်မ
မသိတော့ပါဘူးရှင်"

တံငါသည်သည် မုဝမ်းချင်အားစေ့စေ့ကြည့်ကာ. . .

"ဟော့. . . မိန်းမယုတ်မုဝမ်းချင်ဆိုတာ မင်းမဟုတ်လား၊
ပြောစမ်း၊ ကျုပ်တို့မင်းသားလေး ဘယ်မှာရှိသလဲ"

မုဝမ်းချင်သည် အလွန်မာနကြီးသောမိန်းကလေးတစ်
ယောက်ဖြစ်သည်။ တံငါသည်၏မေးခွန်းကို မကျေနပ်သဖြင့် အဖြေ
မပေးဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

တံငါသည် ဒေါသထွက်သွားလေသည်။

"ဟော့. . မုဝမ်းချင် မင်းက ငါတို့ တာလိနိုင်ငံကိုလာပြီး
လူတော်တော်များများကိုသတ်ခဲ့တာ ကျုပ်တို့သိထားတယ်၊ မင်းကို
လိုက်ရှာနေတာ၊ ကဲ. . . အခု မင်းသားလေး ဘယ်မှာရှိတယ်
ဆိုတာ မှန်မှန်ပြော၊ မပြောရင် သေဖို့သာပြင်ပေတော့"

မုဝမ်းချင်သည် မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး အော့လျှံ
အားညွှန်ပြကာ. . .

"ရှင်တို့မင်းသားလေးကို သူတို့က သတ်ပစ်လိုက်ကြတာ
ပါရှင်"

ပေါက်ပြားကိုင်ဆောင်ထားသောလူသည် တန့်ဉသေဆုံး
သွားသည်ကို ကြားလိုက်ရသောအခါငိုကြွေးလေသည်။

"မင်းသားလေး မင်းအတွက် ကျုပ်တို့ ကလဲ့စားချေပေးပါ့
မယ်ကွာ"

သူသည် ယင်းသို့အော်၍ပြောကာ ပေါက်ပြားဖြင့် အော့လျှံ၏ခေါင်းပေါ်သို့ ပေါက်ချလိုက်လေတော့သည်။

အော့လျှံကရှောင်တိမ်းကာ. . .

"ဟေ့. . ရှင်က လယ်သူကြီးသိုင်းသမားဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လဲ သေပေတော့"

လယ်သူကြီးသိုင်းသမားသည် ပေါက်ပြားဖြင့် အော့လျှံအား ပြင်းထန်စွာတိုက်ခိုက်လေတော့သည်။

အော့လျှံသည် လက်ထဲမှာ ကျို့ကျူပေါက်၏ကလေးကို ပွေ့ထားပြီး ပြန်လည်၍တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေသည်။

သူမသည် အသံလွင်လွင်ဖြင့်. . .

"ဟေ့. . ဟေ့. . တာလီနိုင်ငံက လယ်သမားတို့ တံငါသည်တို့ ထင်းခွေသမားတို့ စာပေသမားတို့ ရောက်နေကြပြီလားဟေ့"

သူမ၏အသံသည် စူးရှပြီးကျယ်လောင်နေသည်။

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

အော့လျှံ ယခုကဲ့သို့ အော်ဟစ်နေခြင်းမှာ သူ၏လူများကို အချက်ပေးခေါ်နေခြင်းဖြစ်ကြောင်း သဘောပေါက်မိလေသည်။

ထိုစဉ်. . .

ပလွေသံတစ်သံသည် တောင်၏အနောက်ဘက်မှ ထွက်ပေါ်လာလေသည်။ သံစဉ်သည် အော့လျှံ၏ငိုသံနှင့်လိုက်ဖက်ကာ ထွက်ပေါ်နေသည်။

အော့လျှံ၏ငိုသံမြင့်တက်သွားလျှင် ပလွေသံ၏သံစဉ်မှာလည်း မြင့်တက်သွားလေသည်။



ငိုသံက နိမ့်ဆင်းသွားသောအခါ ပလွေသံလည်း နိမ့်ဆင်းသွားလေသည်။ ထိုပလွေသံကိုကြားလိုက်ရသည်နှင့် မုဝမ်းချင် ရင်ထိတ်သွားလေသည်။

"ဒုက္ခပဲ- သူတို့စောင့်နေတဲ့ အမှတ်စဉ်တစ်ရောက်လာပြီ ထင်တယ်"

ထိုစဉ် ထင်းခွေသမားသည် ပုဆိန်ကိုယူပြီး အော့လျှံထံသို့ ဝင်ရောက်ခုတ်ချလိုက်လေသည်။

အော့လျှံက ပြုံးလိုက်သည်။

"အင်း. . . ဒီကလေးက အတော့်ကိုရှုပ်တယ်၊ ကဲ. . သူ့ကို အရင်ခုတ်လိုက်ပါတော့"

လက်ထဲမှကလေးကို ထိုးခံပေးလိုက်လေသည်။

ထင်းခွေသမား ထိတ်လန့်သွားပြီး ပုဆိန်ကို ကပျာကယာ ရုတ်လိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင် အော့လျှံက ခြေတစ်ချက်ကန်လိုက်ရာ ထင်းခွေသမား၏ပခုံးသို့ ထိမှန်သွားလေသည်။ ထင်းခွေသမားသည် အလွန်သန်စွမ်းသူဖြစ်သဖြင့် နောက်သို့အနည်းငယ်ယိမ်းယိုင်သွားသည်မှအပ ဒဏ်ရာရရှိခြင်းမရှိပေ။

အော့လျှံသည် ကလေးကို လက်နက်သဖွယ်အသုံးပြုနေသဖြင့် လယ်သူကြီးသိုင်းသမားနှင့် ထင်းခွေသိုင်းသမားတို့သည် လက်ရှိလက်ရှိ တိုက်ခိုက်နိုင်စွမ်းမရှိဘဲ အခက်ကြုံနေရလေသည်။

ကျို့ကျူပေါက်လည်း သူ၏ကလေးကို ထိမှန်သွားမည်စိုးသဖြင့်. . .

"သတိထားကြပါဗျာ၊ ကျုပ်ကလေးကို ထိသွားပါဦးမယ်"

ထိုစဉ်မှာပင် တောင်၏အနောက်ဘက်မှ လူတစ်ယောက် ထွက်ပေါ်လာသည်။ ထိုလူသည် မင်းစိုးရာဇာအဝတ်အစားများကို ဝတ်ဆင်ထားသည်၊ လက်နှစ်ဖက်တွင် ဖြူဖွေးသော ပလွေတစ်လက် ကိုကိုင်ထားသည်။ သူ၏ပုံဟန်မှာ အလွန်ချောမောလှပလေ၏။

စာပေသမားသည် ထိုလူကိုတွေ့လိုက်ရသောအခါ ရှေ့သို့ ချဉ်းကပ်သွားပြီး အသံတိုးတိုးဖြင့်ပြောလိုက်လေသည်။

ထိုလူသည် ပလွေကိုမှုတ်ရင်း သူ၏မျက်လုံးကို မုဝမ်းချ ထံသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် တိုက်ခိုက်နေသော လူသုံးယောက်ထံသို့ ဖြည်းညင်းစွာလျှောက်သွားလေသည်။

အနီးသို့ရောက်သောအခါ သူ၏လက်ချောင်းဆယ်ချော စလုံးသည် ပလွေ၏အပေါက်ကိုပိတ်ပြီး တအားမှုတ်လိုက်ရာ-

ပလွေ၏အမြီးပိုင်းမှ လေပြင်းတစ်ခုထွက်ပေါ်လာပြီးလျှ အော့လျံ၏မျက်နှာသို့ တိုက်ခတ်သွားသည်။

အော့လျံ ထိတ်လန့်ပြီး မျက်နှာကို ကပျာကယာလှည့် ရှောင်လိုက်သည်။ ပလွေ၏ထိပ်ဖျားသည် သူမ၏လည်ချောင်း တိုးဝင်လာသည်။ အော့လျံသည် ထိတ်လန့် တုန်လှုပ်သွား၏။

နောက်သို့ ကပျာကယာခုန်ဆုတ်သွားသည်။

ထိုလူသည် ပလွေကို အော့လျံ၏ရင်ဝသို့ပစ်လွှင့်လိုက်ရ

အော့လျံသည် ကလေးကို ပိုက်ထား၍မဖြစ်တော့သ ကလေးငယ်ကို မြေသို့ပစ်ချပြီး ပလွေကို ဖမ်းယူလိုက်လေသည်။



ထိုလူက ကလေးငယ်ကို လက်တစ်ဖက်ဖြင့် ဖမ်းယူလိုက်ပြီး ဘက်လက်ကို ဆန့်ထုတ်လိုက်လေသည်။

"ငါ့ပလွေကို ပြန်ပေးစမ်း"

အော့လျံသည် ပလွေကိုဖမ်းဆုပ်လိုက်မိသည်နှင့် ထိုပလွေ ည် ချစ်ချစ်တောက်ပူလောင်နေသည်ကို ခံစားလိုက်ရသည်။

"ဟင်- ပလွေမှာ အဆိပ်များရှိနေသလား"

ယင်းသို့စဉ်းစားမိလိုက်သည်နှင့် ဆုပ်ကိုင်ထားသောပလွေ ကို လက်လွှတ်လိုက်လေသည်။

ထိုလူက ပလွေကိုဖမ်းယူပြီး သူမ၏ပခုံးကို ရိုက်ချလိုက် သည်။ တစ်ချိန်တည်းမှာပင်. . .

လက်ထဲပွေ့ချီထားသောကလေးအား ကျိ့ကျူပေါက်ထံသို့ ပေးလိုက်လေသည်။

မုဝမ်းချင်သည် ထိုလူ၏တိုက်ခိုက်ပုံ၊ အော့လျံထံမှကလေး ကို ပြန်လည်လုယူပုံ၊ သူမ၏ပခုံးကို ပလွေဖြင့်ရိုက်ချလိုက်ပုံ စသည့် လှုပ်ရှားမှုများသည် အလွန်အေးဆေးပြီး အချိန်ကိုက် လှုပ်ရှား နိုင်ခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။

အော့လျံက နောက်သို့ဆုတ်ပြီး ပြုံးလိုက်သည်။

"ရှင့်ရဲ့သိုင်းပညာဟာ အံ့မခန်းလိလိပါလား- ရှင့်တို့ တာလိနိုင်ငံမှာ ဒါလောက် သိုင်းပညာအဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေ ရှိ လိမ့်မယ်ဆိုတာ ကျွန်မ မထင်မိပါဘူး"

ထိုလူက ပြုံးလိုက်ပြီး-

"ကျုပ်ရဲ့ပညာမျိုးဟာ ကျုပ်တို့တာလိနိုင်ငံမှာ ရေတွက်လို့

မကုန်နိုင်အောင် များပြားတယ်ဆိုတာ သိစေချင်ပါတယ်"

"ဒါနဲ့ ရှင့်နာမည်ကကော ဘယ်လိုခေါ်သလဲ"

ထိုလူက ပြုံးလိုက်သည်။ သူမ၏မေးခွန်းကို မဖြေပါ။ ကျို့ကျို့ပေါက်သည် သူ၏ကလေးအား ပြန်လည်ရရှိလို သဖြင့် ဝမ်းသာနေစဉ် ရုတ်တရက် ထိုလူ၏ပုံသဏ္ဌာန်မှာ ကြားဖူးခဲ့သော လူတစ်ယောက်နှင့်တူနေသဖြင့် အံ့ဩသွားသည်

"ခင်ဗျားက ကောက်ကျင်းနယ်စား မဟုတ်လား"

ထိုလူသည် ပြုံးပြလိုက်၏။ အဖြေမပေးပါ။

သူသည် အော့လျံဘက်သို့လှည့်လိုက်ပြီး-

"မင်းသား ဘယ်မှာရှိတယ်ဆိုတာပြောပြပါလားဗျာ"

အော့လျံက ပြုံးလိုက်သည်။

"ကျွန်မ မသိပါဘူး၊ သိလဲ မပြောပါဘူး"

ယင်းသို့ ပြောပြီးသည်နှင့် သူမသည် ရုတ်တရက် ခုန်ထွ ပြီး ပြေးလွှားသွားလေသည်။

"မပြေးနဲ့"

ထိုလူကလိုက်မည်အပြုတွင် ရုတ်တရက် အော့လျံ လက်နက်ပုန်းများသည် မိုးသီးမိုးပေါက်များပမာ ပစ်လွှင့်လာ တော့သည်။

ထိုလူသည် ပလွေဖြင့် လက်နက်ပုန်းများကို ရိုက်ချ ရာ မြေပေါ်သို့ ကျသွားကုန်လေသည်။

မြေပေါ်သို့ကျရောက်လာသော လက်နက်ပုန်းများကို သေချာချာကြည့်လိုက်သောအခါ-



ငှင်းလက်နက်ပုန်းများသည် ကလေးငယ်များ၏ ခြေကျင်း၊ ဆွဲကြိုး၊ လက်ကောက်၊ ဖိနပ်များ ဖြစ်နေကြသည်ကိုတွေ့ရလေ သည်။ ထိုလူ သက်ပြင်းတစ်ချက်ချလိုက်သည်။

အော့လျံအား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်ခဲ့လျှင် မိမိနိုင်ငံမှကလေးများ အန္တရာယ် ဆက်လက်တွေ့နေလိမ့်ဦးမည်ဟု သူက စဉ်းစားမိလေသည်။

တံငါသည်သည် မုဝမ်းချင်ဘက်သို့လှည့်လိုက်သည်။

"ပြောစမ်း- မင်းသားလေးကို ဒီလူတွေသတ်လိုက်တယ် ဆိုတာ ဟုတ်သလား"

မုဝမ်းချင်သည် ထိုလူများမှာ တန့်ဥ၏မိတ်ဆွေများ ဖြစ် ကြသည်ဟုယုံကြည်သဖြင့် အမှန်အတိုင်းဖွင့်ဟပြောဆိုရန် ဆုံးဖြတ် လိုက်လေသည်။

ထိုစဉ်မှာပင် တောင်အောက်မှ လူတစ်ယောက်ပြေးတက် လာရင်း-

"မုဝမ်းချင်ရေ- မုဝမ်းချင်- မင်း ဒီမှာရှိနေသလား၊ ငါ လာပြီဟေ့၊ တောင်ပင်လယ်မိကျောင်း မုဝမ်းချင်ကို မသတ်ရဘူး နော်"

ပလွေကိုင်ဆောင်ထားသူနှင့် တံငါသည်လူစုတို့သည် ထိုအသံကို ကြားလိုက်ရသောအခါ သူတို့၏မျက်နှာများပေါ်တွင် ဝမ်းသာသော အရိပ်အရောင်များပေါ်လွင်လာကြလေသည်။

"ဟင်- ဒါမင်းသားလေးရဲ့အသံပဲ"

ဟု ပြိုင်တူ ပြောလိုက်ကြလေသည်။

မုဝမ်းချင်သည် တန့်ဥအား ခုနစ်ရက် ခုနစ်ညတိတိ စောင့်မျှော်နေရသဖြင့် စိတ်မောလူမောဖြစ်နေသည်။

ယခု တန့်ဥ၏အသံကိုကြားလိုက်ရသောအခါ-

ဝမ်းသာလုံးဆို့ကာ သတိလစ်သွားလေတော့သည်။

မည်မျှကြာသွားသည်မသိ၊ နားထဲ၌ လူတစ်ယောက်၏ တီးတိုးခေါ်သံကို ကြားလိုက်ရသည်။

"မုဝမ်းချင်- မုဝမ်းချင်၊ မင်း သတိမရသေးဘူးလားဟင်"

သူမသည် တဖြည်းဖြည်းသတိရလာလေသည်။

မိမိ၏ကိုယ်ခန္ဓာသည် လူတစ်ယောက်၏ရင်ခွင်ထဲ ရောက်ရှိနေသည်ကို သတိပြုမိလေသည်။

သူမ လူးလိမ့်ထမည်အပြုတွင် မိမိအား ထွေးပိုက်ထားသူမှာ တန့်ဥဖြစ်မည်ဟု ချက်ချင်းသတိရလာလေသည်။

သူမ၏ရင်ထဲ၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ဒွန်တွဲခံစားမိလေသည်။ မျက်လုံးများကို အသာအယာ ဖွင့်ကြည့်လိုက်သောအခါ သူမအား ထွေးပိုက်ထားသူမှာတန့်ဥဖြစ်နေသည်ကိုတွေ့မြင်ရလေသည်။ တန့်ဥက ဝမ်းသာအားရဖြင့်. . .

"ဟင် ဝမ်းသာလိုက်တာ မင်းသတိရလာပြီမဟုတ်လား"

မုဝမ်းချင်၏ မျက်လုံးအစုံမှမျက်ရည်များသည် ထိန်းမနိုင်သိမ်းမရ တသွင်သွင်စီးဆင်းလာလေသည်။ သူမသည် မိမိ၏လက်ဝါးဖြင့် တန့်ဥ၏ပါးပြင်ကို ပြင်းထန်စွာရိုက်ချလိုက်လေတော့၏။

## လှမိုက်ကြီးလေးယောက်

ကောင်းကင်တစ်ခွင်လုံးတွင် တိမ်ဆိုင်တိမ်ခဲများ ကင်းစင်နေပေသည်။

မြူနှင်းများ တစ်နှစ်ပတ်လုံး အမြဲမပြတ်အုံ့ဆိုင်းနေသော ယင်နန်တောင်တန်းများသည် ထူးထူးခြားခြားမြူနှင်းများကင်းစင်ကာ စိမ်းလန်းစိုပြေလျက်ရှိနေပေသည်။

**နှင်းများဖုံးအုပ်နေသော** တောင်ထိပ်မှာလည်း-

**နေရောင်ခြည်ကြောင့်** နှင်းခဲများပျော်ဆင်းစပြုနေ၏။

**ယင်းသာယာလှပသော** မုကန်တောင်ခါးပန်းပေါ်၌ လုလင်ပျိုတစ်**ယောက်နှင့်**လုံမပျိုတစ်ယောက်တို့သည် စကားမပြောကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ငေး၍ကြည့်နေကြသည်။

သူတို့၏အကြည့်သည် နှစ်ပေါင်းကြာမြင့်စွာခွဲခွာပြီး ပြန်လည်ဆုံတွေ့ရသော ချစ်သူများ၏အကြည့်မျိုးဖြစ်သည်။

သူတို့ စကားမပြောသည်မှာ စကားပြောလွန်း၍ ကုန်ခမ်းသွားသည်မဟုတ်ပါ။

ပြောစရာစကား မရှိ၍လည်းမဟုတ်ပါ။

သူတို့၏ရင်ထဲ၌ စကားလုံးများပြည့်ကြပ်နေကြပြီး မည်သို့ ပြောရမည်ကို အစရှာမရခြင်းကြောင့်ဖြစ်သည်။

အတန်ကြာမှ လုံမပျိုက လုလင်ပျို၏ပါးကို အသာအယာ ပွတ်သပ်ရင်း-

"တော်တော် နာသွားသလားဟင်"

"မနာပါဘူးလို့ မပြောချင်ပါဘူး"

လုလင်ပျိုသည် ပါးပြင်အားပွတ်၍ပြုံးရင်း-

"ခင်ဗျားက ထစ်ခနဲဆိုပါးရိုက်လိုက်တာပဲ၊ လောကပေါ်မှာ ခင်ဗျားလောက်ကြမ်းတမ်းတဲ့မိန်းကလေးမျိုး ရှာလို့ တွေ့နိုင်ပါ့မလား"

"ဘာလဲ- ရှင် မကျေနပ်ဘူးလား၊ ကျွန်မ ရှင့်ကိုစောင့်ခဲ့တာ (၇)ရက်၊ (၇)ညရှိသွားပြီရှင့်၊ ကျွန်မ ဘယ်လို ခံစားနေရသလဲဆိုတာ ရှင်သိသလား"

"သိပါတယ်ကွာ၊ ကျုပ်လဲ လာဖို့ကြိုးစားနေတာပဲ"

လုလင်ပျိုသည် ပြောရင်း ရုတ်တရက် တစ်စုံတစ်ခု သတိရလာပြီး မျက်မှောင်ကုပ်သွားသည်။

"တောင်ပင်လယ်မိကျောင်းကော၊ သူ ကျုပ်ကိုမစောင့်ဘူးလား"

"အို- သူက ရှင့်ကို (၇)ရက်၊ (၇)ညစောင့်တာ နည်းသလား၊ မသွားဘဲ နေပါ့မလား"

လုလင်ပျို၏မျက်နှာတစ်ခုလုံး ရွှင်လန်းသွားလေသည်။



"ဟား၊ ကျုပ်ကံကောင်းတာပဲ၊ သူက ကျုပ်ကိုတပည့်အဖြစ် အတင်းလုပ်ခိုင်းရင် ကျုပ် ဘယ်လိုလုပ်ရမလဲဆိုတာတွေးပူနေတာ"

"ရှင်က သူ့တပည့်အဖြစ်မခံချင်ဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ရှင် ဒီကိုဘာဖြစ်လို့လာတာလဲ"

"ဟောဗျာ- ခင်ဗျားကို သူကဖမ်းထားတော့ ကျုပ် မလာလို့ ဖြစ်မလား"

"ဒါတော့ဘယ်သိမလဲ၊ ရှင် ကျွန်မကို မေ့များသွားပြီလားလို့ပေါ့"

"အို ဘယ်မေ့ပါ့မလဲ၊ ကျုပ်ကြောင့် ခင်ဗျား အခုလိုဒုက္ခရောက်နေတာ၊ ကျုပ် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

လုံမပျို ပီတိဖြစ်သွားသည်။

သို့သော် နှုတ်ခမ်းကလေးစူထားပြီး-

"ရှင်- ရှင် မကောင်းဘူး၊ (၇)ရက်၊ (၇)ညကြာမှ လာတာဟာ ကျွန်မကို မမေ့ဘူးဆိုတာ ယုံရမှာလား"

"ဩော်- ခက်လိုက်တာမှပဲမ်းချင်ရယ်"

"နို့မဟုတ်ဘူးလား၊ ရှင်က ရှင့်ကိုကူညီမယ့်လူရောက်လာမှ လာရဲတာမဟုတ်လား၊ နို့ဝေးသေးတယ်"

လုလင်ပျို သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ် မလာနိုင်လို့ မလာတာပါ၊ ခင်ဗျားကိုသတိရလိုက်တာ သေတောင်သေချင်တယ်၊ ဒါနဲ့ ခင်ဗျားဒဏ်ရာ သက်သာသွားပြီလား၊ ဟို- ဟို လူဆိုးကြီးက ခင်ဗျားကိုနှိပ်စက်သေးသလားဟင်"

မုဝမ်းချင်က မျက်စောင်းကလေးထိုးလိုက်သည်။

"ကျွန်မက ရှင့်ရဲ့ဇနီးလောင်းဆိုတာ မေ့နေပြီလား"

"ဘယ့်နှယ် ဗျာ- ခင်ဗျားနဲ့ လူကြားလို့မှ မတော်တာ"

လုလင်ပျို [illegible] မုဝမ်းချင်က မျက်စောင်းကလေးထိုးပြီး ပြောဆိုနေသည်မှာ [illegible]၍လုပလာသည်ကိုတွေ့ရသဖြင့် သူသည် မုဝမ်းချင်ကို တင်း[illegible]စွာသိုင်းဖက်ပြီး-

"ဒါဖြင့် ခင်ဗျား ဩော်- ယောင်လို့၊ မင်းကို ဝမ်းချင်လို့ပဲ ခေါ်တော့မယ်"

မုဝမ်းချင်သည် သူ့အားတွန်းဖယ်ရင်း-

"အို- လူတွေရှိနေတယ်၊ ရှက်စရာကြီး လွှတ်ပါ"

သူမသည် ဘေးဘီသို့ကြည့်လိုက်ရာ အံ့ဩသွားသည်။

"ဟင်- ဒီလူတွေ ဘယ်ရောက်သွားကြပါလိမ့်"

သူမ မျက်မှောင်ကုပ်သွား၏။

တံငါသည်နှင့်ထင်းခွေသမားတို့လေးယောက်သည် မည်သည့်နေရာသို့ ရောက်သွားသနည်း။

ပလွေကိုင်ဆောင်သော လူလည်း မတွေ့ရချေ။

လုလင်ပျိုသည် အနီးဘုတ်ကိုက်ကို မျက်လုံးဝေ့ကြည့်လိုက်၏။

"ဘယ်သူမျှားရှိနေ လို့လဲ၊ တောင်ပင်လယ်မိကျောင်း ဟုတ်လား"

မုဝမ်းချင်သည် သူ့အား မေးလိုက်သည်။

"ရှင် ရောက်လာတာ ဘယ်လောက်ကြာပြီလဲ"

"မကြာသေးပါဘူး။ ကျုပ် တောင်ပေါ်ရောက်လာတဲ့အခါ မှာ ခင်ဗျား- အဲ့ မင်းသတိမေ့လဲနေတာတွေ့ရတယ်၊ တခြား ဘယ်သူ့ကိုမှမတွေ့ပါလား"



မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"ဟင်- ထူးဆန်းလိုက်တာ၊ သူတို့ ဘယ်ရောက်ကုန်ကြပြီလဲ"

ဟုရေရွတ်မိလိုက်လေသည်။

"ဓားတစ်လက်နှင့် မိုင်ပေါင်းတစ်ထောင်ခရီးနှင်ခဲ့သည်"

"ကျုပ် ရင်ထဲမှာဖြစ်ပေါ်လာတဲ့စကားလေးတစ်ခွန်းတော့ ပြောချင်တယ်"

"တစ်ချိန်တုန်းက ကျုပ်ဟာ ဓည့်သည်တစ်ယောက်အနေနဲ့နေထိုင်ခဲ့တယ်"

"ဒီအတွက်ကြောင့် ကျုပ် ကျွေးမွေးစောင့်ရှောင်ခဲ့တဲ့ အိမ်ရှင်ကို ကျေးဇူးမမေ့ဘူး"

လူတစ်ယောက်သည် ကျောက်ဆောင်နောက်မှ ကဗျာမကျသော စကားပြေများရွတ်ဖတ်ရင်း လှမ်းထွက်လာလေသည်။

မုဝမ်းချင်သည် ထိုလူကိုတွေ့မြင်လိုက်သောအခါ ရှက်သွေးဖြန်းသွားလေသည်။

ထိုလူသည် တံငါသည်တို့နှင့်အတူပါလာသော လူဖြစ်သည်။

သူ၏ လက်တစ်ဖက်တွင် ယပ်တောင်ကိုင်လျက် ကျန်လက်တစ်ဖက်တွင်လည်း စာအုပ်တစ်အုပ်ကိုင်ထားသော စာပေသမားဖြစ်သည်။

လုလင်ပျို့သည် ထိုလူကိုတွေ့မြင်လိုက်သည်နှင့် ဝမ်းသာသွားသည်။

"ဟင်- အစ်ကို 'ကျူ'ပါလား"

ဟုအော်လိုက်လေသည်။ စာပေသမားသည် စာအုပ်နှင့် ယပ်တောင်အား ခါးမှာထိုးထားပြီး ရှေ့သို့ ခြေနှစ်လှမ်းတိုးကာ ဦးညွှတ်အရိုအသေပြုရင်း-

"ကံကောင်းထောက်မလို့ မင်းသားလေးကို အခုလို ဘေးမသီ ရန်မခပြန်တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

မုဝမ်းချင်အား ညွှန်ပြလိုက်ပြီး-

"ဒီမိန်းကလေးကိုမေးတုန်းက မင်းသားလေး ဟိုတောင်မှာ ပျောက်သွားတယ်ပြောလို့ ကျွန်တော်ဖြင့်စိတ်ပူလိုက်ရတာဗျာ"

လုလင်ပျို့သည် စာပေသမားကိုတစ်လှည့်၊ မုဝမ်းချင်ကို တစ်လှည့်ကြည့်လိုက်ပြီး-

"ဟင်- ခင်ဗျားတို့တွေ့ကြပြီးပြီကိုး၊ ဒါနဲ့ ခင်ဗျားက ဘယ်လိုလုပ် ဒီကိုရောက်လာရတာလဲ"

စာပေသမားကပြုံးလိုက်ပြီး-

"ကျုပ်တို့ ညီအစ်ကိုလေးယောက်က အမိန့်အရ မင်းသားလေးကို လိုက်ရှာနေတာပါ"

သူသည် သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်သည်။



"မင်းသားလေးက တော့်တော့်ကိုအတင့်ရဲတာပဲကိုး၊ တစ်ယောက်ထဲ သိုင်းလောကထဲဝင်စွက်တာကိုး. . ."

လုလင်ပျို့က ပြုံးလိုက်သည်။

"ဒါနဲ့ ကျုပ် ဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်တို့ညီအစ်ကိုတတွေ မားဝူတီအိမ်ရောက်ခဲ့ပါတယ်၊ သူပြောပြလို့ လိုက်လာခဲ့တာပါ၊ အင်း- ကျွန်တော်တို့ စိတ်မောလိုက်ရတာ အခုမှပဲစိတ်အေးရတော့တယ်ဗျာ"

"ဟဲ- ဟဲ- ကျုပ်လဲ ဒုက္ခအမျိုးမျိုးနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်ဗျာ၊ ဦးလေးနဲ့ဖေဖေတို့ တော်တော်စိတ်ဆိုးနေကြတယ် မဟုတ်လား"

"ဟုတ်ကဲ့- ပထမတော့ တော်တော်ကိုစိတ်ဆိုးကြပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ထွက်လာတဲ့အခါမှာတော့ စိတ်ပြေသွားပါပြီ၊ အခုလောက်ဆို လွမ်းနေကြမှာပဲ"

"ကျုပ်လဲ သူတို့ကိုသတိရနေပါတယ်ဗျာ"

"မင်းသားလေးကို ပြောရဦးမယ်"

"ဘာများလဲ အစ်ကိုကျူ"

"ကောက်ကျင်းနယ်စားလဲ လိုက်လာတယ်"

လုလင်ပျို့ မျက်မှောင်ကုပ်သွားသည်။

"ဗျာ- သူ သူက ကိုယ်တိုင်လိုက်လာတယ်ဟုတ်လား"

"ဟုတ်တယ်၊ သူက လူမိုက်ကြီးလေးယောက်ရောက်လာတဲ့သတင်းကြားလို့ မင်းသားလေးနဲ့တွေ့သွားမှာစိုးရိမ်ပြီး လိုက်လာတာပါ"

"အားနာလိုက်တာဗျာ၊ အခု သူဘယ်မှာလဲ"

"ခုနတုန်းကရှိပါတယ်၊ မင်းသားလေးရဲ့အသံကြားလိုက်ရလို့ စိတ်ချသွားပြီး အမျိုးသမီးလူမိုက်နောက် လိုက်သွားတယ်"

လုလင်ပျို၏မျက်နှာ နီရဲလာသည်။

"ခင်ဗျား ဒီမှာ တစ်ချိန်လုံးရှိနေတာကိုး"

သူသည် မုဝမ်းချင်နှင့်ရင်းရင်းနှီးနှီးနေခဲ့သည်ကို တွေးပြီး ရှက်လာမိသည်။ စာပေသမားက ပြုံးလိုက်သည်။

"ကျွန်တော် ခုနက ကဗျာဆရာ"ဝမ်းချုံးလင်"ရဲ့စကားပြေကို ဖတ်နေပါတယ်ဗျာ"

သူသည် ခါးမှ ထိုးထားသောစာအုပ်ကိုထုတ်၍ပြလိုက်၏။

လုလင်ပျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဝမ်းချုံးလင်ရဲ့ကဗျာဟာ တော်တော် ကျော်ကြားတယ်၊ စကားပြေတော့ သိပ်မနိုင်ဘူး၊ ဒါပေမယ့် ခင်ဗျားရွတ်ဖတ်တဲ့စကားပြေကတော့ သိပ်မဆိုးဘူး"

သူသည် ယင်းသို့ဝေဖန်ပြီး အသံနေအသံထားဖြင့်-

"မြှာလှဲ့လှဲ့ရေသည် မြှာလှဲ့လှဲ့ကောင်းကင်

ဟပ်လို့ဖြစ်သည်။

မြင်းကောင်းတော့ သခင်ကအားကိုးရသည်။

လစန္ဒာမှာ တိမ်ကင်းစင်သောအခါ ပို၍ထိန်လင်း၏။

နွေဦးဒီရေသည် ညစဉ်အချိန်ပြောင်းလဲတတ်ပေသည်"

ဟု ရွတ်ဆိုလိုက်သည်။

စာပေသမားက ပြုံးပြီး ဦးညွှတ်လိုက်သည်။



"တော်တော်ကောင်းတဲ့ စကားပြေတစ်ပုဒ်ပါပဲ"

အမှန်မှာ စာပေသမားသည် မုဝမ်းချင်နှင့်တန်ဦ ကြည်နူးနေကြသည်ကိုတွေ့ရသဖြင့် တန်ဦ မနေတတ် မထိုင်တတ်ဖြစ်နေမည်ကိုတွေးကာ ယင်းကဲ့သို့ စာပေအကြောင်းများပြောဆိုပြီး စကားလွှဲလိုက်ခြင်းဖြစ်သည်။

မုဝမ်းချင် မျက်မှောင်ကုတ်သွားသည်။

စာပေသမားနှင့်တန်ဦတို့ စာပေအကြောင်းသာပြောဆိုရမည်ဆိုလျှင် ပတ်ဝန်းကျင်ကိုပင် မေ့တတ်သည်ကိုတွေးမိပြီး ပြုံးလိုက်လေသည်။

တန်ဦက မုဝမ်းချင်ဘက်သို့လှည့်လိုက်ပြီး-

"ဟောဒါက အစ်ကိုကျူတန်းစင်ပါ၊ ကျုပ်ရဲ့အရင်းနှီးဆုံး မိတ်ဆွေပေါ့"

ကျူတန်းစင်သည် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး လေးစားစွာ ဦးညွှတ်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

မုဝမ်းချင်က ပြန်လည်ဦးညွှတ်လိုက်ပြီး. . .

"ဟုတ်ကဲ့ ကျွန်မလဲဝမ်းသာပါတယ်"

ကျူတန်းစင်သည် မုဝမ်းချင်အားအကဲခတ်ကြည့်လိုက်၏။

"အင်း. . မုဝမ်းချင်ဟာ အတော်ရက်စက်ကြမ်းကြုတ်တဲ့ မိန်းကလေးတစ်ယောက်လို့ ကျော်ကြားပေမယ့်၊ သူ့ရဲ့ရုပ်ရည်ကတော့ လုပချောမောနေပါလား၊ အင်း. . . မင်းသားလေးနဲ့ သူဟာ တော်တော်ကလေး ရင်းရင်းနှီးနှီးရှိနေတယ်၊ ငါဘယ်လိုလုပ်ရမလဲ"

ဟု တွေးနေမိလေသည်။ မုဝမ်းချင်က ပြုံးပြလိုက်သည်။

"ရှင်ကတော့ သဘောကောင်းသားပဲ၊ ခုန လူသုံးယောက်ကတော့ဆိုးတယ်"

ကျူတန်းစင်က ဦးညွှတ်လိုက်ပြန်သည်။

"ဒီလိုပါခင်ဗျာ၊ သူတို့လဲ သဘောကောင်းကြပါတယ်၊ ခုနက မင်းသားလေးသေသွားတယ်ကြားလို့ စိတ်ထိခိုက်ပြီး ပြောမိပြောရာ ပြောလိုက်တာပါ။ ဒါကို ကျုပ်ကပဲတောင်းပန်ပါတယ်ဗျာ"

"ကိစ္စမရှိပါဘူးရှင်"

ကျူတန်းစင်သည် တန်ဥဘက်သို့လှည့်လိုက်သည်။

"ကဲ. . . မင်းသားလေး ဒီနေရာမှာ ကြာကြာနေလို့မဖြစ်ဘူးထင်တယ်၊ နေပြည်တော်ကိုပြန်ကြရအောင်ဗျာ"

တန်ဥသည် မုဝမ်းချင်အားကြည့်ပြီး မည်သို့ပြုလုပ်ရမည်မသိဘဲ အခက်ကြုံနေသည်။

ကျူတန်းစင်က တန်ဥ၏သဘောကိုနားလည်လိုက်၏။

"ဪ- ဒါနဲ့ ညီမအချိန်ရမယ်ဆိုရင် ကျုပ်တို့တာလိနိုင်ငံကို တစ်ခါထဲလိုက်လည်ပေါ့ဗျာ ဟုတ်လား"

မုဝမ်းချင်သည် တန်ဥအား မသိမသာကြည့်လိုက်သည်၊ တန်ဥက မျက်မှောင်ကုပ်ကာ-

"ကျုပ်ပြန်သွားရင်တော့ ဖေဖေနဲ့ဦးလေးက ဆူမှာပဲ"

"ဒီအတွက် မပူပါနဲ့တော့မင်းသားလေး၊ ခုနေအခါမှာ လူမိုက်ကြီးလေးယောက်စလုံးရောက်နေပြီလို့ သတင်းကြားတယ်၊ နန်းတော်ကို မပြန်ဘဲနေရင် တော်ကြာ သူတို့နဲ့တွေ့ကြရလိမ့်မယ်"



တန်ဥသည် အနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ပြန်ကြတာပေါ့ဗျာ"

သူသည် မုဝမ်းချင်ဘက်သို့လှည့်လိုက်သည်။

"ကဲ. . . ညီမလဲ တစ်ခါထဲလိုက်ခဲ့ပေါ့၊ ဟုတ်လား"

မုဝမ်းချင် အသာအယာခေါင်းညိတ်ပြလိုက်လေသည်။

❖

တန်ဥတို့ တောင်ပေါ်မှဆင်းလာကြသောအခါ တောင်အောက်တွင် မြင်းငါးကောင်အသင့်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ကျူတန်းစင်က ပြုံးလိုက်ပြီး. .

"ကဲ. . ဟောဒီကမြင်းတွေဟာ ထင်းခွေသမားတို့ရဲ့မြင်းတွေဖြစ်ရမယ်"

သူသည်ပြောရင်း မြင်းသုံးကောင်ကိုဆွဲကာ တန်ဥနှင့် မုဝမ်းချင်အား ပေးလိုက်လေသည်။

ထို့နောက် ထိုနေရာမှ မောင်းနှင်ထွက်ခွါသွားလေသည်။

ညရောက်သောအခါ သူတို့သည် မြို့ကလေးတစ်မြို့သို့ရောက်ရှိလာကြ၏။ သို့ဖြင့် တည်းခိုခန်းတစ်ခု၌အခန်းသုံးခန်းငှါး၍ တစ်ညတာ အိပ်စက်အနားယူလိုက်လေသည်။

မုဝမ်းချင်သည် အိပ်၍မပျော်နိုင်သေးသဖြင့် စားပွဲပေါ်ထွန်းညှိထားလိုက်သောဖယောင်းတိုင်အားထိုင်ကြည့်ရင်း အတွေး

နယ်ချဲ့နေမိလေသည်။

"သူ ငါ့ကိုသံယောဇဉ်ရှိလို့သာ အခုလို အသက်စွန့်ပြီး ငါ့ဆီ ရောက်အောင်လာတာဖြစ်မယ်၊ သူ့ရဲ့မိတ်ဆွေတွေကလဲ နယ်နယ် ရရမဟုတ်ဘူးဆိုတာ ထင်ရှားနေတယ်"

သူတို့က သူ့ကိုတော်တော်ရိုသေလေးစားပုံရတယ်. .

သူက ချမ်းသာကြွယ်ဝတဲ့သားသမီးများလား. .

ဒါမှမဟုတ် မင်းစိုးရာဇာထဲကဖြစ်နေမလား. .

အင်း. . . ခက်ပါတယ်လေ၊

ငါက သူနဲ့လက်ထပ်မယ်လို့သာပြောထားတာ. .

သူ့အိမ်ကိုလိုက်သွားလို့ကော သင့်တော်ပါ့မလား. .

သူ့ကြည့်ရတာ သူ့ဦးလေးနဲ့သူ့အဖေကို အတော်ကြောက် ပုံရတယ်. .

အေးလေ. . . ဘာပဲဖြစ်ဖြစ် ငါ့ကို ကိုယ်တို့ကားယားလုပ်ရင် တော့ ငါ့ရဲ့မြားကလေးနဲ့ အားလုံးကိုပစ်သတ်လိုက်မှာပဲ"

သူမသည် ယင်းသို့ ရောက်မိရောက်ရာ စိတ်ကူးနေစဉ်မှာ ပင် ပြတင်းပေါက်မှ တံခါးခေါက်သံကြားလိုက်ရလေသည်။

မုဝမ်းချင်သည် ဖယောင်းတိုင်မီးအား လျင်မြန်စွာငြိမ်း သတ်လိုက်သည်။

"ကျုပ်ပါ မုဝမ်းချင်"

တန့်ဥ၏အသံဖြစ်သည်။

"ဟင်. . . ရှင် ဘာကိစ္စနဲ့အချိန်မတော်လာရတာလဲ"

"တံခါးမြန်မြန်ဖွင့်စမ်းပါ၊ ကျုပ် အရေးကြီးတဲ့စကားပြော



စရာရှိလို့"

မုဝမ်းချင် ရင်ထိတ်သွားသည်။

"မဖွင့်ဘူး၊ ကျွန်မ မဖွင့်နိုင်ဘူး"

"ဒါဖြင့်လဲ မြန်မြန်ထွက်လာခဲ့၊ ငါတို့မြန်မြန်သွားကြမယ်"

မုဝမ်းချင် အံ့ဩသွားသည်။

"ရှင် ဘာဖြစ်လို့လဲ"

"အစ်ကိုကျူ အိပ်ပျော်နေတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ကျုပ် အိမ်မပြန်ချင်သေးဘူး၊ ဒါကြောင့် သူအိပ်နေတုန်း ကျုပ်တို့ မြန်မြန်ထွက်ပြေးကြရအောင်"

မုဝမ်းချင်သည် တန့်ဥ၏မိဘများကိုတွေ့ရမှာ စိတ်ထဲ၌ စိုးရိမ်နေသည်။ တန့်ဥက အိမ်မပြန်ဘဲ မိမိနှင့်အတူထွက်ပြေးမည် ဟုပြောလာသောအခါ ဝမ်းမသာဘဲ မနေနိုင်တော့ပါ။

သူမသည် ပြတင်းပေါက်အား အသာအယာတွန်းဖွင့်ပြီး အခန်းထဲမှ ခုန်ထွက်လိုက်၏။ တန့်ဥက ပြုံးပြလိုက်သည်။

"ညီမ ဒီမှာစောင့်နေ၊ ကျုပ် မြင်းသွားယူလိုက်ဦးမယ်"

"မလုပ်နဲ့- မြင်းခွါသံကြားရင် ရှင့်လူနိုးသွားမှာပေါ့"

တန့်ဥသည် မိမိ၏နဖူးအား ထုလိုက်ပြီး. .

"ဟုတ်သားပဲ၊ ကျုပ်မေ့နေလိုက်တာ"

သူတို့သည် ခြေဖော့နင်းကာ တည်းခိုခန်းမှထွက်ခွါခဲ့ကြ လေတော့သည်။

တန့်ဥနှင့်မုဝမ်းချင်တို့သည်. . .

တစ်ယောက်လက် တစ်ယောက်ဆွဲကာ အရှေ့ဘက်သို့ မျက်နှာမူ၍ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာခဲ့ကြသည်။

သုံးမိုင်ကျော်ကျော်ခန့်လျှောက်မိသောအခါ သူတို့နောက်ကို တစ်စုံတစ်ယောက်မျှ လိုက်မလာမှန်းသိလိုက်ရသဖြင့် သူတို့ စိတ်သက်သာရာရရှိသွားလေသည်။

လျှောက်နေသောခြေလှမ်းများကို အရှိန်လျှော့ချလိုက်လေသည်။ မုဝမ်းချင်က တန့်ဥအား တစ်ချက်ကြည့်လိုက်ပြီး. . .

"ရှင်က ဘာဖြစ်လို့ အိမ်မပြန်ချင်ရတာလဲ"

"ကျုပ်အိမ်ပြန်သွားရင် ကျုပ်ဖေဖေက ချုပ်ချယ်ဦးမှာပဲ၊ ညီမကိုတွေ့ဖို့ လွယ်မှာမဟုတ်တော့ဘူး"

မုဝမ်းချင်၏ရင်ထဲ ပီတိဖြာသွားလေသည်။

"ဟာ ဒါဆိုသိပ်ကောင်းတာပေါ့၊ ရှင်နဲ့ကျွန်မ ခြေဦးတည့်ရာ လျှောက်သွားနေတာအကောင်းဆုံးပဲ"

တန့်ဥ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်- ကျုပ်က အချုပ်အချယ်မခံချင်လို့ အခုလို တစ်ယောက်ထဲ အိမ်ကထွက်လာခဲ့တာပေါ့"

"နေပါဦး၊ ကျွန်မတို့ အခု ဘယ်ကိုသွားကြမှာလဲ၊ ဒီလို လျှောက်နေလို့တော့ မဖြစ်ဘူးထင်တယ်"

တန့်ဥက အနည်းငယ်စဉ်းစားလိုက်ပြီး. . .

"ပထမ ကျူတန်းစင်တို့လူစုကိုရှောင်ရမယ်၊ ဒုတိယ တောင်ပင်လယ်မိကျောင်းတို့နဲ့လဲ မဆုံမိအောင်ကြိုးစားရမယ်"



မုဝမ်းချင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့အနောက်မြောက်ဘက်ကို သွားကြမယ်၊ ရွာတစ်ရွာမှာ ဆယ်ရက်တန်သည် တစ်လတန်သည် နေလိုက်ရင် အဆင်ပြေသွားလိမ့်မယ်"

တန့်ဥ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးနေကြသည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် အနောက်မြောက်ဘက်သို့ ဦးတည်ကာလျှောက်သွားကြလေတော့သည်။

ကောင်းကင်တစ်ခုလုံးသည် မီးခိုးရောင်များဖြင့် သန်းနေသည်။ မိုးလင်းလာသည်ဖြစ်သော်လည်း နေရောင်ခြည်က မထွက်သေးပါ။

မုဝမ်းချင်နှင့်တန့်ဥတို့သည် လက်ချင်းတွဲလျက် ခြေလှမ်းသုတ်သုတ်ဖြင့်လျှောက်လာနေသည်။

"ကျွန်မမှာ ရန်သူတွေတော်တော်များများရှိတယ်၊ နေ့ဘက်လျှောက်သွားရင် အနှောင့်အယှက်တွေ့ကောင်းတွေ့လိမ့်မယ်၊ ဒါကြောင့် နေ့ဘက်မှာအနားယူအိပ်စက်ပြီး ညကျမှခရီးဆက်ရင် ကောင်းမယ်"

မုဝမ်းချင်ကအကြံပြုသည်။

တန့်ဥက ခေါင်းညိတ်လိုက်၏။

"ကောင်းသားပဲ- ညီမသဘောပဲလေ"

မုဝမ်းချင် ပြုံးလိုက်သည်။

"အောင်မာ- ခုမှ လောကွတ်ချော်နေလိုက်တာ၊ ဒါနဲ့ ရှင့်ကို စကားတစ်ခွန်းမေးဖို့ ကျန်သေးတယ်"

"ရှင် ခုနစ်ရက် ခုနစ်လီ ကျွန်မဆီကိုမလာဘဲနဲ့ ဘယ်သွားနေသလဲ၊ ပြောစမ်း"

သူမ၏စကားမဆုံးသေးပါ။ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေ၏။

သူတို့သွားမည့်လမ်း၏ရှေ့တည့်တည့်၌ လူတစ်ယောက်က မြင်းသုံးကောင်နှင့်ရပ်စောင့်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ထိုလူမှာ ကျူတန်းစင်ပင်ဖြစ်ပါသည်။

"ဟာ. . . ဒုက္ခပါပဲ"

တန့်ဥသည် မုဝမ်းချင်၏လက်ကိုဆွဲကာ. . .

"ကဲ. . . မြန်မြန်သွားကြစို့"

မုဝမ်းချင် သက်ပြင်းချလိုက်သည်။

သူမသည် ခေါင်းခါယမ်းရင်း. . .

"တို့ပြေးလို့လဲ မလွတ်တော့ပါဘူးကွယ်"

သူမသည် ကျူတန်းစင်၏ရှေ့သို့လျှောက်သွားပြီး စာအုပ်ကိုသာ အာရုံပြုနေသောကျူတန်းစင်ကို ပြုံးပြလိုက်လေသည်။

"စောစောစီးစီး စာဖတ်နေပါလား"



ကျူတန်းစင်က ပြုံးပြလိုက်သည်။

သူသည် တန့်ဥဘက်သို့လှည့်လိုက်ပြီး. . .

"မင်းသားလေး ကျွန်တော် ဘာစာတွေဖတ်နေသလဲဆိုတာ ရိပ်စားမိသလားဗျာ"

သူသည် ပြောရင်း စာပိုဒ်တစ်ပိုဒ်အား ရွတ်ဖတ်ပြလိုက်သည်။ တန့်ဥသည် အာရုံစိုက်၍နားထောင်ပြီး. . .

"ဟာ- ဒါ ကဗျာဆရာဝေတင်ရဲ့ကဗျာပါပဲလား"

"ဟုတ်ပါတယ်၊ မင်းသားလေးက စာအတော်များများဖတ်နိုင်တဲ့အတွက် လေးစားပါတယ်"

ကျူတန်းစင်က မုဝမ်းချင်ဘက်သို့လှည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျားနဲ့မင်းသားလေးတို့က ဘယ်ကိုသွားကြတော့မလို့လဲ"

"တာလီနိုင်ငံပေ့ါ၊ အခု ကျွန်မတို့သွားနေတဲ့လမ်းက မှန်တယ်မဟုတ်လား"

"ရပါတယ်. . . တာလီနိုင်ငံကို အရှေ့ဘက်ကပဲသွားသွား အနောက်ဘက်ကပဲသွားသွား ရောက်မှာပါပဲဗျာ"

တန့်ဥသည် သက်ပြင်းတစ်ချက်ချပြီး မြင်းပေါ်သို့တက်လိုက်လေသည်။

ထို့နောက် သုံးယောက်သား အရှေ့ဘက်သို့ဆက်၍ ခရီးနှင်ထွက်ခွါသွားကြလေတော့သည်။

ညနေဆည်းဆာချိန်သို့ ရောက်သောအခါ တန့်ဉတို့သည် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ထိုနေရာတွင် စားသောက်ဆိုင်တစ်ဆိုင်ရှိနေသည်ကို တွေ့ရသောကြောင့် သူတို့သည် ညနေစာစားရန် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်ခဲ့ကြလေသည်။

ယင်းစားသောက်ဆိုင်သည် လမ်းဆုံလမ်းခွတွင် တည်ရှိ၏။ ခရီးသွားလာကြသောလူများသည် ဤနေရာတွင် တစ်ထောက်နားကြသဖြင့် အလွန်စည်ကားလှသည်။

သူတို့သုံးယောက်သည် ပြတင်းပေါက်နှင့်ကပ်လျက် စားပွဲတစ်လုံး၌ထိုင်ချပြီး စားသောက်ဖွယ်ရာများကို မှာကြားစားသောက်ကြလေသည်။

သူတို့ ယင်းသို့စားသောက်နေစဉ် ဆိုင်ထဲသို့ အလွန်ပိန်လှီပြီး အရပ်ရှည်သောလူတစ်ယောက် ဝင်ရောက်လာသည်ကိုတွေ့လိုက်ရလေသည်။

ထိုလူသည် ဆိုင်ထဲသို့ရောက်သည်နှင့် လွတ်နေသောနေရာတစ်ခုတွင် ဝင်ရောက်ထိုင်ချလိုက်သည်။

ထို့နောက် အက်ကွဲသောအသံဖြင့်. . .

"ဟေ့. . . မြန်မြန်၊ အရက်တစ်အိုးနဲ့အမဲသားကင်ယူခဲ့"

ထိုအသံကိုကြားလိုက်သည်နှင့် မုဝမ်းချင်ရင်ထိတ်သွားလေသည်။ အသာအယာလှည့်ကြည့်လိုက်ရာ ထိုလူမှာ လူမိုက်လေးယောက်အနက် အမှတ်စဉ်လေး ဗျိုင်းဖြူဖြစ်နေသည်ကိုမှတ်မိလိုက်သောကြောင့်ဖြစ်သည်။



သူမသည် လက်ညှိုးဖြင့်ရေနွေးကြမ်းကိုတို့ကာ စားပွဲပေါ်တွင် စာရေးပြလိုက်လေသည်။

"လူမိုက်တစ်ယောက် ရောက်နေတယ်"

ကျူတန်းစင်က မသိမသာလှည့်ကြည့်လိုက်သည်။

ဗျိုင်းဖြူအား တွေ့မြင်လိုက်ရသောအခါ မျက်နှာအနည်းငယ်ပျက်သွား၏။ လက်ညှိုးဖြင့် ခေါက်ဆွဲဟင်းရည်ကိုတို့၍ စားပွဲပေါ်၌ စာရေးလိုက်လေသည်။

"မြန်မြန်သွားကြ. . ကျွန်တော့်ကိုမစောင့်နဲ့"

မုဝမ်းချင်သည် တန့်ဉ၏လက်ကိုဆွဲကာ ထိုင်ရာမှထပြီး ဆိုင်နောက်ဘက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေသည်။

ဗျိုင်းဖြူသည် တစ်စုံတစ်ယောက်ကိုစောင့်နေသည့်အလား ဆိုင်ရှေ့ဘက်သို့သာ မျက်နှာမူထားလေသည်။

သူသည် အနောက်ဘက်မှ အသံများကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မုဝမ်းချင်နှင့်တန့်ဉတို့၏နောက်ကျောကို လှစ်ခနဲမြင်လိုက်ရသည်။

"ဟေ့- ဘယ်သူလဲ၊ ရပ်လိုက်စမ်း"

သူသည် ယင်းသို့အော်ရင်း ထိုင်ရာမှထကာ မုဝမ်းချင်၏နောက်သို့ ခြေလှမ်းကျဲကျဲဖြင့်လိုက်လေသည်။

ထိုစဉ် သူ့ရှေ့မှ ကျူတန်းစင်ကခေါက်ဆွဲပန်းကန်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ရောက်ရှိလာသည်။

"ဟောဗျာ. . ."

သူသည် မတော်တဆတိုက်မိဟန်ဖြင့် ပူလောင်သော ခေါက်ဆွဲတစ်ပန်းကန်လုံးကို ဖျိုင်းဖြူ၏မျက်နှာသို့ပက်လိုက်လေ၏။ သူတို့နှစ်ယောက်သည် အလွန်နီးကပ်နေသည်ကတစ်ကြောင်း. .

ဖျိုင်းဖြူကလည်း ယင်းသို့သူ့အားပြုလုပ်လိမ့်မည်ဟု မျှော်လင့်မထားသည်ကတစ်ကြောင်းကြောင့် ရှောင်တိမ်းနိုင်ခြင်းမရှိဘဲ မျက်နှာတစ်ခုလုံး ခေါက်ဆွဲအရည်နှင့်အဖတ်များ ပေကျံသွားလေတော့သည်။

သူ၏မျက်လုံးများမှာလည်း "ပူစပ်ပူလောင်ဖြစ်ကာဖွင့်မရ ဖြစ်သွားလေ၏။ သူသည် ဒေါသချောင်းချောင်းထွက်လာကာ ကျူတန်းစင်၏ရင်ဝသို့ လက်ချောင်းငါးချောင်းဖြင့် ကုပ်ချလိုက်လေသည်။ ကျူတန်းစင်က အနီးရှိစားပွဲတစ်လုံးဖြင့်ခံပေးလိုက်၏။

"ဝုန်း. . ."

ဖျိုင်းဖြူ၏လက်ချောင်းများသည် စားပွဲအား စိုက်မိသွားလေသည်။ စားပွဲပေါ်မှဟင်းခွက်များ မြေပေါ်သို့ချော်ကျကာ ကြေမွသွားလေသည်။

ဖျိုင်းဖြူသည် ကျူတန်းစင်ထက် သိုင်းပညာ များစွာသာ၏။

သို့သော်. . . အဖြစ်အပျက်ကမြန်ဆန်လွန်းပြီး ဆိုင်နေရာကလည်း ကျဉ်းကျပ်ရုံမက မျက်နှာတစ်ခုလုံးမှာလည်း ခေါက်ဆွဲဖတ်များကပ်နေသောကြောင့် သူသည် ဒေါသချောင်းချောင်းထွက်နိုင်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ပေ။

ကျူတန်းစင်သည် မြင်းခွါသံကြားလိုက်ရသဖြင့် တန့်ဥတို့ထွက်ပြေးသွားနိုင်ခဲ့ကြောင်း ရိပ်စားမိလိုက်သည်။



ထို့ကြောင့် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်ပေါက်တံခါးဘက်ဆီသို့ဦးတည်ကာ ပြေးလွှားသွားလေတော့သည်။

ဖျိုင်းဖြူသည် ဒေါသချောင်းချောင်းထွက်ကာ ကျူတန်းစင်နောက်သို့ တစ်ဟုန်ထိုးပြေးလိုက်လေသည်။

ကျူတန်းစင်သည် ဖျိုင်းဖြူ၏ကိုယ်ဖော့ပညာမှာ သူ့မတူအောင်ထူးခြားသည်ကိုသိထားသဖြင့် သူသည်အကြံတစ်ခုရကာ-

"ဟေ့. . . တံငါကိုင်တဲ့ကောင်၊ ပေါက်ဆိန်ကိုင်တဲ့ကောင်တွေ. ဝိုင်းထားဟေ့၊ ဒီလူကိုမလွှတ်စေနဲ့"

ဖျိုင်းဖြူသည် တစ်နေ့က တံငါသည်သိုင်းသမားနှင့် ထင်းခွေသိုင်းသမားတို့ကိုရင်ဆိုင်ခဲ့ဘူးသဖြင့် ထိုလူနှစ်ယောက်မှာ သိုင်းပညာအဆင့် အလွန်မြင့်သည်ကိုလည်း သိရှိထားသောကြောင့် သူသည် ကျူတန်းစင်နောက်သို့ ဆက်၍မလိုက်ဝံ့ဘဲ တံငါသည် သိုင်းသမားတို့ဝင်ရောက်လာမည်ကို အာရုံရောက်သွားလေသည်။

ကျူတန်းစင်သည် ဖျိုင်းဖြူလိုက်မလာဝံ့သည်ကိုတွေ့လိုက်ရသောအခါ အပြင်ဘက်သို့ ကပျာကယာထွက်လာပြီး မြင်းပေါ်သို့ ခုန်တက်ကာ တန့်ဥနောက်သို့လိုက်သွားလေတော့သည်။

❋

တန့်ဥနှင့်မုဝမ်းချင်တို့သည် မြင်းကိုဒုန်းစိုင်းပြေးနေ၏။ သူတို့သည် ဆယ်မိုင်ခန့်ပြေးလွှားလာတော့မှ မြင်း၏အရှိန်ကို လျှော့ချလိုက်လေသည်။ မကြာပါချေ။

နောက်မှ မြင်းခွါသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ကျွတ်တန်းစင်လိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။ သူတို့နှစ်ယောက်သည် မြင်းကိုရပ်တန့်ပြီး စောင့်ဆိုင်းနေလိုက်ကြလေသည်။

ရုတ်တရက် မဝင်းချင် မျက်နှာကွက်ခနဲပျက်သွား၏။

"ဟာ- ဒုက္ခပဲ၊ ဟိုလူ လိုက်လာနေတယ်"

ကျွတ်တန်းစင်သည် တန့်ဥအား တွေ့လိုက်ရသဖြင့် မြင်းကို အရှိန်လျှော့လိုက်စဉ် မဝင်းချင်၏စကားကို ကြားလိုက်ရသောအခါ နောက်သို့လှည့်ကြည့်မိသည်။

သူ ထိတ်လန့်တုန်လှုပ်သွား၏။

ဟုတ်ပါ၏။ ဗျိုင်းဖြူသည် ဗျိုင်းတစ်ကောင်ပမာ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

"မြန်မြန်ပြေး"

ကျွတ်တန်းစင်သည် ငေး၍ကြည့်နေသောတန့်ဥအား သတိပေးလိုက်လေသည်။ တန့်ဥတို့သည် မြင်းကိုအရှိန်ပြင်းစွာဖြင့် မောင်းနှင်ပြေးလေတော့၏။

ဤသို့ဖြင့် မြင်းသုံးကောင်သည် ခုနစ်မိုင်ခန့် ထပ်မံပြေးလွှားသွားလေသည်။

မဝင်းချင်စီးနင်းသောမြင်းသည် မောဟိုက်လာသဖြင့် သူမသည် အရှိန်ကိုအနည်းငယ်လျှော့ချလိုက်ရသည်။

ဤသို့အရှိန်လျှော့ချလိုက်သည်နှင့် ဗျိုင်းဖြူသည် နီးကပ်လာပြန်သည်။ ကျွတ်တန်းစင်က မြင်းကိုကပျာကယာအရှိန်မြှင့်လိုက်ရလေ၏။



"ကဲ- မြန်မြန်သာပြေးကြပေတော့၊ နေပြည်တော်ရောက်ရင် သူ့ကိုကြောက်စရာမလိုတော့ဘူး"

ဤသို့ဖြင့် သူတို့သည် မြင်းကိုအစွမ်းကုန်မောင်းနှင်သွားကြရာ နောက်ထပ် ခြောက်မိုင်ခန့်ရောက်ရှိသောအခါ နေပြည်တော်၏ မြို့ရိုးအား လှမ်း၍မြင်တွေ့လိုက်ရလေတော့သည်။

ကျွတ်တန်းစင်သည် အနည်းငယ်စိတ်သက်သာရာရရှိသွားသည်။ နောက်သို့လှည့်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် ဗျိုင်းဖြူသည် စိတ်မပျက်ဘဲ ဇွဲရှိရှိလိုက်လာနေသည်ကိုတွေ့လိုက်ရလေ၏။

ထိုစဉ်. . .

"ဝုန်း. . ."

အသံကြားလိုက်ရသဖြင့်လှည့်ကြည့်လိုက်ရာ တန့်ဥစီးနင်းလိုက်ပါလာသောမြင်းသည် ရှေ့ခြေနှစ်ဖက်ခေါက်၍လဲကျသွားသည်ကို တွေ့လိုက်ရလေသည်။ သူ ရင်ထိတ်သွား၏။

ပြေး၍ဖေးမရန် မြင်းကိုတစ်ဘက်သို့ဆွဲလိုက်ရာ မဝင်းချင်၏မြင်းသည် တန့်ဥ လွင့်စဉ်သွားသောနေရာသို့ ပြေးလွှားသွားပြီး မြင်းပေါ်မှ သူမ၏ကိုယ်ခန္ဓာအပေါ်ပိုင်းသည် အောက်သို့ကွေးချပြီး တန့်ဥအား သူမ၏မြင်းပေါ်သို့ဆွဲတင်လိုက်လေသည်။

ထို့နောက် အရှိန်မပျက် ဆက်လက်မောင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

ကျွတ်တန်းစင်သည် မဝင်းချင်၏သွက်လက်သော လှုပ်ရှားပုံကို တွေ့မြင်ရသဖြင့် မဝင်းချင်အပေါ် ကြိတ်၍ချီးကျူးလိုက်မိလေသည်။

သူသည် ယင်းသို့ငေး၍ကြည့်နေစဉ်မှာပင် သူ့နောက်သို့ အရာဝတ္ထုတစ်ခုပစ်လွှင့်လာသည့်လေတိုးသံကို ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်ရာ ဖျိုင်းဖြူ၏သံမဏိလက်ချောင်းများ ဖြစ်ကြောင်းကို တွေ့လိုက်ရလေသည်။

သူသည် လျှပ်တစ်ပြက် ယပ်တောင်ဖြင့်ရိုက်ချလိုက်လေသည်။ ထိုအခါ သံမဏိလက်ချောင်းများသည် အောက်သို့စိုက်ကျသွားပြီး မြင်း၏တင်ပါးအား ကုပ်ချမိသွားလေသည်။

မြင်းသည်နာကျင်သွားသဖြင့် တစ်ချက်ဟီပြီး ပို၍လျင်မြန်စွာ ပြေးလွှားသွားတော့သည်။

ဖျိုင်းဖြူသည် လိုက်၍မမီသဖြင့် အံကိုတင်းတင်းကြိတ်ကာ ဆက်၍လိုက်လေသည်။

❀

မြင်းတစ်ကောင်က လူနှစ်ယောက်၏အလေးကို ထမ်းထားရသည်။ ကျန်မြင်းတစ်ကောင်မှာမူ တင်ပါး၌ ဒဏ်ရာရရှိထားသဖြင့် မြင်းနှစ်ကောင်စလုံး မပြေးနိုင်တော့ပါ။

တစ်စထက်တစ်စ ခြေလှမ်းနှေးကွေးလာသည်။

မုဝမ်းချင် စိုးရိမ်ပူပန်လာ၏။

သူမ၏မျက်နှာတစ်ခုလုံးမှာလည်း ရှုံ့မဲ့နေသည်။

တန့်ဥမှာမူ သူတို့၏အခြေအနေမှာ အလွန်ဆိုးဝါးနေပြီ ဖြစ်သည်ကို သိရှိဟန်မရှိပါ။



ဖျိုင်းဖြူကား တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။

တန့်ဥသည် မုဝမ်းချင်အား မော့ကြည့်လိုက်လေသည်။

"မုဝမ်းချင်၊ ဒီလူ တော်တော်ကြောက်စရာကောင်းပါလား"

မုဝမ်းချင်က ခေါင်းညိတ်ပြလိုက်လေသည်။

"အစ်ကိုကျူကကော သူ့ကိုမနိုင်ဘူးလား"

တန့်ဥ ခေါင်းခါပြလိုက်သည်။

"ကျုပ်တို့နှစ်ယောက်တောင် သူ့ကိုနိုင်ဖို့မလွယ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

မုဝမ်းချင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး . .

"ဒီလိုလုပ် ကျွန်မက မြင်းပေါ်ကလိမ့်ကျသွားသလို ဟန်ဆောင်ပြီး သူ့ကိုအဆိပ်မြားနဲ့အလစ်တိုက်မယ်၊ ရှင်သာလွတ်အောင် ပြေးပေါ့"

တန့်ဥ ခေါင်းခါယမ်းလိုက်သည်။

"မလုပ်နဲ့ မလုပ်နဲ့၊ မင်းဒုက္ခရောက်သွားမယ်"

သူသည်ပြောရင်း မုဝမ်းချင်၏ခါးကို တင်းကြပ်စွာ ဖက်ထားလိုက်လေသည်။

"အို . . ဒါဘာလုပ်တာလဲ၊ လွှတ်စမ်းပါ၊ တော်ကြာ အစ်ကို ကျူတွေ့သွားရင် ဘယ်ကောင်းမလဲ"

"ဟာ ဟုတ်သားပဲ၊ ကျုပ်သတိမထားမိဘူး၊ စိတ်မဆိုးနဲ့နော်"

"ရှင်က ကျွန်မယောကျ်ားဘဲ ဘာဖြစ်လို့စိတ်ဆိုးရမှာလဲ"

ထိုစဉ် ဖျိုင်းဖြူသည် ပို၍နီးကပ်လာပြီဖြစ်လေသည်။

မြင်းနှစ်ကောင်မှာမူ ပို၍နှေးကွေးလာ၏။ မတတ်နိုင်သည့်အဆုံး ကျူတန်းစင်သည် မြင်းပေါ်မှဆင်းလိုက်လေသည်။

"ကဲ. . . မင်းတို့သာလွတ်အောင်ပြေးကြ သူ့ကို ကျွန်တော်ခဏ ဟန့်တားထားလိုက်ဦးမယ်"

မုဝမ်းချင်သည် မြင်းကိုခြေထောက်ဖြင့်တော့ကာ ရှေ့သို့ဆက်လက်မောင်းနှင်သွား၏။ ကျူတန်းစင်က တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ဗျိုင်းဖြူပြေးလမ်းကို ပိတ်၍ရပ်လိုက်လေသည်။

ဗျိုင်းဖြူသည် အနီးသို့ရောက်လာသောအခါ သူသည် ကျူတန်းစင်အား တိုက်ခိုက်ခြင်းမပြုဘဲ ရုတ်တရက် လမ်းဘေးသို့ ကွေ့ပတ်ကျော်လွှားပြီး တန့်ဥနောက်သို့သာ လိုက်သွားလေသည်။

"ဟာ- ဒုက္ခပဲ"

ကျူတန်းစင်သည် ဗျိုင်းဖြူ ကျော်ဖြတ်ပြေးလွှားသွားသည်ကိုတွေ့ရသောအခါ ယင်းသို့ညည်းညူလိုက်ပြီး-

နောက်မှ ပြေးလိုက်သွားလေတော့သည်။

❋

တန့်ဥစီးနှင်းလိုက်ပါလာသောမြင်းသည် မောဟိုက်လွန်း၍ အမြှုပ်တစီစီထွက်နေသည်။

တန့်ဥ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း. . ညီမရဲ့နှင်းဆီနက်မြင်းသာရှိရင် တို့အခုလို ဒုက္ခရောက်မှာမဟုတ်ဘူး"



မုဝမ်းချင် စကားမပြောနိုင်ပါ။

မြင်းကို အတတ်နိုင်ဆုံးမောင်းနှင်နေလေသည်။

ဤသို့ဖြင့် သူတို့သည် အလွန်ဖြောင့်ဖြူးသော မင်းလမ်းမကြီးတစ်ခုပေါ်သို့ ရောက်ရှိသွားကြလေတော့သည်။

❋

မုဝမ်းချင်သည် ဗျိုင်းဖြူက နောက်မှတဖြည်းဖြည်းနီးကပ်လာသည်ကိုတွေ့လိုက်ရသောအခါ ဆက်၍ပြေးသွားရန်မဖြစ်မှန်းရိပ်စားမိလိုက်လေသည်။

သို့သော် ယင်းလမ်း၏ တစ်ဘက်တစ်ချက်တွင် မြေပြန့်များသာဖြစ်ပြီး ပုန်းအောင်းရန်နေရာဟူ၍ တစ်ခုမှမတွေ့ရချေ။

သူမ စိုးရိမ်ထိတ်လန့်နေစဉ်မှာပင် တန့်ဥသည်ဝဲဘက်သို့ညွှန်ပြပြီး. . .

"ဟာ- ဟုတ်ပြီ၊ အဲဒီဘက်ကိုမောင်းသွားပါ"

ဟု ပြောလိုက်လေသည်။

မုဝမ်းချင်သည် တန့်ဥညွှန်ပြရာဘက်သို့ ကြည့်လိုက်ရာ ယင်းနေရာတွင် သီလရှင်ကျောင်းတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

"အဲဒီကိုဝင်သွားရင် ရှေ့ကို ပြေးပေါက်ဘယ်ရှိတော့မှာလဲ"

တန့်ဥက ပြုံးလိုက်သည်။

"ကျုပ်ပြောသလိုသာလုပ်စမ်းပါ၊ မမှားစေရပါဘူး"

မုဝမ်းချင်သည် မတတ်နိုင်သည့်နောက်ဆုံး တန့်ဉညွှန်ရာဘက်သို့မောင်းနှင်သွားလေသည်။

မကြာမီ သီလရှင်ကျောင်းရှေ့သို့ ရောက်ရှိလာလေတော့သည်။ မုဝမ်းချင်သည် ပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

သူမ ကြိုတင်တွက်ဆထားသည့်အတိုင်း ဤနေရာသည် ထွက်ပေါက် လုံးဝမရှိသောနေရာတစ်ခုဖြစ်သည်။

“ဒုက္ခပဲ- ဒီစာပေရှူးက ငါ့ကိုဒီလာခိုင်းတာ ပြေးပေါက်တောင် မရှိတော့ဘူး၊ ကဲပါလေ၊ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာပုန်းပြီး အဆိပ်မြားနဲ့ပဲ ခုခံရတော့မှာပဲ”

သူမသည် ယင်းသို့တွေးနေစဉ်မှာပင် သူ့နောက်မှ ရယ်မောသံတစ်သံ ကြားလိုက်ရလေသည်။

“ဟား- ဟား- ဟား- မင်းတို့ ဘယ်ပြေးမလဲပြောစမ်း”

ဖျိုင်းဖြူ၏အသံပင် ဖြစ်ပါသည်။

တန့်ဉ ထိတ်လန့်သွားသည်။ မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး

“မေမေ- မေမေ၊ ကျွန်တော်တို့ကိုကယ်ပါဦး”

ဟုအော်ဟစ်၍ အကူအညီတောင်းနေလေသည်။

မုဝမ်းချင်သည် ဒေါသထွက်သွား၏။

“ရှင် ဘာတွေလျှောက်အော်နေတာလဲ၊ တိတ်စမ်း”

ဖျိုင်းဖြူက ခါးထောက်၍ရယ်လိုက်လေသည်။

“ဟေ့- မင်း အမေကိုမပြောနဲ့၊ မင်း အဖေကိုပါ ခေါ်လိုက်စမ်း”



မုဝမ်းချင်ကလည်း မြင်းပေါ်မှခုန်ဆင်းပြီး မြင်းကို အကာအကွယ်ယူကာ ဖျိုင်းဖြူထံသို့ မြားတစ်စင်းပစ်လွှင့်လိုက်သည်။

ဖျိုင်းဖြူက ရှောင်တိမ်းလိုက်သည်။

“ဟဲ- ဟဲ- ဟဲ- မင်းရဲ့မြားက မကုန်သေးဘူးလားကွ”

သူသည် ပြောရင်း လက်ထဲမှသံမဏိလက်ချောင်းဖြင့် မုဝမ်းချင်အား တိုက်ခိုက်လိုက်လေသည်။

မုဝမ်းချင်က ဓားကိုဆွဲထုတ်ပြီးခုခံနေ၏။

“ဟား- ဟား- ဟား-”

သူသည် ရယ်မောရင်း ရှေ့သို့တစ်လှမ်းတိုးတိုက်ခိုက်နေ၏။

မုဝမ်းချင်သည် ခုခံရင်း နောက်သို့ဆုတ်သွားရလေသည်။

“ဟား- ဟား- ဟား- မင်းဘယ်ပြေးမလဲကွ”

သူသည် ပြောရင်း ရှေ့သို့တစ်လှမ်းတိုးလိုက်ပြီး မုဝမ်းချင်အား သံမဏိလက်ချောင်းများဖြင့် ကုပ်ယူရန်ဟန်ပြင်လိုက်စဉ်-

သီလရှင်ကျောင်းတံခါးသည် ရုတ်တရက်ပွင့်သွားလေ၏။

သီလရှင်တစ်ယောက် ပြုံး၍ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုသီလရှင်သည် အသက်လေးဆယ်ကျော်ခန့်ရှိမည်ဟုထင်ရလေသည်။ ရုပ်ရည်ချောမောပြီးခန့်ညားသည်။

သူမ၏လက်တစ်ဖက်တွင် မြင်းမြီးဖုန်ခါတံတစ်ခု ကိုင်ထားလေသည်။ သူမသည် တန့်ဉအားတွေ့လိုက်သည်နှင့်-

“ဘယ်လိုလဲ- ဒီမှာလာပြီး အော်ကြီးဟစ်ကျယ်နဲ့မရှက်ဘူးလား”

သူမသည် ပြောရင်း တန့်ဉ၏လည်ပင်းအားဖက်ထား

လိုက်လေသည်။ မုဝမ်းချင် ဒေါသထွက်သွားသည်။

ရန်သူနှင့်ရင်ဆိုင်နေရသည်ကို သတိမေ့လျော့ကာသီလရှင်ထံသို့ရောက်ရှိသွားပြီး လက်ဝါးဖြင့် သီလရှင်အားရိုက်ချလိုက်သည်၊

"ရှင်- ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့သူ့ကိုဖက်ထားရတာလဲ"

တန့်ဥက ကပျာကယာဟန့်တားလိုက်သည်။

"မုဝမ်းချင် မလုပ်နဲ့"

မုဝမ်းချင်သည် တန့်ဥက သီလရှင်အပေါ်အကာအကွယ်ပေးနေသည်ကိုတွေ့ရသောအခါ ပို၍ဒေါသထွက်သွားလေသည်၊

သူမသည် လက်ဝါးတွင် အတွင်းအားများစုစည်းကာ သီလရှင်၏ရင်ဝသို့ ရိုက်ချလိုက်သည်။

သီလရှင်သည် မြင်းမွေးတံဖြင့် စက်ဝိုင်းပုံသဏ္ဍာန်တစ်ခုဝိုင်းလိုက်ရာ မြင်းမွေးများသည် မုဝမ်းချင်၏လက်ကောက်ဝတ်သို့ရစ်ပတ်ထားလိုက်လေသည်။

သီလရှင်သည် ဘေးသို့တစ်ချက်ဆွဲလိုက်ရာ မုဝမ်းချင်၏ခန္ဓာကိုယ်သည် သူမ၏ဝဲဘက်သို့ ယိမ်းယိုင်သွားလေသည်၊

မုဝမ်းချင် ထိတ်လန့်သွားသည်။

သို့သော် ဒေါသကို မချုပ်တည်းနိုင်ပါ။

"ရှင်- ရှင်က သီလရှင်ဖြစ်ပြီး အရှက်လဲမရှိဘူး"

ဖျိုင်းဖြူသည် ပထမ သီလရှင်အားတွေ့လိုက်ရသောအခါ အမျိုးသမီးနှစ်ယောက်ကို တစ်ပြိုင်နက်တည်း ရရှိနိုင်ပြီဟုတွေးကာ ဝမ်းသာသွားလေသည်။

ယခု. . .



သီလရှင်က မုဝမ်းချင်အား အသာအယာခုခံနိုင်သည်ကို တွေ့လိုက်ရသောအခါ ယင်းသီလရှင်သည် သိုင်းပညာမခေကြောင်း ရိပ်စားမိလိုက်လေသည်။

သူသည် တိုက်ခိုက်ခြင်းမပြုသေးဘဲ သီလရှင်၏အခြေအနေအား အကဲခတ်ကြည့်နေသည်။ သီလရှင်သည် မုဝမ်းချင်ဘက်သို့လှည့်၍ ခေါင်းခါပြလိုက်လေသည်။

"မိန်းကလေး- ညည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ နေပါဦး- ညည်းက သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"ကျွန်မက သူ့- သူ့ဇနီးပါ။ သူ့ကိုလွှတ်လိုက်ပါ"

သီလရှင်သည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

နောက်မှ မျက်နှာတစ်ခုလုံးပြုံးရွှင်လာပြီး တန့်ဥ၏နားရွက်ကိုဆွဲလိုက်သည်။

"ဘယ်လိုလဲ၊ သူပြောတာတကယ်ပဲလား"

တန့်ဥက ပြုံးလိုက်သည်။

"ဟုတ်တယ်ပြောရင်တော့ ဟုတ်တာပေါ့"

သီလရှင်သည် တန့်ဥ၏ပါးကို အသာအယာတစ်ချက် ရိုက်လိုက်သည်။

"ကြည့်စမ်း- မင်းက မင်းအဖေရဲ့ကွန်ဖူးပညာကိုရအောင် မသင်နိုင်ပေမယ့် မင်းအဖေရဲ့မိန်းမပွေတဲ့ပညာကိုတော့ အားလုံးရနေပါလား"

သူမသည် ပြောရင်း မုဝမ်းချင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"အင်း- ဒီမိန်းကလေးက ချောတော့ချောပါရဲ့၊ ဒါပေမယ့် နည်းနည်းရိုင်းတယ်ကွဲ့၊ သွန့်သင်ဆုံးမရလိမ့်မယ်"

မုဝမ်းချင် ဒေါသထွက်သွားသည်။

"ဒါ ရှင်နဲ့မဆိုင်ပါဘူး၊ သူ့ကို အခုချက်ချင်းလွှတ်လိုက်ပါ၊ ဒါမှမဟုတ်ရင် ရှင့်ကိုမြားနဲ့ပစ်သတ်ရမှာပဲ"

သီလရှင်က ပြုံးလိုက်သည်။

"ဟာ- တယ်ဟုတ်ပါလား၊ ညည်းမြား ဘယ်လောက်ထက်တယ်ဆိုတာ ပစ်ကြည့်လိုက်စမ်းပါဦး"

တန့်ဥက ကပျာကယာဟန့်တားလိုက်သည်။

"မုဝမ်းချင်- မပစ်ရဘူး၊ သူ ဘယ်သူလဲဆိုတာသိလား"

သူသည် ပြောရင်း သီလရှင်၏လည်ပင်းကိုဖက်ထားလိုက်သည်။ မုဝမ်းချင် သည်းမခံနိုင်တော့ပါ။

"ဝိုး- ဝိုး"

မြားကလေးနှစ်စင်းဖြင့် ပစ်လွှတ်လိုက်၏။

ပြုံးနေသော သီလရှင်၏မျက်နှာသည် မြားကလေးအား တွေ့လိုက်ရသည်နှင့် မျက်နှာကွက်ခနဲပျက်သွားသည်။

မြင်းမွေးတံဖြင့် မြားနှစ်စင်းအားရိုက်ချလိုက်ရသည်။

သူမ၏ မျက်နှာတစ်ခုလုံးမှောင်မည်းသွား၏။

"ဟော့- ပြောစမ်း၊ သစ်ရွက်ဓား ကျင်းဟုန်မြို့င်က မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

မုဝမ်းချင် ခေါင်းခါယမ်းလိုက်သည်။

"သစ်ရွက်ဓားနဲ့ကျွန်မ မသိဘူး၊ ကျင်းဟုန်မြို့င်ဆိုတာလဲ



ကျွန်မ မသိဘူး"

တန့်ဥသည် သီလရှင် ဒေါသထွက်ပြီး မျက်နှာတစ်ခုလုံး ညိုမည်းလာသည်ကိုတွေ့လိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

"မေမေရယ် စိတ်မဆိုးပါနဲ့နော်"

ထိုစကားလုံးများ မုဝမ်းချင်၏နားထဲသို့ တိုးဝင်မိလိုက်သောအခါ သူမ၏တစ်ကိုယ်လုံး တုန်ခါသွားတော့၏။

သူမ၏နားကိုပင် မယုံနိုင်လောက်အောင်ဖြစ်သွားသည်။

"ရှင်- သူ- သူက ရှင့်အမေဟုတ်လား"

"ဟုတ်တယ်လေ၊ ခုန ငါခေါ်နေတာ မင်းမကြားဘူးလား"

တန့်ဥသည် သီလရှင်ဘက်သို့လှည့်လိုက်ပြီး-

"မေမေ သူကမုဝမ်းချင်ဆိုတာလေ၊ သားရဲ့အသက်ကို အကြိမ်ကြိမ်ကယ်ခဲ့တာ၊ သားရဲ့ကျေးဇူးရှင်ပေါ့"

ထိုစဉ်မှာပင် လူတစ်ယောက် ပြေးလွှားလာသည်။

ထိုလူကား ကျူတုန်းစင်ပင်ဖြစ်ပါသည်။

သူသည် သီလရှင်၏မျက်နှာ မကြည်မသာဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့်-

"ဟင်- မြို့စားကတော် သူနဲ့တိုက်ခိုက်ပြီးပြီလား"

"ဟား- ဟား- ဟား-"

ဗျိုင်းဖြူက အားရပါးရရယ်မောလိုက်သည်။

"တို့ အခုမှ တိုက်ခိုက်မလို့လုပ်တုန်းကွ"

ဗျိုင်းဖြူသည် ယင်းသို့ပြောပြီးသည်နှင့် သူ၏ခန္ဓာကိုယ်

သည် ရုတ်တရက်အပေါ်သို့ခုန်တက်သွားကာ သံမဏိလက်ချောင်းဖြင့် သီလရှင်အားကုပ်ချလိုက်သည်။

သီလရှင်သည် ခန္ဓာကိုယ်ကိုတစ်ဘက်လှည့်ပြီးရှောင်လိုက်သည်။ မြင်းမွေးတံဖြင့် ဗျိုင်းဖြူ၏ခြေထောက်ကို ရိုက်ချလိုက်သည်။

"မဆိုးဘူးဟေ့"

ဗျိုင်းဖြူသည် ယင်းသို့ တစ်ချက်အော်ပြီး ခြေထောက်ကို နောက်သို့ တစ်လှမ်းဆုတ်လိုက်၏။

သူ၏ဝဲဘက်မှ သံမဏိလက်ချောင်းများသည် သီလရှင်၏ ခေါင်းပေါ်သို့ ကုပ်ချလိုက်ပြန်သည်။

သီလရှင်သည် နောက်သို့ မဆုတ်ပါ။ ရှေ့သို့ တိုးလိုက်ပြီး ဗျိုင်းဖြူ၏ဂျိုင်းအောက်မှငုံ့ထွက်ကာ သူမ၏မြင်းမွေးတံဖြင့် ဗျိုင်းဖြူ၏ကျောပြင်သို့ နောက်ပြန်ရိုက်ချလိုက်သည်။

ကိုယ်ဖော့ပညာအလွန်ထက်မြက်သောဗျိုင်းဖြူသည် တစ်ကိုယ်လုံး အပေါ်သို့မြောက်တက်သွားပြီး နောက်ဂွမ်းပစ်ကာ သီလရှင်နှင့် မျက်နှာချင်းဆိုင်ကျလာသည်။

ထိုတခဏ်အချိန်တွင် သူတို့သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသောသိုင်းကွက်များဖြင့် ယှဉ်ပြိုင်လိုက်ကြသည်။

ကျူတန်းစင် မနေနိုင်တော့ပါ။ သူ၏ယပ်တောင်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်၏။ ယပ်တောင်အရွက်များကို တစ်ချပ်နှင့်တစ်ချပ်စုစည်းလိုက်ပြီး ဗျိုင်းဖြူ၏သွေးကြောနေရာသို့ ရွေး၍တိုက်ခိုက်သည်။

တစ်ခါတစ်ခါ ဗျိုင်းဖြူတိုက်ခိုက်လာသော သံမဏိလက်



ချောင်းအား ယပ်တောင်ဖြင့် ကာကွယ်ထားလိုက်လေသည်။

ဗျိုင်းဖြူသည် သိုင်းပညာအဆင့်လည်း မသေး၊ ကိုယ်ဖော့ပညာကလည်း သူမတူအောင်ထူးခြားနေသဖြင့် တစ်ယောက်နှင့်နှစ်ယောက်တိုက်ခိုက်နေသည့်တိုင် အရေးနိမ့်မသွားပါ။

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

သူမ၏မြားကလေးဖြင့် ဗျိုင်းဖြူ၏ရင်ဝသို့ ပစ်လွှင့်လိုက်လေသည်။

ဗျိုင်းဖြူသည် မြင်း၏ဝမ်းဗိုက်အောက်သို့ငုံ့၍ ရှောင်လိုက်ရာ အဆိပ်မြားကလေးသည် မြင်း၏ဝမ်းဗိုက်သို့ ထိမှန်သွားသဖြင့် မြင်းသည် ရှည်လျားစွာတစ်ချက်ဟီလိုက်ပြီး မြေပေါ်သို့လဲကျသွားလေတော့သည်။

✕

ယခု-

သူတို့သုံးယောက်သည် သိုင်းကွက်သုံးဆယ်မျှပင် တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

မည်သည့်ဘက်ကမှ အသာစီးမရပါ။

မုဝမ်းချင်ကမူ တစ်ချက်တစ်ချက် အလစ်ချောင်း၍ မြားဖြင့်ပစ်ခတ်၏။

ဗျိုင်းဖြူသည် ကိုယ်ဖော့ပညာအားကိုးဖြင့်သာရှောင်တိမ်းနိုင်ခဲ့သည်။

ယင်းသို့ဖြင့် သူတို့သည် နောက်ထပ် သိုင်းကွက်သုံးကွက်မျှ ယှဉ်ပြိုင်လိုက်ကြပြန်၏။

သီလရှင်သည် မျက်မှောင်အနည်းငယ်ကုပ်သွားသည်။

သူမ၏သိုင်းကွက်သည် ရုတ်တရက်ပြောင်းလဲသွား၏။

သူမ၏လက်ဝဲလက်ချောင်းနှစ်ချောင်း ပူးကာ ဗျိုင်းဖြူ၏ သွေးကြောရှိသောနေရာသို့သာ ရွေး၍တိုက်ခိုက်တော့သည်။

ယာဘက်လက်ကမူ မြင်းမွေးတံဖြင့် ဗျိုင်းဖြူ၏သံမဏိ လက်ချောင်းများကို အမိအရရစ်ပတ်ရန်ကြိုးစားနေ၏။

"ဗိုး. . ."

မုဝမ်းချင်၏မြားတစ်စင်း ထပ်မံရောက်ရှိလာသည်။

ဗျိုင်းဖြူသည် တစ်ဘက်မှ ကျူတန်းစင်၏ယပ်တောင်ကို ခုခံနေပြီး ကျန်တစ်ဘက်မှာလည်း သီလရှင်အား ခုခံနေရသဖြင့် မုဝမ်းချင်၏မြားကို မည်သို့မျှမရိုက်ချနိုင်ဘဲ မြေပေါ်သို့ဖင်ထိုင်ချကာ ရှောင်တိမ်းလိုက်ရလေသည်။

ထိုတခဏ်အချိန်တွင် သီလရှင်၏ မြင်းမွေးများသည် သံမဏိ လက်ချောင်းများကို ရစ်ပတ်ထားလိုက်သည်။

သူတို့နှစ်ယောက်သည် ကိုယ်ဘက်သို့ ပြိုင်တူ တအားဆွဲ လိုက်ကြသည်။

သို့သော် မည်သူကမျှ လက်လွတ်မသွားချေ။

သီလရှင်သည် ကျန်ရှိသောလက်တစ်ဖက်ဖြင့် ဗျိုင်းဖြူ၏ ရင်ဝသို့ရိုက်ချလိုက်သည်။

ဗျိုင်းဖြူသည် ကျူတန်းစင်အား ခြေထောက်ဖြင့်ကန်လိုက်



ပြီး သူ၏လက်သည် သီလရှင်၏လက်ဝါးအား ခံပေးလိုက်သည်။

"ဝုန်း. . ."

လက်ဝါးချင်းရိုက်မိသဖြင့် သူတို့နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်းလေးငါးလှမ်းမျှဆုတ်သွားရလေသည်။

မြင်းမွေးတံနှင့်သံမဏိလက်ချောင်းသည် အပေါ်သို့မြောက် တက်သွား၏။

သီလရှင်သည် လက်တစ်ဖက်ဝှေ့ယမ်းလိုက်ရာ လက်ထဲမှ ပဝါနီတစ်ခုသည် လွင့်ထွက်သွားပြီး မြင်းမွေးတံကိုလိပ်၍ ဆွဲယူလိုက် သည်။

ဗျိုင်းဖြူကမူ အပေါ်သို့ခုန်တက်ပြီးမြောက်တက်သွားသော သူ၏သံမဏိလက်ချောင်းကို လေထဲ၌ဖမ်းယူလိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်သည် နောက်သို့နှစ် ချက်ကျွမ်းပစ်ပြီး ပြေးထွက်သွားလေသည်။

"ဗိုး- ဗိုး- ဗိုး- "

မုဝမ်းချင်၏မြားကလေးသုံးစင်းသည် သူ့ထံသို့ ပစ်လွှင့်သွား သော်လည်း အချည်းနှီးသာ။

ဗျိုင်းဖြူ၏ခန္ဓာကိုယ်ကား အဝေးသို့ ပြေးလွှားရောက်ရှိသွား လေပြီ။

အတန်ကြာမှ ကျူတန်းစင်သည် ငေးနေရာမှပြန်လည်သတိရလာကာ သီလရှင်အား ဦးညွတ်လိုက်သည်။

"မြို့စားကတော်ကူပေလို့ပေါ့၊ နို့မဟုတ်ရင် သူ့လက်ချက်နဲ့ ကျွန်တော်သေရမှာပါ"

သီလရှင်က ပြုံးလိုက်သည်။

"၁၀- နှစ်လုံးလုံး လက်နက်တောင် မကိုင်တော့တဲ့အတွက် ပညာတွေတော်တော်မေ့ကုန်ပါပြီကွယ်၊ နေပါဦး၊ ဒီလူက ဘယ်သူတဲ့လဲ"

"သူကတော့ လူမိုက်ကြီးလေးယောက်ထဲက အမှတ်စဉ်လေး ဇျိုင်းဖြူလို့ခေါ်ပါတယ်၊ သူ ဒီလောက်ပညာတော်နေရင် ကျန်တဲ့လူမိုက်သုံးယောက်ရဲ့သိုင်းပညာ ဘယ်လောက်တော်မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်"

သီလရှင်က မျက်မှောင်ကုပ်သွားသည်။

"ဒီလောက်တောင်ပဲလား၊ အခု သူတို့ဘယ်မှာလဲ"

"သူတို့လေးယောက်စလုံး တာလီနိုင်ငံကိုရောက်နေကြပြီလို့သတင်းကြားပါတယ်၊ ဒါကြောင့် မြို့စားကတော် ဒီမှာဆက်နေလို့ မသင့်တော်ဘူး"

"နို့ ကျုပ်ကသီလရှင်ဝတ်နေပြီပဲ၊ ဘယ်သူနဲ့မှလဲ ရန်ငြိုးရှိတာမှမဟုတ်တာ၊ ကိစ္စမရှိပါဘူး"

"မဟုတ်သေးဘူးမြို့စားကတော်- ဒီလူတွေဟာ လမ်းနဲ့ စခန်းနဲ့ပြောလို့ရတဲ့သူတွေမဟုတ်ဘူး၊ အလွန်ရက်စက်ကြမ်းကြုတ်တဲ့လူမိုက်တွေပါ၊ အခုလဲ မြို့စားကတော်ကို သူတို့ ရန်ငြိုးဖွဲ့ခဲ့ပြီပဲ၊



အကောင်းဆုံးကတော့ ကျွန်တော်တို့နဲ့အတူ နေပြည်တော်မှာ ခဏသွားရှောင်နေကြတာပေါ့"

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသွားဘူး၊ လူမိုက်ကြီးတွေလာရင်လဲ သေရုံပေါ့၊ အရေးမကြီးပါဘူး"

ကျူတန်းစင်သည် ဆက်၍မပြောဝံ့တော့ပါ။

တန့်ဉအား မျက်ရိပ်ပြလိုက်သည်။

တန့်ဉသည် ကျူတန်းစင်၏သဘောကိုနားလည်လိုက်၏။

"ဟုတ်ပါတယ်မေမေရယ်- ဒီလူမိုက်တွေဟာ တော်တော်ကြောက်စရာကောင်းလို့ပါ၊ လိုက်ခဲ့ပါနော်"

"ငါ့ကိုမပြောနဲ့ ငါမလိုက်ဘူး"

"ဒီလိုလုပ်ပါမေမေရယ်၊ ဖေဖေဆီ မသွားချင်ရင်တောင် ဦးလေးဆီ ခဏသွားနေတာပေါ့၊ မကောင်းဘူးလား"

သီလရှင် ခေါင်းခါယမ်းလိုက်သည်။

"မသွားဘူး၊ မေမေ ဘယ်တော့မှမသွားဘူး"

သူမသည်ပြောရင်း မျက်ရည်များဝိုင်းလာသည်။

တန့်ဉသည် သီလရှင်၏ခါးကိုဖက်ထားလိုက်သည်။

"မေမေ မသွားရင်လဲနေပေါ့၊ သားတော့ မေမေနဲ့နေမှာပဲ"

သူသည် ကျူတန်းစင်ဘက်သို့လှည့်လိုက်သည်။

"ကဲ- အစ်ကိုကျူပြန်တော့၊ ဦးလေးနဲ့ဖေဖေ့ကိုပြောလိုက်ပါ"

"ဘာပြန်ပြောလိုက်ရမှာလဲခင်ဗျာ"

"ကျုပ်နဲ့မေမေ ဒီမှာနေခဲ့ပြီး လူမိုက်ကြီးလေးယောက်ကို ခုခံနေတယ်လို့ပြောလိုက်ပါ"

သီလရှင်က ရယ်မောလိုက်သည်။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ မရှက်ဘူးလား၊ မင်းမှာ လူမိုက်ကြီးလေးယောက်ကိုခုခံဖို့ ဘာပညာများတတ်ထားလို့လဲ"

မုဝမ်းချင်သည် သူတို့၏စကားများကို ကြားလိုက်ရသောအခါ သီလရှင်အပေါ် ကရုဏာသက်သွားလေသည်။

"မြို့စားကတော် ကျွန်မလဲ ဒီမှာနေခဲ့ပြီး မြို့စားကတော်ကို ကူညီပါ့မယ်"

မြို့စားကတော်သည် မုဝမ်းချင်၏မျက်နှာကို သေသေချာချာ အကဲခတ်ကြည့်လိုက်ပြီး ရုတ်တရက် ခက်ထန်လာလေသည်။

"ညည်း- ငါ့ကိုမှန်မှန်ပြောစမ်း၊ သစ်ရွက်ခေါးကျင်းဟုန်မြိုင်က မင်းနဲ့ဘယ်လိုပတ်သက်သလဲ"

မုဝမ်းချင်သည် ယင်းသို့ ခဏခဏအမေးခံရသဖြင့် ဒေါသထွက်လာလေသည်။

"ကျွန်မ ပြောခဲ့ပြီးပြီမဟုတ်လား၊ ဒီနာမည် မကြားဖူးပါဘူးလို့"

"ညည်း ငါ့ကိုတကယ်ပြောနေတာလား"

"နေပါဦး ကျွန်မ ဘာဖြစ်လို့လိမ်ရမှာလဲ၊ ကျင်းဟုန်မြိုင်က ယောကျ်ားလား၊ မိန်းမလား၊ လူလား တိရစ္ဆာန်လား ဆိုတာတောင် ကျွန်မ မသိဘူးရှင့်"

သီလရှင်သည် မုဝမ်းချင်၏အဖြေကိုကျေနပ်သွားလေ၏။



အကယ်၍ မုဝမ်းချင်သာ ကျင်းဟုန်မြိုင်နဲ့ ပတ်သက်နေခဲ့လျှင် ယခုကဲ့သို့ ကျင်းဟုန်မြိုင်အား တိရစ္ဆာန်ဟူသောဝေါဟာရကို အသုံးပြုမည်မဟုတ်ချေ။

ထို့ကြောင့် သူမသည် ပြုံးလိုက်ပြီး. . .

"စိတ်မဆိုးပါနဲ့၊ ခုနက ညည်းပစ်တဲ့မြားနဲ့ သိုင်းကွက်တွေက ကျုပ်သိထားတဲ့ အမျိုးသမီးတစ်ယောက်နဲ့တူနေရုံမကဘူး၊ ညည်းရုပ်ကလဲ သူနဲ့တော်တော်တူနေလို့ပါ"

မုဝမ်းချင်သည် သီလရှင်ရှင်းပြသည်ကို နားထောင်ပြီး ကျေနပ်သွားလေသည်။

သီလရှင်က ဆက်၍မေးလိုက်သည်။

"ညည်းရဲ့ သိုင်းပညာဟာ တော်တော်အဆင့်မြင့်ပုံရတယ်၊ ညည်းမိဘကလဲ ခေတ္တဲသူ မဟုတ်ဘူးလို့ကျုပ်ယူဆတယ်၊ ညည်းမိဘက ဘယ်သူတွေလဲ"

မုဝမ်းချင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ငယ်ငယ်ကတည်းက မိဘမရှိပါဘူး၊ ဆရာကပဲ ကြီးပြင်းလာအောင် ကျွန်မကိုကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်၊ ဒါကြောင့် ကျွန်မမိဘ ဘယ်သူဘယ်ဝါဆိုတာမသိခဲ့ပါဘူး"

"ဒါဖြင့် မင်းဆရာက ဘယ်သူတဲ့လဲ"

"အမည်မဲ့ခြည့်သည်ပါ"

သီလရှင်သည် ထိုအမည်ကိုရေရွတ်ရင်း စဉ်းစားနေ၏။

စဉ်းစားမရသည့်အဆုံး ကျူတန်းစင်အား မျက်လွှာပင့်၍ ကြည့်လိုက်သည်။

ကျူတန်းစင်လည်း သူမသိကြောင်း ခေါင်းခါယမ်းပြလိုက်သည်။

ထိုစဉ် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✻

မြင်းလေးကောင်သည် သီလရှင်ကျောင်းရှေ့သို့ရောက်ရှိလာပြီး ရပ်တန့်သွားကြလေသည်။

မြင်းများရပ်တန့်လိုက်သည်နှင့် မြင်းပေါ်မှလူများသည် ခုန်ဆင်းလိုက်ကြပြီး သီလရှင်ရှေ့၌ ဒူးထောက်ထိုင်ချလိုက်၏။

ထိုလူများသည် တံငါသည်သိုင်းသမား၊ ထင်းခွေသိုင်းသမား၊ တောင်သူသိုင်းသမားတို့ဖြစ်ကြလေသည်။

မုဝမ်းချင်သည် ယယ်စဉ်ကတည်းက တောတောင်ထဲတွင်ကြီးပြင်းလာပြီး မည်သူနှင့်မျှ ဆက်ဆံပေါင်းသင်းဖူးခြင်းမရှိခဲ့ပါ။

. ထို့ကြောင့် ယခုထိုလူသုံးယောက်က သီလရှင်အား ရိုသေလေးစားစွာ ဒူးထောက်အရိုအသေပြုသည်ကိုတွေ့ရသောအခါ ဇဝေဇဝါဖြစ်နေမိလေသည်။

"အင်း. . ဒီလူသုံးယောက်က သိုင်းပညာအဆင့်မြင့်ပုဂ္ဂိုလ်တွေပဲ၊ ဘာဖြစ်လို့ သီလရှင်ကိုဒူးထောက်နေရတာလဲ"

သူမသည် စိတ်ထဲမှကြိတ်၍ရေရွတ်နေမိလေသည်။ သီလရှင်သည် ထိုလူသုံးယောက်အား အကဲခတ်ကြည့်လိုက်၏။



ထိုလူသုံးယောက်သည် အလွန်အခြေအနေဆိုးနေသည်ကို အကဲခတ်မိလိုက်သည်။

တောင်သူသိုင်းသမားသည် မျက်နှာပေါ်တွင်ဓားဒဏ်ရာဖြင့် မျက်နှာတခြမ်းကို အဝတ်ဖြူနှင့်စည်းထားရသည်။

ထင်းခွေသမား၏ခန္ဓာကိုယ်ပေါ်မှာလည်း သွေးကွက်များကိုတစ်ကွက် သည်တစ်ကွက်တွေ့နေရသည်၊

တံငါသည်သိုင်းသမားလက်ထဲမှ ငါးများတံမှာလည်း တစ်ပိုင်းပြတ်နေလေ၏။

"ဟင်း- ရန်သူက တော်တော်အားကောင်းနေပုံရတယ်၊ စုကြီးရဲ့ဒဏ်ရာ တော်တော်များသွားသလား"

တောင်သူသိုင်းသမား၏အမည်မှာ တုံစုကြီးဖြစ်ပါသည်။

စုကြီး၏မျက်လုံးသည် နီရဲ၍လာ၏။

"ကျွန်တော့်ဒဏ်ရာက မပြောပလောက်ပါဘူးမြို့စားကတော်- ဒါပေမယ့် အခုလို ရန်သူကိုအရှုံးပေးလိုက်ရတဲ့အတွက် ကျွန်တော်ရှက်မိတာပါ"

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။

"ရှင်တို့ ကျုပ်ကိုမြို့စားကတော်လို့မခေါ်ပါနဲ့တော့၊ ကျုပ်က သီလရှင်ဝတ်နေပြီမဟုတ်လား"

စုကြီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ"

ကျူတန်းစင်သည် ကျန်သောမြင်းတစ်ကောင်ပေါ်မှလူအား လှမ်းကြည့်လိုက်သည်။

"ဟင်- ကောက်ကျင်းနယ်စားက ဘာဖြစ်လို့ မြင်းပေါ်က ဆင်းမလာတာလဲ"

ကျူတန်းစင်၏စကားကြောင့် အားလုံးက ကျန်ရှိသော မြင်းပေါ်မှ လူအား သတိပြုကြည့်မိလိုက်ကြသည်။

တံငါသည်သိုင်းသမားက ဦးညွှတ်လိုက်သည်။

"သူ အတွင်းဒဏ်ရာရနေလို့ ဆင်းမလာနိုင်တာပါ၊ ဒါကို ခွင့်လွှတ်စေချင်ပါတယ်"

သီလရှင် စိုးရိမ်ထိတ်လန့်သွားသည်။

"ဟင်- ကောက်ကျင်းနယ်စားလဲ ဒဏ်ရာရသွားတယ်ဟုတ် လား၊ အခြေအနေတော်တော်ဆိုးလား ဟင်"

"ဟုတ်ကဲ့- သူက တောင်ပင်လယ်မိချောင်းနဲ့အတွင်းအား ယှဉ်ပြိုင်နေတုန်း အော့လျံက နောက်ကချောင်းပြီးလက်ဝါးနဲ့ ရိုက် လိုက်လို့ပါ"

သီလရှင်သည် ကောက်ကျင်းနယ်စားထံသို့ လျှောက်သွား လေသည်။ ကောက်ကျင်းနယ်စားသည် မြင်းကုံးပေါ်၌ မှောက်လျက် လဲနေ၏။

ကျောပေါ်မှ အင်္ကျီသည်စုတ်ပြတ်နေ၏။ ထို့ကြောင့် ကျော ပေါ်၌ လက်ဝါးရာတစ်ခု ထင်ရှားစွာရှိနေသည်ကိုတွေ့ရလေသည်။

တန့်ဥ စိတ်မကောင်းဖြစ်သွားသည်။

"ဦးလေးကောက် ဒဏ်ရာတော်တော်ပြင်းသလား"

ကောက်ကျင်းနယ်စားသည် ခေါင်းမော့ကြည့်လိုက်ရာ သီလရှင်ရပ်နေသည်ကို တွေ့လိုက်ရသောအခါ အရှိအသေပြုရန်



မြင်းပေါ်မှဆင်းဖို့ ကြိုးစားလိုက်၏။

သီလရှင်က လက်ကာပြလိုက်သည်။

"ကောက်စင်းထိုက် ရှင့်မှာ ဒဏ်ရာရနေတယ်၊ အရိုအသေ ပေးစရာမလိုပါဘူး"

သို့သော် ကောက်ကျင်းနယ်စားသည် မြင်းပေါ်မှ အတင်း ဆင်းလာပြီး ဒူးထောက်၍အရိုအသေပြုလိုက်သည်။

မြို့စားကတော်သည် တန့်ဥဘက်သို့လှည့်လိုက်၏။

"သား--ဦးလေးကောက်ကို မ,ထူလိုက်စမ်းပါ"

တန့်ဥသည် ကောက်ကျင်းနယ်စားအား ပွေ့ထူလိုက်လေ သည်။ မုဝမ်းချင်မှာ နားမလည်နိုင်အောင် ဖြစ်နေလေသည်။

ဤကောက်ကျင်းနယ်စားသည် သိုင်းပညာတွင် အလွန် အဆင့်မြင့်သောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ကို သူမကိုယ်တိုင် တွေ့ရှိခဲ့ရသည်။

သူ၏ပလွေတစ်ချောင်းသည် လူမိုက်ကြီးလေးယောက် အ နက် အမှတ်စဉ်နှစ်တွင် နေရာယူထားသောအော့လျံကိုပင် ထွက် ပြေးသွားအောင် မောင်းထုတ်နိုင်ခဲ့သည်။

သူသည် သိုင်းလောကမှာလည်း အများကြည်ညိုလေးစား ခြင်းခံရသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်မှာ သေချာသည်။

ယခုမှာမူ တန့်ဥ၏မိခင်အား တွေ့လိုက်ရသည်နှင့် ဤမျှ ဒဏ်ရာပြင်းထန်စွာရရှိထားပါလျက် ကြိုးစား၍အရှိအသေပြုနေ သည်မှာ အံ့ဩစရာကောင်းလှတော့သည်။

သို့ဆိုလျှင်-

တန့်ဥ၏ဖခင်သည် မြို့စားကြီးတစ်ယောက်ဖြစ်နေသည်လော။

တဖန် ဤလူများသည် တန့်ဥအား မင်းသားလေးဟု ခေါ်ကြသည်မှာလည်း တန့်ဥမှာ တကယ်ပင် မင်းသားလေးဖြစ်နေခြင်းကြောင့်ပင်လော။

သို့သော်-

တန့်ဥ၏ပုံသဏ္ဍာန်မှာ မင်းသားလေးတစ်ယောက်နှင့် လုံးဝမတူပါ။ မင်းသားလေးတစ်ယောက်၏ဟန်ပန်လည်း မရှိပါ။

စာပေဆူးတစ်ယောက်နှင့် ပို၍တူနေ၏။

သူမသည် တန့်ဥအပေါ် ယင်းသို့အမျိုးမျိုးဆင်ခြင် တွေးတောနေစဉ် သီလရှင်၏အသံကို ကြားလိုက်ရသည်။

"ကဲ- ဒါဖြင့် ကောက်စင်းထိုက်လဲ ကျုပ်တို့နဲ့အတူ နေပြည်တော်ကို လိုက်ခဲ့ပါ"

ကောက်ကျင်းနယ်စားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ"

သူသည် ယင်းသို့ပြောပြီး မတ်တပ်ရပ်လိုက်သည်။

သီလရှင်သည် ခေါင်းငုံ့ကာ အတန်ကြာစဉ်းစားလိုက်၏။

ယင်းနောက် ထိုလူလေးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး. . .

"ကဲ- အချိန်မရှိဘူး၊ အခုပဲ နေပြည်တော်ကိုသွားကြပါစို့"

တန့်ဥသည် ဝမ်းသာလွန်း၍ထခုန်လိုက်သည်။

"ဒါမှ တို့မေမေကွ"



တုံစုကီး ဦးညွှတ်လိုက်သည်။

"ဒီလိုဆို ကျွန်တော် အရင်ဆုံးသွားပြီး သတင်းပို့ပါမယ်"

သူသည်ပြောပြီးသည်နှင့် သီလရှင်အား ဦးညွှတ်လိုက်ပြီး- မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

ထို့နောက် ခနေပြည်တော်သွားရာလမ်းသို့ ဦးတည်ကာ မောင်းနှင်သွားလေတော့သည်။

❋

သီလရှင်၊ မုဝမ်းချင်၊ တန့်ဥ၊ ကောက်ကျင်းနယ်စား၊ တံငါသည်သိုင်းသမား၊ ကျူတန်းစင်နှင့် ထင်းခွေသိုင်းသမားတို့သည် လမ်းမကြီးအတိုင်း ခရီးထွက်သွားကြလေသည်။

မြင်းလေးကောင်မျှသာရှိသောကြောင့် သီလရှင်၊ မုဝမ်းချင်၊ တန့်ဥနှင့်ဒဏ်ရာရနေသောကောက်ကျင်းမြို့စားတို့မှအပ ကျန်ရှိသောလူများက ခြေလျင်ဖြင့်လိုက်လာကြ၏။

နှစ်မိုင်ခန့်လျှောက်လာမိသည်နှင့် သူတို့ရှေ့တွင် မြင်းတပ်ဖွဲ့တစ်ဖွဲ့ရောက်ရှိလာသည်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

တံငါသည်သိုင်းသမားက ရှေ့သို့ပြေးသွားပြီး မြင်းတပ်ဖွဲ့၏တပ်မှူးဖြစ်သူနှင့်တွေ့ဆုံကာ တီးတိုးပြောလိုက်ရာ-

တပ်မှူးသည် အမိန့်ပေးလိုက်၏။

ထိုအခါ မြင်းပေါ်မှတပ်သားများသည် အောက်သို့ဆင်းလာကြပြီး အရိုအသေပေးကြလေသည်။

တန့်ဥက လက်ယမ်းပြလိုက်သည်။

"ကဲ- အားလုံး ရှေ့ကနေလမ်းပြပေးပါ"

ဟု ပြောလိုက်ရာ တပ်မှူးသည် တပ်သားများကို အမိန့်ပေးလိုက်ပြီး ရှေ့ဆုံးမှ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

မုဝမ်းချင်သည် တန့်ဥက ဤမျှဩဇာအာဏာအရှိန်အဝါရှိနေသည်ကို ခဲတွေ့မြင်ရသောအခါ မည်သည့် အကြောင်းကြောင့်မှန်းမသိ ရင်ထဲ၌လေးလံ၍လာလေသည်။

X

မုဝမ်းချင်သည် တန့်ဥမှာ အရှိန်အဝါအတော်ရှိသော လူတစ်ယောက်ဖြစ်ကြောင်းတွေ့ရှိရသောအခါ ရင်ထဲ၌ အမျိုးမျိုးတွေးမိလာလေသည်။

သူမ၏ဆရာ မှာကြားသွားသောစကားများကိုလည်း သတိရလာလေသည်။

"ယောကျ်ားများဟာ ငွေကြေးချမ်းသာလာလေလေ သို့မဟုတ် ဩဇာအာဏာရှိလာလေလေ သစ္စာမဲ့လာလေလေပဲကွဲ့"

သူမသည် ယင်းသို့တွေးမိလိုက်သည်နှင့် ရင်ထဲ၌မျိုသိပ်နိုင်စွမ်းမရှိတော့ချေ။ မြင်းကို တန့်ဥထံသို့မောင်းနှင်လိုက်ပြီး-

"ဟေ့- ရှင် ဘယ်လိုလူစားဆိုတာ ပြောပြပါဦး၊ တကယ်ပဲ မင်းသားလေးဖြစ်နေသလား၊ ကျွန်မတို့ တောင်ထိပ်မှာပေးထားတဲ့ ကတိတွေကို အသိအမှတ်ပြုမှာလား"



တန့်ဥ မျက်မှောင်ကုပ်သွားသည်။

သူ၏ရှေ့နောက်ဝဲယာမှ အခြားလူများ လိုက်ပါလာလျက်ရှိသည်။

မုဝမ်းချင်က ယင်းသို့မေးလိုက်သည်ကို မည်သို့ ဖြေရမှန်းမသိဘဲ အကြပ်တွေ့သွားလေသည်။

"ဟိုရောက်မှ အေးအေးဆေးဆေးပြောကြတာပေါ့"

မုဝမ်းချင်က နှုတ်ခမ်းစူလိုက်သည်။

"ရှင်က သစ္စာ- သစ္စာဖောက်သွား-"

သူမသည် ပြောရင်း မျက်ရည်များပင်ကျဆင်းလာလေ၏။

တန့်ဥသည် မုဝမ်းချင် ဝမ်းနည်းလားသည်ကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

သူသည် အသံတိုးတိုးဖြင့်-

"မုဝမ်းချင် စိတ်ချပါ၊ ကျုပ် သစ္စာမမဲ့တတ်ပါဘူး၊ မေမေကလဲ မင်းကိုချစ်တယ်ဆိုတာ မင်းသိပါတယ်"

ထိုစကားကြားလိုက်ရမှ သူမသည် စိတ်သက်သာရာရသွားသည်။ မျက်ရည်များကိုသုတ်ကာ ပြုံးပြလိုက်သည်။

သီလရှင်သည် သူတို့နှစ်ယောက်အား ပြုံးစေ့စေ့ဖြင့်ကြည့်နေ၏။

မုဝမ်းချင်သည် သီလရှင်နှင့် မျက်လုံးချင်းဆုံသွားသဖြင့် ရှက်လာပြီး ခေါင်းကလေးကိုငုံ့ထားလိုက်လေသည်။

X

ညနေဆည်းဆာအချိန်ရောက်မှ သူတို့သည် နေပြည်တော်နှင့် (၁၀)မိုင်အကွာသို့ ရောက်ရှိလာကြသည်။

ရှေ့သို့ဆက်၍သွားရာ ရုတ်တရက် မင်းလမ်း၏တစ်ဘက်၌ ဖုန်များတထောင်းထောင်း ထနေသည်ကိုတွေ့လိုက်ရလေသည်။

မြင်းတပ်ဖွဲ့တစ်ဖွဲ့သည် အဝါရောင်အလံများ လွှင့်ထူကာ မောင်းနှင်လာနေ၏။

ထိုမြင်းတပ်ဖွဲ့သည် (၁၀၀)ကျော်ခန့်ရှိသည်။

ရှေ့ဆုံးရှိအလံပေါ်၌ မြို့စားဟူသောစာလုံးများနှင့် ဝိုနိုင်ငံဟူသောစာလုံးများ ဖေါ်ထားသည်ကိုတွေ့လိုက်ရသည်။

တန့်ဥ ဝမ်းသာသွားသည်။

"မေမေ- ကြည့်စမ်း၊ ဖေဖေကိုယ်တိုင် လာကြိုနေတယ်"

သီလရှင်သည် နှာခေါင်းတစ်ချက်ရှုံ့ပြီး မြင်းကို ရပ်တန့်လိုက်သည်။

ကောက်ကျင်းနယ်စားတို့လူစုသည် မြင်းပေါ်မှဆင်းလာပြီး လမ်းနံဘေးတွင် ရပ်လျက်နေကြလေသည်။

တန့်ဥသည် မြင်းကိုရှေ့သို့မောင်းနှင်သွားသည်။

မုဝမ်းချင်ကလည်း ထက်ကြပ်မကွာလိုက်သွားသည်။

မကြာပါချေ။

ရှေ့မှလာသော မြင်းတပ်ဖွဲ့များသည် နီးကပ်လာလေ၏။

တန့်ဥသည် အသံကျယ်လောင်စွာဖြင့် လှမ်း၍အော်လိုက်လေသည်။

"ဖေဖေ. . . မေမေပြန်လာပြီဗျ"



ရှေ့ဆုံးမှ အလံကိုင်ဆောင်ထားသော တပ်သားများသည် ဝဲယာသို့ လမ်းဖယ်ပေးလိုက်ကြသည်။

ထိုအခါ ရွှေဝါရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် အလွန်ကြီးမားသောမြင်းဖြူတစ်ကောင်ကိုစီးနင်း၍ ပြေးထွက်လာလေသည်။

သူသည်တန့်ဥတို့လူစုဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး မျက်မှောင်ကုပ်သွားသည်။

"တန့်ဥ မင်း မဆင်မခြင်အိမ်ကထွက်သွားလို့ မင်းဦးလေးကော ကောက်စင်းထိုက်တို့ပါ ဒုက္ခရာရသွားကြတယ်၊ မင်းကို ငါနာနာရိုက်ပစ်ရလိမ့်မယ်"

မုဝမ်းချင် ရင်ထိတ်သွားသည်။

သူမသည် ထိုလူကိုအကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် မျက်ခုံးမွေးအလွန်ထူပြစ်ပြီး မျက်လုံးအစုံမှာလည်းအလွန်ကြီးသည်။ မေးကားကားဖြင့် အလွန်ခန့်ညားသည်။

သူ၏မျက်နှာတွင် ဒေါသရောင်အနည်းငယ်မှအပ ဝမ်းသာသည့်အရိပ်အရောင်က ပိုများ၏။

မုဝမ်းချင်သည် ကြိတ်၍ပြုံးမိသည်။

တန့်ဥ၏ရုပ်သွင်မှာ မိခင်နှင့်တူနေသဖြင့် တော်သေး၏။

အကယ်၍သာ သူ၏ဖခင်နှင့်ရုပ်ချင်းတူနေပါက ရုပ်ရည်အလွန်ကြမ်းတမ်းမည်ဟုတွေးမိလေသည်။

တန့်ဥက ရှေ့သို့တိုးသွားပြီး-

"ဖေဖေ နေကောင်းတယ်နော်"

ရွှေဝါရောင်ဝတ်ထားသူက ဒေါသထွက်နေဟန်ဖြင့်. . .

"အခုမှလာမေးမနေနဲ့၊ မင်းကြောင့် ငါ့ဘယ်လောက် ဦးနှောက်ခြောက်ရတယ်ဆိုတာ မင်းနားလည်ထားစမ်းပါ"

တန့်ဥကပြုံးလိုက်သည်။

"သားကိုအ ြစ်မတင်ပါနဲ့၊ သား ထွက်မသွားရင် အခုလို မေမေလဲ ပြန်ရောက်နိုင်မှာမဟုတ်ပါဘူး"

ရွှေဝါရောင်ဝတ်ဆင်ထားသူက နှုတ်ခမ်းတစ်ချက်မဲ့လိုက်လေသည်။

"မင်းကိုငါက အပြစ်မပေးသည့်တိုင်အောင် မင်းဦးလေးကတော့ မင်းကို ခွင့်လွှတ်မှာမဟုတ်ဘူး"

သူသည် မြင်းကိုတစ်ချက်တော့လိုက်သည်နှင့် မြင်းမြူသည် သီလရှင်ထံသို့ပြေးလွှားသွားလေသည်။

❋

ရှေ့ဆုံးမှရောက်ရှိလာသော မြင်းတပ်ဖွဲ့သည် မြို့စားဏ် အဆောင်အယောင်များနှင့်တန်ဆာဆင်ထားသ်ဖြင့် အလွန်ကြည်ညိုလေးစားဖွယ်ရာကောင်းလှပေသည်၊

ထိုတပ်ဖွဲ့သည် စည်းကမ်းအလွန်ရှိပြီး တညီတညာတည်းဖြစ်နေသဖြင့် တွေ့ရသူများအဖို့ အလိုအလျောက်ကြောက်ရွံ့လာစေလေသည်၊

မုဝမ်းချင်သည် မည်သူ့ကိုမျှမကြောက်ခဲ့ပါ။



သို့သော်. . .

ယခုကဲ့သို့ မြို့စားကြီး၏အဆောင်အပေဟပ်များနှင့်အသိုင်းအဝိုင်းတို့ကိုတွေ့မြင်လိုက်ရသည်နှင့် စိတ်ထဲ၌ အနည်းငယ်ထိတ်လန့်သွားမိလေသည်။

သူမသည် အသံတိုးတိုးဖြင့်. . .

"ရှင့်အဖေက မြို့စားကြီးဟုတ်လား"

တန့်ဥက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ သူက မင်းရဲ့ယောက္ခမပေါ့"

မုဝမ်းချင်သည် ထိုစကားကြားလိုက်ရသောအခါ မြင်းကိုရပ်တန့်လိုက်သည်။

သူမ၏ရင်ထဲတွင်လည်း ဟာတာတာကြီး ခံစားလိုက်ရလေတော့သည်။

❋

မင်းလမ်းမတစ်ခုလုံးသည် လူများဖြင့်ပြည့်နှက်နေ၏။

သို့သော် မုဝမ်းချင်၏ရင်ထဲ အထီးကျန်ဘဝဖြစ်နေသည်ဟု ခံစားရသည်။

သူမသည် တန့်ဥအနီးသို့ချဉ်းကပ်လိုက်မှ စိတ်ထဲ၌ လုံလုံခြုံခြုံရှိလာသည်ဟုထင်မှတ်မိလေသည်။

ထိုစဉ် မြို့စားကြီးသည် သီလရှင်ရှေ့သို့ ရောက်ရှိနေပြီဖြစ်သည်။

သို့သော် သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မည်သူကမျှစကားမပြောကြပါ။

တန့်ဥက ကြားဝင်လိုက်ရလေသည်။

"မေမေ- ဖေဖေလာကြိုနေတယ်လေ"

သီလရှင်က သူ့ကိုမျက်နှာထားတင်းတင်းဖြင့်. . .

"သားရဲ့ဒေါ်ဒေါ်ကိုသွားပြောစမ်း၊ မေမေ သူ့ဆီမှာ လေးငါးရက်လောက်နေမယ်လို့၊ ရန်သူတွေရှင်းသွားတာနဲ့ မေမေ သီလရှင်ကျောင်းကို ပြန်သွားမယ်"

မြို့စားကြီး မနေနိုင်တော့ပါ။ သီလရှင်ကို ပြုံးပြလိုက်ပြီး. .

"မိန်းမရေ- အခုထိ မင်းစိတ်မပြေသေးဘူးလား၊ အိမ်ကို လိုက်ခဲ့ပါလား"

သီလရှင်က မျက်နှာတင်းတင်းထားလိုက်လေသည်။

"ကျုပ် အိမ်မပြန်ဘူး၊ နန်းတော်ထဲသွားနေမယ်"

တန့်ဥက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီမေမေ၊ မေမေ အိမ်ကိုမပြန်ချင်သေးဘူးဆိုရင် နန်းတော်ထဲကို အရင်သွားကြတာပေါ့"

သီလရှင်က သူ့အားမဲ့ပြလိုက်သည်။

"သူက ကြီးလာလေ အလုပ်ရှုပ်လာလေပဲ၊ မင်းဦးလေးကို တိုင်ရဦးမယ်"

"မလုပ်ပါနဲ့မေမေ၊ ဦးလေးက သားကိုရိုက်ရင် မေမေက ငိုမှာပေါ့"

"မေမေက ဘာဖြစ်လို့ငိုရမှာလဲ၊ နာနာရိုက်ပါလို့တောင်



ပြောလိုက်ဦးမယ်"

သူမသည် ပြောရင်းရယ်မိလိုက်သည်။

မြို့စားကြီးကလည်း ရောယောင်ပြီးရယ်လိုက်ရာ သူတို့ဇနီးမောင်နှံ၏တင်းမာမှုများသည် အလိုအလျောက်ပျက်ပြယ်ပြီး အဆင်ပြေသွားကြလေသည်။

ယခုမှ မြို့စားကြီးသည် တန့်ဥအနီးမှ လိုက်ပါလာသော မုဝမ်းချင်ကိုသတိပြုမိသွားသည်။

"ဒီကလေးမကဘယ်သူလဲ သား"

"သူ- သူ့နာမည်မုဝမ်းချင်ပါ၊ အဲ- ဟို သားရဲ့မိတ်ဆွေပါ"

မြို့စားကြီးသည် တန့်ဥ ထစ်ထစ်ငေါ့ငေါ့ပြောနေသည်ကို တွေ့လိုက်ရသည်နှင့် သဘောပေါက်သွားလေသည်။

မုဝမ်းချင်မှာ အလွန်ချောမောလှပသည်ကို တွေ့ရသဖြင့် ရင်ထဲမှ ကြိတ်၍ချီးကျူးလိုက်၏။

"အင်း- ငါ့သားက ဘယ်ဆိုးလို့လဲ"

သို့သော် မုဝမ်းချင်၏ပုံဟန်မှာ ယဉ်ကျေးသိမ်မွေ့မှု မရှိဘဲ အနည်းငယ်ရိုင်းနေသည်ကို အကဲခတ်မိလေသည်။

သူသည် ကောက်စင်းထိုက်ထံသို့ လျှောက်သွားပြီး-

"ငါ့ညီ မင်းဒဏ်ရာဘယ့်နှယ်နေသေးသလဲကွ"

ယင်းသို့ ပြောရင်း လက်ချောင်းတလေးဖြင့် ကောက်စင်းထိုက်၏သွေးကြောကို စမ်းကြည့်လေသည်။

ကောက်စင်းထိုက်က ဦးညွှတ်လိုက်သည်။

"ကျွန်တော် အတွင်းဒဏ်ဖြစ်သွားတာပါ၊ ဒါပေမယ့် နည်း

နည်းပါးပါးအနားယူလိုက်ရင် ကောင်းသွားမှာပါ"

မြို့စားကြီးသည် သူ၏လက်ညှိုးဖြင့် ကောက်စင်းထိုက်၏ လည်ကုတ်နောက်ကျောတို့တွင် သုံးချက်မျှထောက်လိုက်လေသည်။

သူ၏ယာဘက်လက်ဝါးသည် ကောက်စင်းထိုက်၏ခါးကို ဖိထားလိုက်၏။

မကြာပါချေ။

မြို့စားကြီး၏ဦးခေါင်းထိပ်မှ အငွေ့များ တထောင်းထောင်း ထွက်ပေါ်လာလေသည်။

ရေနွေးကြမ်း တစ်ပန်းကန်သောက်မျှကြာသွားသောအခါ မှလက်လွှတ်လိုက်သည်။

ကောက်စင်းထိုက် အားတုံ့အားနာဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ်အစ်ကိုကြီး၊ ကျွန်တော့်အတွက် အတွင်းအား ကုန်ခမ်းသွားရတာအားနာလှပါတယ်"

မြို့စားကြီးကပြုံးလိုက်သည်။

"မင်းရဲ့ဒဏ်ရာက မသေးဘူးကွ၊ စောစောစီးစီး မြန်မြန် ပျောက်တာပေါ့ကွာ"

မုဝမ်းချင်သည် သွေးရောင်ပင်မရှိသော ကောက်စင်းထိုက်၏မျက်နှာ ယခုမှ သွေးရောင်သန်းလာသည်ကိုတွေ့လိုက်ရသဖြင့်

"အင်း- သူ့အဖေက အတွင်းအား တော်တော်လေးအဆင့်မြင့်တဲ့ပညာရှင်တစ်ယောက်ပဲ၊ သူက ဘာဖြစ်လို့ သိုင်းပညာ လုံးဝမ တတ်ရတာလဲ"

ဟု တွေးတောမိလိုက်သည်။



မြို့စားကြီးသည် မြင်းပေါ်သို့ခုန်တက်ပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ. . .

သူတို့လူစုသည် မြင်းသည်တော်များဝန်းရံလျက် တာလီ နေပြည်တော်သို့ ဦးတည်သွားကြလေတော့သည်။

✕

ဝန်းကျင်တစ်ခုလုံး မှောင်စပြုလာပြီဖြစ်သည်။

မြို့စားကြီးတို့သည် တာလီမြို့တော်တံခါးသို့ ဝင်ရောက်သွားသောအခါ ပြည်သူအများ ဝဲယာတစ်ဘက်တစ်ချက်မှရပ်လျက်-

"မြို့စားကြီး သက်တော်ရာကျော်ရှည်ပါစေ"

ဟု တခဲနက်ကြွေးကျော်ကြလေသည်။

မြို့စားကြီးကလည်း လက်ဝှေ့ယမ်းကာ ပြန်လည်နှုတ်ဆက် လိုက်သည်။

မုဝမ်းချင်သည် မြို့ထဲရောက်လာသည်နှင့် မီးရောင်ထိန် ထိန်လင်းနေသောနေပြည်တော်အား တအံ့တဩဖြင့် ငေးမောကြည့် နေမိလေသည်။

မြို့စားကြီးတို့ ရှေ့သို့ဆက်၍လျှောက်သွားရာ မကြာပါ ချေ။ နန်းတော်ရှေ့သို့ ရောက်ရှိလာကြတော့၏။

မုဝမ်းချင်သည် ကြီးကျယ်ခမ်းနားသောနန်းတော်အား ကြည့်၍ မျက်လုံးအစုံ ရီဝေလာသည်။

မြို့စားကြီးတို့သည် ရှေ့ဦးစွာနန်းတော်ထဲသို့ဝင်သွားကြ

လေသည်။ နောက်မှ ကောက်စင်းထိုက်တို့ လူစုကဝင်သွားကြသည်၊

မုဝမ်းချင်မှာမူ-

နန်းတော်ထဲ မည်သို့ရောက်ရှိလာသည်ကိုပင် မသိလိုက်ပါ။

သူမ သတိပြုမိသောအခါ ပလ္လင်ပေါ်၌ အသက်ငါးဆယ်နီးပါးခန့်ရှိသော လူတစ်ယောက်ထိုင်လျက်ရှိသည်ကိုတွေ့ရ၏။

မြို့စားကြီးနှင့်ကောက်ကျင်းနယ်စားတို့လူစု ခပ်လှမ်းလှမ်းကပင် ဒူးထောက်၍ဦးညွှတ်နေသည်ကို တွေ့မြင်ရလေသည်။

မုဝမ်းချင်သည် ဒူးထောက်၍ ဦးညွှတ်ခြင်းမရှိပါ။

သူမသည် ပလ္လင်ပေါ်၌ထိုင်နေသောလူအား မော့ကြည့်လိုက်ပြီး-

"ရှင်ကဘုရင်လား"

ဟုမေးလိုက်သည်။

ဘုရင်မင်းမြတ်သည် ထိုမိန်းကလေးသည် ဒူးထောက် ဦးညွှတ်ခြင်းမရှိဘဲ **မိမိအား** မေးလာသည်ကိုတွေ့ရှိရသဖြင့် ပြုံးမိလေသည်။

"ဟုတ်တယ်- ကျုပ်ကဘုရင်ပဲ၊ ဘယ့်နှယ်လဲ တို့ တာလိနေပြည်တော်က တော်တော်သာယာရဲ့လား"

"ကျွန်မ ဒီရောက်လာတာမိုးချုပ်နေလို့ ဘယ်ကိုမှမရောက်ခဲ့သေးလို့ မသိပါဘူးရှင်"

ဘုရင်က ပြုံးလိုက်သည်။

"ဒါဖြင့် မနက်ဖြန်ကျရင် တန်ဆူကိုပို့ခိုင်းလိုက်မယ်လေ၊ မကောင်းဘူးလား"



"ဟာ- သိပ်ကောင်းတာပေါ့၊ ဘုရင်မင်းမြတ်က ကျွန်မတို့နဲ့အတူတူလိုက်မှာလား"

သူမ၏စကားကြောင့် အားလုံးက မရယ်မိရန် မနည်းထိန်းထားရလေသည်။

ဘုရင်မင်းမြတ်သည် သူ့အနီးရှိမိဖုရားဘက်သို့လှည့်လိုက်သည်။

"ကဲ- မိဖုရားကြီးရေ၊ ဒီကလေးမက တို့ကို လိုက်ပို့ခိုင်းနေတယ်၊ ဘယ်နှယ့်လဲ"

မိဖုရားကပြုံး၍ အဖြေမပေးပါ။

မုဝမ်းချင်သည် မိဖုရားအားကြည့်လိုက်ပြီး-

"ရှင်က မိဖုရားဟုတ်လား၊ တော်တော့်ကိုလှတယ်နော်"

ဘုရင်မင်းမြတ်သည် သဘောကျစွာဖြင့်ရယ်မောလိုက်၏။

သူသည် တန်ဆူဘက်သို့လှည့်လိုက်ပြီး-

"ကဲ- ငါ့သား မင်းရဲ့မိန်းကလေးက တော်တော်ကိုရိုးအလွန်းပါလား"

မုဝမ်းချင် မျက်မှောင်ကုပ်လိုက်သည်။

"ရှင်က ဘာဖြစ်လို့ သူ့ကိုသားလို့ခေါ်ရတာလဲ"

ဘုရင်မင်းမြတ်က ပြုံးလိုက်သည်။

"သူက ငါ့ညီရဲ့သား ငါ့တူဖြစ်နေလို့ပေါ့၊ ဒါပေမယ့် ကျုပ်မှာ သားတစ်ယောက်မှမရှိတဲ့အတွက် သူ့ကို သားအဖြစ်မွေးစားထားတာကွဲ့"

မုဝမ်းချင်၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။

"ဒါဆို ဟန်ကျတာပဲ"

"ဘာတွေဟန်ကျတာလဲ ကလေးမ"

"တန့်ဥကပြောတယ်၊ ဒီတစ်ခါ သူ့အိမ်ဂ. ထွက်ပြေးသွားတာ သူ့ဦးလေးက သိပ်စိတ်ဆိုးတယ်၊ သူ့ကိုရိုက်မှာ ကြောက်နေတယ်"

ဘုရင်မင်းမြတ်က ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က နာနာရိုက်ဖို့ဆုံးဖြတ်ထားတယ်"

"မရိုက်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

ဘုရင်မင်းမြတ်က တန့်ဥဘက်သို့လှည့်လိုက်သည်။

"ကဲ- ငါ့သား၊ ကလေးမက မင်းအတွက် ငါ့ကိုတောင်းပန်နေတယ်၊ မင်းကို ငါမရိုက်တော့ဘူး၊ အဲဒါ မင်း သူ့ကိုကျေးဇူးတင်ရမယ်နော်"

တန့်ဥသည် ဘုရင်မင်းမြတ်က မုဝ်မ်းချင်အပေါ် ခင်မင်မှုရှိသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

မုဝမ်းချင်အား ဦးညွှတ်လိုက်ပြီး-

"ကျေးဇူးတင်ပါတယ်ညီမ"

မုဝမ်းချင်ကလည်း သူ့ကို ပြန်လည်ဦးညွှတ်လိုက်ပြီး-

"ရှင့်ဦးလေးက မရိုက်ပါဘူးပြောလိုက်လို့ အခုမှပဲ ကျွန်မစိတ်အေးသွားရတော့တယ်"

သူမသည် ဘုရင်မင်းမြတ်ကိုမော့ကြည့်လိုက်ပြန်သည်။

"ဘုရင်ဆိုတာ တော်တော့်ကို ကြောက်စရာကောင်းတယ်၊ တော်တော့်ကိုဆိုးတယ်လို့ ကျွန်မ ကြားခဲ့ဖူးတယ်၊ အခုတော့ ရှင်က



တော်တော့်ကို သဘောကောင်းပါလားရှင်၊ ကျွန်မဖြင့် ဝမ်းသာလိုက်တာ"

ဘုရင်မင်းမြတ်သည် သဘောကျစွာဖြင့် ရယ်မောလိုက်သည်။ ဟုတ်ပါ၏။ လူတိုင်းသည် သူ့ကိုကြောက်ရွံ့ကြသည်။ ရိုသေလေးစားကြသည်။

မည်သူကမှ သူ့အား သဘောကောင်းသည်ဟု မဆိုခဲ့ဘူးပါ။ မုဝမ်းချင်က သူမ ထင်မြင်ယူဆသည့်အတိုင်း သွယ်ဝိုက်ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်းပြောလိုက်သည့်အတွက် ဘုရင်မင်းမြတ် ပီတိဖြစ်သွားလေသည်။

"ကဲ- မိဖုရားကြီး၊ သူ့ကို ဆုတော်လာဘ်တော်တွေ ချပေးမှကောင်းမယ်ထင်တယ်"

မိဖုရားကြီးသည် လက်တွင်ဝတ်ဆင်ထားသော ကျောက်စိမ်းလက်ကောက်တစ်ရံကိုချွတ်ပြီး မုဝမ်းချင်အား ဆုအဖြစ် ပေးလိုက်သည်။

❁

မုဝမ်းချင်သည် မိဖုရားပေးလိုက်သော ကျောက်စိမ်းလက်ကောက်ကို ဝတ်ဆင်လိုက်သည်။ သူမ အလွန်ဝမ်းသာသွားသည်။

မိဖုရားကြီးကို ဦးညွှတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်မိဖုရားကြီး"

ထိုစဉ်မှာပင်. . .

နန်းတော်အရှေ့ဘက်ထောင့်မှ အသံတစ်သံကြားလိုက်ရလေသည်။

"ဝုန်း. . ."

ဖိုးရားက ပြုံးလိုက်ပြီး ဘုရင်မင်းမြတ်ဘက်သို့ လှည့်လိုက်လေသည်။

"ရှင့်ဆီကို အထူးဧည့်သည်ရောက်လာပြီထင်တယ်"

ထိုအသံကြားလိုက်သည်နှင့် တံငါသည်သိုင်းသမားတို့သည် ခေါင်မိုးပေါ်သို့ခုန်တက်သွားကြလေသည်။

"ဟော့- ဘယ်ကလဲ၊ အချိန်မတော် နန်းတော်ထဲကျူးကျော်ဝင်ရောက်ရင် ဘယ်လိုအပြစ်ရသွားမယ်ဆိုတာ သိသလား"

တံငါသည်သိုင်းသမား၏အသံဖြစ်သည်။

"ကျုပ်က ကျုပ်တပည့်ကိုလာရှာတာကွ၊ ကျုပ်တပည့်ဘယ်မှာလဲ မြန်မြန်ခေါ်ပေးစမ်း"

ထိုအသံကြားလိုက်သည်နှင့် မုဝမ်းချင်ရင်ထိတ်သွားသည်။

ယင်းအသံသည် တောင်ပင်လယ်မိကျောင်း၏အသံဖြစ်သည် မဟုတ်ပါလော။

ထို့စဉ်. . .

"ဝုန်း. . ."

ဟူသောအသံတစ်ချက် ထပ်မံထွက်ပေါ်လာပြီး တောင်ပင်လယ်မိကျောင်းသည် ပလ္လင်ရှေ့ရှိရင်ပြင်ပေါ်သို့ ခေါင်မိုးပေါ်မှ ခုန်ချလာလေသည်။

သူ၏သေးငယ်သောမျက်လုံးအစုံသည် ဟိုကြည့်ဒီကြည့်



ဖြင့် တန့်ဉကိုတွေ့မြင်လိုက်သည်နှင့် ရယ်မောလိုက်လေသည်။

"ဟား. . ဟား. . ဟား အမှတ်လေးကပြောတယ်၊ ငါ့တပည့် ဒီမှာရှိတယ်ဆိုတာအမှန်ပဲကိုး"

သူသည် ယင်းသို့ပြောရင်း လက်ချောင်းများဖြင့် တန့်ဉ၏ပခုံးကိုဖမ်းဆွဲရန် ဆန့်ထုတ်လာလေသည်။

မြို့စားကြီးသည် မိမိ၏သားကို ထိခိုက်သွားမည်စိုးရိမ်သဖြင့် ကြားဝင်လိုက်သည်။

သူတို့ လက်ဝါးချင်းရိုက်မိသွားကြလေသည်။

"ဝုန်း. . ."

ဟူသောအသံတစ်သံ ထွက်ပေါ်လာလေသည်။

တောင်ပင်လယ်မိကျောင်း အံ့အားသင့်သွားသည်။

"မင်း ဘယ်သူလဲ ကျုပ်တပည့်ကိုလာခေါ်တဲ့ကိစ္စ မင်းကဘာဆိုင်လို့ဝင်ရှုပ်တာလဲ"

မြို့စားကြီးက ပြုံးလိုက်သည်။

"သူက ကျုပ်ရဲ့သားပါ၊ ဘယ်တုန်းကများ ခင်ဗျားဆီလာပြီး တပည့်ခံခဲ့တာလဲ"

တန့်ဉက ပြုံးလိုက်လေသည်။

"မဟုတ်ရပါဘူးဖေဖေ သူကကျွန်တော့်ကို အတင်း တပည့်အဖြစ်လိုက်ခေါ်နေတာပါ၊ ကျွန်တော့်မှာ ဆရာရှိနေပါပြီလို့ပြောပြတာတောင် မယုံဘူး"

တောင်ပင်လယ်မိကျောင်းသည် တန့်ဉကို တစ်ချက်ကြည့်လိုက်၊ တဖန် မြို့စားကြီးကိုတစ်ချက်ကြည့်လိုက်ဖြင့်. .

"မင်းတို့သားအဖ ဘယ်လိုလဲကွ၊ တစ်ယောက်က သိုင်းပညာတော်တော်အဆင့်မြင့်တယ်၊ သားကျတော့ သိုင်းပညာနည်းနည်းမှ အသုံးမကျဘူး"

သူသည် တန့်ဥအား ညွှန်ပြလိုက်လေသည်။

"သူကငါနဲ့သိပ်တူတယ်ကွ၊ ငါနဲ့ဆယ်နှစ်လောက်သင်လိုက်ရင် မင်းရဲ့သားဟာ သိုင်းလောကမှာ ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်လာနိုင်တယ်ကွ"

မြို့စားကြီး ပြန်ပြောမည်အပြုတွင်. . .

တန့်ဥက ကြားဖြတ်လိုက်သည်။

"ဒီမှာအမှတ်စဉ်သုံး၊ ခင်ဗျားသိုင်းပညာ ညံ့ပါသေးတယ်၊ ကျုပ်ဆရာလုပ်ဖို့ အရည်အချင်းမပြည့်သေးဘူး၊ ဒါကြောင့် တောင်ပင်လယ်ကျွန်းကိုပြန်ပြီး အနှစ်နှစ်ဆယ်ထပ်ပြီးလေ့ကျင့်စမ်းပါဦး"

တောင်ပင်လယ်မိကျောင်း ဒေါသချောင်းချောင်းထွက်သွားလေသည်။

"မင်းက ဘာနားလည်လို့လဲ"

တန့်ဥက ပြုံးလိုက်သည်။

"နားလည်လို့ပြောနေတာပေါ့၊ ကဲ. . . ကျုပ်မေးမယ်၊ "လေမိုးည အပြင်ထွက်၍မကောင်း၊ လသာည ပန်းရနံ့သင်းသည် ကဗျာဆန်လှပေ၏" အဲဒါဘယ်လိုအဓိပ္ပါယ်ရသလဲဆိုတာ ခင်ဗျားသိသလား"

တောင်ပင်လယ်မိကျောင်းသည် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။



"မင်း ဘာတွေလျှောက်ပြောနေတာလဲ"

တန့်ဥက ခေါင်းခါယမ်းလိုက်လေသည်။

"ခင်ဗျားဗျာ ဒါလောက်အဓိပ္ပါယ်ရှင်းနေတဲ့ ပညာတောင်မှနားမလည်ဘဲ သိုင်းပညာကို ဘယ်လိုများနားလည်မှာလဲဗျ"

တန့်ဥ၏စကားကြောင့် ဘုရင်မင်းမြတ်၊ မြို့စားကြီးနှင့်တကွ ခေါင်မိုးပေါ် မှစောင့်ကြပ်နေသောကျူတန်းစင်တို့ကပါ တဝါးဝါးရယ်မောကြလေသည်။

မုဝမ်းချင်သည် တန့်ဥပြောသည့်စကားများကို နားမလည်သော်လည်း တန့်ဥမှာ စာပေထဲမှအကြောင်းများကိုမေးနေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

တောင်ပင်လယ်မိကျောင်းသည် အားလုံးက ရယ်မောနေသည်ကိုတွေ့လိုက်ရသောအခါ မိမိအား လှောင်ပြောင်နေကြသည်ဟု ရိပ်စားမိလိုက်၏။

ထို့ကြောင့် ပို၍ဒေါသထွက်လာပြီး တန့်ဥထံခြေတစ်လှမ်းတိုးလိုက်သည်။

"ဟေ့ သိပ်စကားမရှည်နဲ့၊ မင်း အခုငါနဲ့လိုက်ခဲ့ရမယ်"

တန့်ဥသည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍လက်ကာပြလိုက်ပြီး. . . .

"ခဏနေဦးလေ"

"ဘာလုပ်မလို့လဲ"

"ကျုပ်ပြောခဲ့တယ်မဟုတ်လား၊ ကျုပ်ကိုတပည့်အဖြစ်ခေါ်ချင်ရင် ကျုပ်ဆရာနဲ့အရင်ဆုံးယှဉ်ပြိုင်ရမယ်လို့"

"ကောင်းပြီလေ- မင်းဆရာဘယ်မှာလဲ အခုခေါ်ခဲ့စမ်း" တန့်ဥက ရယ်မောလိုက်လေသည်။

"ကောင်းပြီ- ခင်ဗျားသတ္တိရှိရင် ဒီမှာစောင့်နေပါ၊ ကျုပ်ဆရာကို သွားခေါ်လိုက်မယ်၊ ထွက်မပြေးရဘူးနော်"

"အောင်မာ- မင်းက ငါ့ကိုစော်ကားလို့ချည့်လား၊ ကျုပ်အမှတ်စဉ်သုံးက ဘယ်သူ့မှ မကြောက်ဘူးဆိုတာ မှတ်ထားစမ်းပါ၊ မင်းဆရာကိုသာ မြန်မြန်သွားခေါ်ခဲ့"

တန့်ဥသည် မြို့စားကြီးအားတစ်ချက်ကြည့်လိုက်ပြီး နန်းတော်ထဲမှ ထွက်သွားလေတော့သည်။

✕

တောင်ပင်လယ်မိကျောင်းသည် ခါးထောက်၍ မတ်တတ်ရပ်နေသည်။ ကောက်စင်းထိုက်တို့လူစုသည် မသိမသာ သူ့အားဝိုင်းရံထားလိုက်ကြ၏။

မြို့စားကြီးသည် အကယ်၍ တောင်ပင်လယ်မိကျောင်းက တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

မကြာပါချေ။ နန်းတော်ထဲသို့ တန့်ဥ ပြန်လည်ရောက်ရှိလာသည်။ သူသည် လူတစ်ယောက်၏လက်ကိုဆွဲကာ ဝင်ရောက်လာခြင်းဖြစ်သည်။

သူနှင့်အတူ ပါလာသောလူသည် အသက်ငါးဆယ်ကျော်



ခန့်ရှိသည်။ အင်္ကျီရှည်များဝတ်ဆင်ထားပြီး မျက်လုံးအစုံသည် အရက်အလွန်အကျွံသောက်ထားသဖြင့် ရီဝေနေ၏။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် အားလုံးက တဝါးဝါးတဟားဟားရယ်မောလိုက်ကြလေလည်။

ထိုလူကား. . .

မြို့စားကြီး၏အိမ်တော်မှ စာရင်းကိုင်ဆရာ၏တပည့်တစ်ယောက်ဖြစ်နေသည်ကို အားလုံးကသိထား၍ဖြစ်ပါသည်။

သူ၏အမည်သည် မည်သူမည်ဝါဟု မည်သူကမျှမသိပါ။

သူသည် နေ့စဉ်နှင့်အမျှ အရက်ကိုအလွန်အကျွံသောက်ပြီး အိမ်ဖော်များနှင့်ဖဲရိုက်လေ့ရှိသည်။

ထို့ကြောင့် သူ့အား အရက်သမားဟုခေါ်ကြလေသည်။

အရက်သမားသည် တန့်ဥက အတင်းဆွဲခေါ်၍သာ လိုက်လာရသည်။ သူ၏ရီဝေသော မျက်လုံးအစုံက ပတ်ဝန်းကျင်ရှိလူများအား ကြောက်ရွံ့စွာကြည့်နေ၏။

တန့်ဥသည် ထိုလူအား တောင်ပင်လယ်မိကျောင်းရှေ့သို့ တရွတ်တိုက်ဆွဲခေါ်လာပြီး. . .

"သူက ကျုပ်ဆရာလေးငါးယောက်ထဲမှာ ပညာအဆင့်အနိမ့်ဆုံးဖြစ်တယ်၊ ခင်ဗျား သူ့ကိုနိုင်မှ နောက်ထပ်တခြားဆရာနဲ့ယှဉ်ရလိမ့်မယ်"

တောင်ပင်လယ်မိကျောင်းက အရက်သမားအား စိုက်ကြည့်ပြီး နှာခေါင်းရှုံ့လိုက်လေသည်။

"သူ့လိုဆရာမျိုးကို ကျုပ်က သိုင်းသုံးကွက်နဲ့အသေသတ်

နိုင်တယ်ကွ"

သူသည်ပြောရင်း ရှေ့သို့တစ်လှမ်းတိုးလာသည်။

အရက်သမားအား တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

တန့်ဥက လက်ကာပြလိုက်၏။

"နေဦး- သုံးကွက်ဆိုရင် ကျုပ်ဆရာတောင်မလိုဘူး၊ ကျုပ်ကိုယ်တိုင်ယှဉ်ပါ့မယ်"

"ဟာ. . . ဒါဆိုသိပ်ကောင်းတာပေါ့၊ စိတ်ချ စိတ်ချ မင်းကိုဒဏ်ရာရအောင် ငါမလုပ်ဘူးကွ"

တန့်ဥက လက်ကာပြလိုက်သည်။

"ခဏနေဦး- ကျုပ် ကြိုတင်ပြောထားရဦးမယ်"

"ပြောပါ မင်းဘာပြောချင်သလဲ"

"ခင်ဗျားက သိုင်းကွက်သုံးကွက်နဲ့ ကျုပ်ကိုမနိုင်ရင် ဘယ်လိုလုပ်ကြမလဲ"

တောင်ပင်လယ်မိကျောင်းသည် တန့်ဥမှာသိုင်းပညာလုံးဝကြောင်းသိရှိထားသဖြင့် တဟားဟားရယ်မောလိုက်လေသည်။

"ဩော်. . ဒါလား၊ လွယ်ပါတယ်၊ ကျုပ်က မင်းကို သိုင်းကွက်သုံးကွက်နဲ့မှမနိုင်ရင် ကျုပ် မင်းဆီမှာတပည့်ခံမယ်ကွာ"

တန့်ဥက ပြုံးလိုက်သည်။

"ခင်ဗျား တကယ်ပြောနေတာနော်"

"အို. . ကျုပ် ဘယ်တုန်းကမှ ကတိမပျက်ခဲ့ဖူးဘူး"

"ကောင်းပြီ- အားလုံးကြားကြတယ်နော်၊ ခင်ဗျား မငြင်းရဘူး"



တောင်ပင်လယ်မိကျောင်း ဒေါသထွက်သွားလေသည်။

"စကားကြောမရှည်နဲ့၊ ငါ့ရဲ့သိုင်းကွက်စတော့မယ်၊ မင်းအသင့်ပြင်ထားပေတော့"

တန့်ဥကပြုံးပြီး ရှေ့သို့တိုးသွားသည်။

သူသည် တောင်ပင်လယ်မိကျောင်းနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။

နန်းတော်ထဲ၌ ရှိရှိသမျှသောလူများသည် တန့်ဥအားငယ်ရွယ်သည့်အချိန်ကစပြီး ကြီးပြင်းလာသည့်အချိန်အထိ မြင်တွေ့သိကျွမ်းခဲ့သော လူများဖြစ်ကြလေသည်။

တန့်ဥမှာ သိုင်းပညာလုံးဝမတတ်သည်ကိုလည်း အားလုံးကသိကြသည်။

ပထမတွင် တောင်ပင်လယ်မိကျောင်းကို ကျီစယ်သည်ဟုထင်မှတ်နေကြသည်။ ယခုမူ. . . တန့်ဥသည် တကယ်ပင် တောင်ပင်လယ်မိကျောင်းနှင့် ရင်ဆိုင်တော့မည်ကိုတွေ့လိုက်ရသောအခါ လူအားလုံး အံ့သြထိတ်လန့်ကုန်ကြတော့၏။

မြို့စားကြီးကတော်က ထိတ်ထိတ်ပျာပျာဖြင့်. . .

"ဒီမှာငါ့သား- မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ နောက်ဆုတ်လိုက်စမ်း"

မိဖုရားကလည်း ကောက်ကျင်းနယ်စားအား အမိန့်ပေးလိုက်ရလေသည်။

"ကောက်စင်းထိုက်. . . ဒီတောင်ပင်လယ်မိကျောင်းကို ဖမ်းဆီးဖို့ မင်းကို ကျုပ်အမိန့်ပေးလိုက်တယ်"

"အမိန့်တော်အတိုင်းပါ မိဖုရား"

ကောက်ကျင်းနယ်စားသည် ဦးညွှတ်လိုက်ပြီးနောက် ကျွ တန်းစင်ဘက်သို့လှည့်လိုက်ပြီး. . .

"ကဲ. . . မိဖုရားရဲ့အမိန့်အရ ဒီတောင်ပင်လယ်မိကျောင်းကို အားလုံးဝိုင်းဖမ်းကြမယ်"

တံငါသည်သိုင်းသမားတို့သည် တောင်ပင်လယ်မိကျောင်းကို ဝိုင်းရံထားကာ ရှေ့သို့တစ်လှမ်းချင်းတိုးလာကြလေသည်။

တောင်ပင်လယ်မိချောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခြော်-မင်းတို့အားလုံးက ငါ့ကိုဝိုင်းတိုက်ကြမှာကိုး၊ လာကြပါ၊ အားလုံးလာကြပါ၊ ကျုပ် မကြောက်ပါဘူး"

တန့်ဥက လက်နှစ်ဖက်ကိုခါယမ်းလိုက်ပြီး-

"အားလုံးမလာကြပါနဲ့ဗျာ၊ ကျုပ်က သူနဲ့သိုင်းကွက် သုံးကွက်ယှဉ်ပြိုင်ပါရစေ"

ဘုရင်မင်းမြတ်သည် တန့်ဥမှာ အလွန်ဉာဏ်ကောင်းသူဖြစ်သည်ကို ယုံကြည်ထားသည်။

တန့်ဥ ယခုကဲ့သို့ရင်ဆိုင်ဝံ့သည်မှာ အကြောင်းတစ်ခုခု ရှိရမည်ဟုလည်း ယုံကြည်၏။

ထို့ကြောင့်- သူက ကောက်ကျင်းနယ်စားတို့ကို ဟန့်တားလိုက်လေသည်။

"ကဲ- အားလုံးနောက်ဆုတ်လိုက်ပါ၊ ကျုပ်တို့ တာလိနိုင်ငံမင်းသားလေးရဲ့သိုင်းပညာ ဘယ်လောက်တော်တယ်ဆိုတာ သူတို့သိသွားအောင် စောင့်ကြည့်ကြပါဦး"



ကောက်ကျင်းနယ်စားတို့သည် ဘုရင်မင်းမြတ်၏စကားကြောင့် ခြေလှမ်းရပ်တန့်ပြီး ဘုရင်မင်းမြတ်အား နားမလည်သလိုကြည့်လိုက်ကြသည်။

ဘုရင်မင်းမြတ် ပြုံးနေသည်ကိုတွေ့လိုက်ရသဖြင့် သူတို့အားလုံး နောက်သို့ဆုတ်သွားကြလေသည်။

✕

တန့်ဥနှင့် တောင်ပင်လယ်မိကျောင်းတို့သည် တိုက်ခိုက်ရန် အသင့်ပြင်ထားကြပြီးဖြစ်သည်။

တန့်ဥက ထပ်မံရှင်းလင်းပြောပြလိုက်၏။

"ဒီမှာ ကျုပ်ရှင်းရှင်းပြောထားတယ်နော်၊ ခင်ဗျား သိုင်းကွက်သုံးကွက်ပြည့်လို့မှ ကျုပ်ကိုမနိုင်ရင် ကျုပ်ဆီမှာတပည့်ခံရလိမ့်မယ်၊ ဒါပေမယ့် ကျုပ် ခင်ဗျားရဲ့ဆရာဖြစ်သွားရင် ခင်ဗျားကို သိုင်းပညာသင်ပေးချင်မှသင်ပေးမှာဗျ၊ အဲဒါလည်း သိထားဖို့လိုတယ်"

တောင်ပင်လယ်မိကျောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ငါ့ကိုသိုင်းပညာသင်ပေးရအောင် ဘယ်လောက်များတတ်နေလို့လဲ"

တန့်ဥက-

"ဒါဆို ခင်ဗျားက သဘောတူတယ်ပေါ့ဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ- ခင်ဗျားရှုံးပြီး ကျုပ်တပည့်ဖြစ်သွားရင် ကျုပ်

ပြောတဲ့စကားကို ခင်ဗျားနားထောင်ရမယ်၊ ကျုပ်ခိုင်းတာကို တစ်သွေမတိမ်း လုပ်ရမယ်"

"စိတ်ချ- မင်းရှုံးရင်လဲ ဒီအတိုင်းလက်ခံရမယ်"

"ဟုတ်ကဲ့- ကျုပ်လဲလက်ခံပါတယ်"

တောင်ပင်လယ်မိကျောင်းက သူ့အား စိုက်ကြည့်လိုက်ပြီး "ကဲ- ကျုပ် သိုင်းကွက်သုံးကွက်လာပြီ၊ မင်းရှောင်နိုင်ရင် ရှောင်ပေတော့"

တန့်ဉက လက်ကာပြလိုက်သည်။

"ခဏနေဦး. . ."

တောင်ပင်လယ်မိကျောင်း မျက်မှောင်ကုပ်သွားသည်။

"မင်းအလုပ် တော်တော်ရှုပ်တယ်၊ ဘာပြောဦးမလဲ"

တန့်ဉက သူ၏နောက်ဘက်သို့ ညွှန်ပြလိုက်သည်။

"ကျုပ်ရဲ့ အခြားဆရာတစ်ယောက်က ခင်ဗျားနောက်မှာ ရပ်နေတယ်ဗျ"

တောင်ပင်လယ်မိကျောင်းသည် နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်သည်။

ထိုတခဏ်အချိန်တွင် တန့်ဉသည် ရှေ့သို့ခြေလှမ်းတစ်လှမ်း လှမ်းလိုက်ပြီး တောင်ပင်လယ်မိကျောင်း၏ 'တိုကောက်'သွေးကြော ကို လှမ်းပိတ်လိုက်သည်။

သို့သော်- သူ၏ခြေလက်များသည် ကျွမ်းကျင်မှုလုံးဝမရှိ သဖြင့် နှစ်ခါ သုံးခါ လိုက်ပိတ်ရလေသည်။

'တိုကောက်'သွေးကြောသည် လူ့ခန္ဓာကိုယ်ရှိသွေးကြော



ခြောက်ခုအနက် အရေးကြီးသောသွေးကြော ဖြစ်ပါသည်။

တန့်ဉက တောင်ပင်လယ်မိကျောင်း၏ 'တိုကောက်'သွေး ကြောကိုဖမ်းဆုပ်လိုက်သောအခါ တောင်ပင်လယ်မိကျောင်း ထိတ် လန့်ဖြစ်သွားသည်။

ထိုတခဏ်အချိန်တွင် တန့်ဉ၏ဝဲဘက်လက်ဝါးသည် တောင် ပင်လယ်မိကျောင်း၏ခါးကြားမှာရှိသော 'အိရှု'သွေးကြောအား ဖိ ထားလိုက်သည်။

တောင်ပင်လယ်မိကျောင်းသည် ရုတ်တရက် ထိတ်လန့် သွားသည်။ သူသည် ကပျာကယာ အတွင်းအားကိုညှစ်ထုတ်၍ခုခံ လိုက်ရသည်။ သို့သော် ထိုသွေးကြောနှစ်ခုမှာ ဆန့်ကျင်ဘက် သွေး ကြောများဖြစ်နေ၏။

သူ ညှစ်ထုတ်လိုက်သော အတွင်းအားများသည် သွေး ကြောတစ်ခုမှ အခြားသွေးကြောတစ်ခုနှင့် ဆန့်ကျင်နေသဖြင့် သူ၏ တစ်ကိုယ်လုံးသည် ရုတ်တရက်ထုံကျင်၍ အားအင်ချိနဲ့သွားသည်။

တန့်ဉက သူ့ကိုယ်ခန္ဓာအား လက်နှစ်ဖက်ဖြင့်တွန်းချလိုက် ရာ တောင်ပင်လယ်မိကျောင်းသည် ပက်လက်လန်ကာ ကျောက် လှကားထစ်ပေါ် စောက်ထိုးမိုးမျှော်ကျသွားလေတော့သည်။

သိုင်းပညာလုံးဝမတတ်သောတန့်ဉ၏ အလဲထိုးခံလိုက် ရမှုကြောင့် တောင်ပင်လယ်မိကျောင်းသည် ရှက်လည်းရှက် ဒေါသ လည်းဖြစ်ကာ ကပျာကယာလူးလိမ့်ထလိုက်သည်။

## ဆန်းကြယ်လှို့ဝှက်သောခြေလှမ်း

ရပ်ကြည့်နေကြသောလူများအားလုံးသည် သိုင်းပညာ မြင့်မားသော သိုင်းပညာရှင်များဖြစ်ကြလေသည်။

သိုင်းပညာ လုံးဝနားမလည်သောတန့်ဥက သိုင်းပညာရှ ထိပ်သီးတစ်ယောက်ဖြစ်သော တောင်ပင်လယ်မိကျောင်းအား ယ သို့ အလဲထိုးနိုင်ခဲ့သည်ကိုမြင်တွေ့ရသောအခါ ရုတ်တရက် မင်တ မိသွားကြလေသည်။

သူတို့၏မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်ကု ကြတော့၏။ တောင်ပင်လယ်မိကျောင်းသည် တစ်ကိုယ်လုံးတဆ ဆတ်တုန်ခါသည်အထိ ဒေါသချောင်းချောင်းထွက်သွားလေ၏။

သူသည် အံကိုတင်းတင်းကြိတ်ကာ တန့်ဥအား လက် ဖြင့် ထိုးချလိုက်သည်။

မြို့စားကြီး ရင်ထိတ်သွား၏။ ဝင်ရောက်တားမြစ်ရန် မြင်လိုက်စဉ် တန့်ဥမှာ ဝဲဘက်သို့ခြေလှမ်းခပ်စွေစွေဖြင့်လှမ်းလို သည်ကိုတွေ့ရလေသည်။



တန့်ဥ၏ခြေလှမ်းလှမ်းပုံမှာ အလွန်ဆန်းကြယ်နေ၏။

ခြေတစ်လှမ်းလှမ်းလိုက်ရုံဖြင့် တစ်ဘက်လူ၏ ပြင်းထန်သောလက်သီးတိုက်ကွက်ကို ရှောင်တိမ်းနိုင်ခဲ့လေသည်။

မြို့စားကြီး မျက်လုံးပြူးသွား၏။

"ဟာ- ကောင်းလိုက်တဲ့ခြေလှမ်း"

ထိုစဉ်-

တောင်ပင်လယ်မိကျောင်း၏ ဒုတိယတိုက်ကွက် ဆက်၍ တိုက်ခိုက်လာပြန်သည်။

တန့်ဥက ပြန်လည်တိုက်ခိုက်ခြင်းမပြုပါ။

ရှေ့သို့သာ ခြေနှစ်လှမ်းလျှောက်သွားသည်။

ဤသို့ဖြင့်. . .

တောင်ပင်လယ်မိကျောင်း၏တိုက်ကွက်ကို အသာအယာ ရှောင်တိမ်းလိုက်ပြန်သည်။

တောင်ပင်လယ်မိကျောင်းသည် တိုက်ကွက် နှစ်ကွက်စလုံး လွဲသွားသည်ကိုတွေ့ရသောအခါ ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် တန့်ဥအားစေ့စေ့ကြည့်လိုက်သည်။

တန့်ဥသည် သူ့ရှေ့၌ရပ်လျက်ရှိနေ၏။

သူတို့နှစ်ယောက်၏အကွာအဝေးမှာ သုံးပေခန့်မျှသာ ရှိပေသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး. . .

"ယား. . ."

ဟုတစ်ချက်အော်ဟစ်ကာ လက်နှစ်ဖက်သည် သိမ်းငှက်

လက်သည်းပမာ ဆန့်ထုတ်ပြီး. . .

တန့်ဥ၏ရင်ဝသို့ထိုးဖောက်ရန် အားကုန်တွန်းထုတ်လိုက်လေသည်။

ဤသိုင်းကွက်သည် သူ၏ ဆယ်နှစ်ဆယ်မိုးခက်ခဲစွာ လေ့ကျင့်ခဲ့ရသောလျှို့ဝှက်သိုင်းပညာများအနက် "နဂါးခြေသည်း"သိုင်းကွက်တစ်ကွက်ဖြစ်သည်။

ဤသိုင်းကွက်သည် အော့လျံ၏ အမှတ်စဉ်နှစ်နေရာကို လုယူရန် လေ့ကျင့်ထားသောသိုင်းကွက်တစ်ကွက်ဖြစ်ပါသည်။

ယခု. . .

သူသည် ဒေါသအမျက်ချောင်းချောင်းထွက်လာသဖြင့် သူ၏အစွမ်းထက်သောသိုင်းကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

ဘုရင်မင်းမြတ်၊ မိဖုရား၊ မြို့စားကြီး၊ မြို့စားကတော်တို့သည် စိုးရိမ်တကြီးဖြစ်ကာ. . .

"သတိထား. . ."

ဟု ပြိုင်တူအော်ဟစ်သတိပေးလိုက်ကြသည်။

တန့်ဥသည် ဝဲဘက်သို့ခြေတစ်လှမ်းလှမ်းလိုက်ပြီး တစ်ဝက်ခန့် ဘေးဘက်သို့ ခြေလှမ်းထပ်မံလှမ်းလိုက်ပြန်သည်။

ဤသို့ဖြင့်. . .

သူ၏ခန္ဓာကိုယ်သည် တောင်ပင်လယ်မိကျောင်း၏ နောက်ကျောသို့ ပေါ့ပါးလျင်မြန်စွာရောက်ရှိသွားလေသည်။

တန့်ဥသည် လက်ဆန့်လိုက်ပြီး တောင်ပင်လယ်မိကျောင်း၏ဆံပင်မရှိသောငယ်ထိပ်ပေါ် လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။



တောင်ပင်လယ်မိကျောင်းသည် မိမိ၏ငယ်ထိပ် အရိုက်ခံလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားပြီး-

"ငါတော့ သေပါပြီ"

ဟု ကြိတ်၍အော်လိုက်မိလေသည်။

သို့သော်. . .

တန့်ဥ၏ရိုက်ချက်မှာ အတွင်းအား လုံးဝမရှိသဖြင့်. . .

အနည်းငယ်နာကျင်သည်မှအပ မည်သို့မှ ထိခိုက်ခြင်း မရှိသည်ကို တွေ့လိုက်ရ၍ ဝမ်းသာသွားလေသည်။

သူသည် လက်ကိုအပေါ်မြှောက်လိုက်ပြီး တန့်ဥ၏လက်ကိုဖမ်းဆွဲလိုက်သည်။

တန့်ဥ ကပျာကယာရှောင်တိမ်းလိုက်ရာ. . .

တောင်ပင်လယ်မိကျောင်း၏လက်သည်းများနှင့် ခြစ်မိသွား၏။

ထို့ကြောင့်. . .

သူ၏ လက်ကောက်ဝတ်တွင် အစင်းကြီးငါးစင်း ထင်းခနဲ နီရဲသွားလေသည်။ တန့်ဥ ထိတ်လန့်သွားသည်။

နောက်သို့ ကပျာကယာဆုတ်လိုက်ပြီး မြို့စားကြီးနောက်သို့ သွားရောက်ပုန်းအောင်းလိုက်ရလေသည်။

မြို့စားကတော်သည် တန့်ဥအား မျက်မှောင်ကုပ်၍ တစ်ချက်ကြည့်လိုက်သည်။

"အင်း- သားကလဲ သူ့အဖေနဲ့သူ့ဦးလေးဆီက ဒါလောက်ဆန်းကြယ်တဲ့သိုင်းပညာတွေရထားပြီး ငါ့ကို ဖုံးကွယ်ထားတယ်၊ သိရောပေါ့"

ဟု စိတ်ထဲ၌ကြိတ်၍အပြစ်တင်လိုက်သည်။

မုဝမ်းချင်က အသံကျယ်လောင်စွာဖြင့်-

"ဒီမှာ- ရှင်ရှုံးပြီ"

ဟုအော်လိုက်သည်။

တောင်ပင်လယ်မိကျောင်းက ခါးသော့က်လိုက်၏။

"ကျုပ်က ဘာဖြစ်လို့ ရှုံးရမှာလဲ"

"ရှင်က သိုင်းတွက်သုံးကွက်နဲ့မနိုင်တဲ့အပြင် ရှင့်ရဲ့ငယ်ထိပ်တောင် အရိုက်ခံခဲ့ရသေးတယ်မဟုတ်လား၊ နောက်ပြီး လဲကျသွားသေးတယ်၊ ဒါ ရှုံးတာမဟုတ်ရင် ဘာလဲ"

တောင်ပင်လယ်မိကျောင်းက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ဒါ- ဒါ ကျုပ်လက်မခံနိုင်ဘူး"

မုဝမ်းချင်သည် လက်ညှိုးဖြင့် သူ၏ပါးကိုခြစ်ပြလိုက်သည်။

"ရှင် မရှက်ဘူးလား၊ ရှင်ရှုံးတာ ဝန်မခံရင် ခွေးမျိုးပဲဖြစ်ရမယ်"

တောင်ပင်လယ်မိကျောင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မကျေနပ်ဘူး၊ သတ္တိရှိရင် နောက်တစ်ခါယှဉ်မယ်"



မြို့စားကြီးသည် တန့်ဥအား လေသံတိုးတိုးဖြင့်-

"ကဲ- မင်းရဲ့ခြေသိုင်းကွက်ကတော့ တော်တော့်ကိုအခြေအနေကောင်းတယ်၊ ဘာမှမကြောက်နဲ့ သူနဲ့ယှဉ်ကြည့်ပါဦး"

တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်ကြောက်တယ်- ကျွန်တော်ကြောက်တယ်"

"မကြောက်ပါနဲ့သားရယ်၊ ဖေဖေ အနားမှာရှိပါတယ်"

တန့်ဥသည် ဖခင်က နံဘေးမှကူညီမည်ဟုကြားလိုက်ရသောအခါ စိတ်ရဲလာလေသည်။

သူသည် တောင်ပင်လယ်မိကျောင်းထံသို့ လျှောက်သွားပြန်လေသည်။

"ကဲ- မကျေနပ်ရင် နောက်ထပ်ယှဉ်မယ်၊ ဒီတစ်ခါရှုံးရင် ကျုပ်ကို ဆရာခေါ်ရလိမ့်မယ်၊ မခေါ်ရင်တော့ ခွေးမျိုးပဲ"

တောင်ပင်လယ်မိကျောင်းသည် စကားမပြောတော့ပါ။

သူသည် လက်သီးနှစ်လုံးဖြင့် တန့်ဥအား တရကြမ်းတိုက်ခိုက်လိုက်လေတော့သည်။

ဤတစ်ကြိမ်တွင်. . .

တန့်ဥသည် တောင်ပင်လယ်မိကျောင်းအား ကြည့်ပင် မကြည့်တော့ပါ။ သူ၏ ခြေလှမ်းများကိုသာ ဝဲယာရွှေ့နောက် သို့ ခြေလှမ်း လှမ်းနေ၏။

တောင်ပင်လယ်မိကျောင်းမှာမူ အားမလို အားမရဖြင့် သူ့အား အတင်းလိုက်၍တိုက်ခိုက်နေ၏။

သို့သော်. . .

သူတိုက်ခိုက်လိုက်သော တိုက်ကွက်များသည် တန့်ဥအား ထိလုဆဲဆဲမှာပင်. . .

သီသီကလေး လွဲချော်သွားသည်သာဖြစ်သည်။

တောင်ပင်လယ်မိကျောင်းသည် ပို၍ဒေါသထွက်လာလေ တော့၏။

ထို့ကြောင့် ပို၍ ပြင်းပြင်းထန်ထန်တိုက်ခိုက်လာသည်။

သို့သော်. . .

တန့်ဥ၏ခြေလှမ်းများသည် လျှောက်မြဲအတိုင်းဆက်လက် လျှောက်လှမ်းနေ၏။

သူသည် တောင်ပင်လယ်မိကျောင်း၏တိုက်ကွက်ကို လှည့် ပင် မကြည့်ချေ။

သတိပြုမိတန်လည်း မရှိပါ။

သူ့ဖာသာသူ အေးဆေးစွာ လမ်းလျှောက်သည်နှင့်တူ နေပေသည်။

ဤသို့ဖြင့်. . .



တောင်ပင်လယ်မိကချောင်း၏တိုက်ကွက်သည် သုံးဆယ်ပင် ကျော်သွားလေတော့သည်။

တန့်ဥ၏ခြေလှမ်းမှာလည်း တစ်ပတ်မျှ လည်ခဲ့ပြီးဖြစ်ပေ တော့၏။

ခြေလှမ်းတစ်ပတ်မျှ ပတ်ပြီးသည့်အခါ တန့်ဥသည် ခြေ လှမ်းကိုစုံရပ်လိုက်၏။

ယင်းသို့ခြေကိုစုံရပ်လိုက်သည်နှင့်. . .

တောင်ပင်လယ်မိကျောင်းနှင့် မျက်နှာချင်းဆိုင်လျက်သား ဖြစ်သွားလေသည်။

ဤတစ်ကြိမ်၌. . .

တန့်ဥသည် တောင်ပင်လယ်မိကျောင်း၏မျက်နှာကို မော့ မကြည့်ဘဲ. . .

တောင်ပင်လယ်မိကျောင်း၏ရင်ဝမှ သွေးကြောနေရာကို သာ သတိပြုစိုက်ကြည့်နေ၏။

တောင်ပင်လယ်မိကျောင်းသည် တန့်ဥကွင် အတွင်းအား မရှိသဖြင့် ကြောက်ရွံ့ရန် မလိုဟုသဘောထားပုံရ၏။

လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက်ပြီး လက်ဝါးစောင်း ပုံသဏ္ဍာန်ဖြင့် တန့်ဥ၏ပခုံးပေါ်သို့ ခုတ်ချလိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင်. . .

တန့်ဥ၏လက်ချောင်းနှစ်ချောင်းသည် တောင်ပင်လယ် မိကျောင်း၏ရင်ဝမှ "ယိ"သွေးကြောပေါ်သို့ ထိုးစိုက်လိုက်သည်။

တောင်ပင်လယ်မိကျောင်းသည် တစ်ကိုယ်လုံး ထုံကျင်

သွားကာ သူ၏လက်နှစ်ဖက်သည် တန့်ဥ၏ပခုံးနှင့် ငါးလက်မခန့် အကွာတွင် ရပ်တန့်သွားလေတော့သည်။

ထို့နောက်. . .

အင်အားများကုန်ခမ်းသွားသည့်အလား မြေပေါ်သို့ ခွေ၍ လဲကျသွားလေတော့သတည်း။

❋

တောင်ပင်လယ်မိကျောင်းသည် အလွန်သန်မာသောသိုင်းသမားတစ်ယောက်ဟု ဆိုရပေမည်။

မြေပေါ်သို့လဲကျသွားသည်နှင့် ကမန်းကတန်းပြန်ထလာသည်။ သူ၏ဝိုင်းစက်၍သေးငယ်သော မျက်လုံးအစုံသည် တန့်ဥအား အံ့ဩစွာကြည့်နေ၏။

မုဝမ်းချင်က ပြုံးလိုက်သည်။

"ကဲ- ဘယ်နှယ့်လဲ၊ ရှင် ရှုံးသွားပြီမဟုတ်လား"

တောင်ပင်လယ်မိကျောင်း၏မျက်နှာ နီရဲသွားသည်။

မုဝမ်းချင်က မဲ့ပြုံးပြုံးလိုက်သည်။

"ရှင် ရှုံးရင် တပည့်ခံမယ်လို့ ကတိပေးခဲ့တယ်လေ၊ အော တပည့်မခံချင်ရင် လွယ်ပါတယ်၊ ခွေးမျိုးလို့ နာမည်ပြောင်းလိုက်ရုံပဲပေါ့"

တောင်ပင်လယ်မိကျောင်းက အံကိုတင်းတင်းကြိတ်လိုက်လေသည်။



"ကျုပ် တပည့်ခံမယ်၊ ခွေးမျိုးတော့မဖြစ်ချင်ဘူး"

သူသည်ပြောပြီးသည်နှင့် တန့်ဥရှေ့သို့ လာရောက်ကာ ဒူးထောက်ပြီး ဦးသုံးကြိမ်ချလိုက်သည်။

"ဆရာ- ကျွန်တော့်ကို တပည့်အဖြစ်လက်ခံပါတော့"

သူသည် ယင်းသို့ပြောပြီးနောက် ဒူးထောက်ရာမှ မတ်တတ်ရပ်လိုက်ပြီး ချာခနဲလှည့်၍ ထွက်ပြေးသွားလေတော့သည်။

ယခု. . .

အားလုံး ဝမ်းသာသွားသည်။

ဘုရင်မင်းမြတ်သည် တန့်ဥအား သဘောကျစွာပြုံး၍-

"နေပါဦး၊ ငါ့သား ဒီခြေလှမ်းသိုင်းကွက်တွေက ဘယ်သူ့ဆီက သင်လာတာလဲ"

တန့်ဥက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့- ကျွန်တော် လိုဏ်ဂူတစ်ခုထဲက သင်ခဲ့တာပါ၊ ဟုတ်မှန်း မဟုတ်မှန်းတောင် မသိပါဘူး"

ဘုရင်မင်းမြတ် မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုဏ်ဂူက ဒီပညာတိုတတ်လာတာလဲ၊ ပြောစမ်းပါဦး"

"ဟုတ်ကဲ့- ကျွန်တော် အစကနေပြောပြပါ့မယ်"

❋

တန့်ဥသည်. . .

မုဝမ်းချင်အား တောင်ပင်လယ်မိကျောင်းက ဖမ်းဆီးသွားသည်ကိုတွေ့မြင်လိုက်ရသောအခါ နောက်မှပြေးလိုက်သွားလေသည်။

သူသည် ယင်းသို့ပြေးလိုက်သွားရာ ချောက်ကမ်းပါးနှုတ်ခမ်းအနီးသို့ရောက်ရှိသွားသောအခါ. . .

အလွန်ကြီးမားသော လင်းမြွေတစ်ကောင်ကို နင်းမိလိုက်လေသည်။

လင်းမြွေ၏ခန္ဓာကိုယ်သည် အလွန်ချောမွေ့နေသဖြင့် သူဟန်ချက်မထိန်းနိုင်ဘဲ ပက်လက်လန်ချော်လဲကာ ချောက်ကမ်းပါးထဲသို့ လိမ့်ကျသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် အောက်သို့လျှော၍ကျသွားလေ၏။

သူ၏လက်တစ်ဖက်မှာ လေထဲ၌ယမ်းသမ်း၍ ဖမ်းမိဖမ်းရာဖမ်းယူနေ၏။

ရုတ်တရက်-

သူ၏လက်နှစ်ဖက်သည် တောင်နံရံမှထိုးထွက်နေသောသစ်ကိုင်းတစ်ကိုင်းအား ဖမ်းမိသွား၏။

သူသည် သေကံမရောက် သက်မပျောက်ဘဲ အသက်ရှင်ခဲ့ရခြင်းဖြစ်လေသည်။

တန့်ဥသည် ခြေနင်းနိုင်သည့်နေရာကို စမ်း၍နင်းချလိုက်မိ၏။ သူ နင်းချလိုက်သောနေရာမှာ ကျောက်ဆောင်တစ်ခုဖြစ်နေကြောင်း သိရှိလိုက်ရသည်။



စိတ်အနည်းငယ် ငြိမ်သက်သွားမှ ရေများ တဝေါဝေါကျဆင်းနေသံများကို ကြားလိုက်ရလေသည်။

အောက်သို့ငုံ့ကြည့်လိုက်သောအခါ. . .

ချောင်းရေများသည် လျင်မြန်စွာစီးဆင်းလျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အပေါ်သို့မော့ကြည့်လိုက်ရာ ကျောက်ဆောင်သည် အလွန်မတ်စောက်နေသည်ကိုတွေ့ရ၏။

မည်သည့်နည်းနှင့်မျှ တက်နိုင်လိမ့်မည်မဟုတ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်. . .

သူသည် ခြေနင်းနိုင်မည့်နေရာကိုရှာ၍ တဖြည်းဖြည်း အောက်သို့ ဆင်းသွားလေသည်။

ဤသို့ဖြင့်. . .

ခြေနင်းနိုင်မည့်နေရာကို ရှာ၍ အောက်သို့ တဖြည်းဖြည်း ဆင်းသွားရာ. . .

မကြာပါချေ။

သူသည် ဝမ်းသာအားရဖြစ်သွားတော့၏။

အကြောင်းမှာ. . .

ထိုနေရာသည် သူတစ်ကြိမ်ရောက်ခဲ့ဖူးသောနေရာဖြစ်ကြောင်း မှတ်မိသိရှိလိုက်သောကြောင့်ဖြစ်သည်။

ထိုနေရာမှ တစ်ဘက်သို့ကူးသွားလျှင် ကြုံးလင်တို့နေထိုင်သော သူတော်ကောင်း ကြိုးတံတားသို့ရောက်ရှိနိုင်မည်ဖြစ်၏။

တဆက်တည်းမှာပင် တစ်ချိန်က သူတွေ့ခဲ့ရသော ပန်းပုသူဇာကိုလည်း သတိရလာမိလေသည်။

ပန်းပုသူဇာငှ သို့ တစ်ခေါက်သွားရောက်ကြည့်ရှုရန်လည်း စိတ်ဆန္ဒပြင်းပြလာမိသည်။

သူသည် လူငှ တစ်ယောက်ပီပီ စိတ်ကူးထဲပေါ်လာသည်နှင့် ချက်ချင်းပင် အကောင်အထည်ဖော်လိုက်တော့သည်။

မကြာပါချေ။

သူသည် ပန်းပုသူဇာထံသို့သွားရန် လိုက်ဂူအား တွေ့ရှိရလေသည်။

လိုက်ဂူထဲသို့ဝင်လိုက်ပြီး. . .

ပန်းပုသူဇာရှိနေသော ရေအောက်ခန်းသို့ လျှောက်သွားလေသည်။

ပန်းပုသူဇာရှေ့သို့ရောက်ရှိသွားသောအခါ သူသည် အလွန်ပင်ပန်းမောဟိုက်လာသဖြင့် မြေပေါ်လဲချပြီးအနားယူလိုက်ရာ ခဏချင်းပင် အိပ်ပျော်သွားလေသည်။

မည်မျှကြာသွားမှန်းမသိ။

သူနိုးလာသောအခါ အခန်းတစ်ခုလုံးတွင် နေရောင်ခြည်များတိုးဝင်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ပန်းပုသူဇာအား ငေး၍ကြည့်နေသည်။

အမျိုးမျိုးစိတ်ကူးယဉ်ကြည့်သည်။

တဖန်. . . ထိုနေရောင်ခြည်သည် မည်သည့်နေရာမှ တိုးဝင်လာသည်ကိုစူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာပြန်လေသည်။



ထို့ကြောင့်. . .

နေရောင်ခြည်တိုးဝင်လာသောနေရာကို လိုက်လံရှာဖွေကြည့်ရှုလေသည်။

သူသည် ယင်းသို့ရှာဖွေနေရာ အခန်း၏ယာဘက်ထောင့်အပေါ်၌ ကြေးမုံပြင်တစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

နေရောင်ခြည်သည် ထိုကြေးမုံပြင်မှတဆင့် တိုးဝင်လာခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

ကြေးမုံပြင်အား သေသေချာချာကြည့်လိုက်သောအခါ ကြေးမုံပြင်ပေါ်၌ အရုပ်နှင့်တူသော အကွရာများကိုတွေ့ရှိရပြန်လေသည်။

သူ စိတ်လှုပ်ရှားသွားသည်။

အခန်းထဲမှချိတ်ထားသော ကြေးမုံပြင်များကို အကဲခတ်ကြည့်မိပြန်၏။

သို့သော်. . .

မည်သည့်ထူးခြားချက်မျှ မတွေ့ရပါ။

သူသည် လက်လှမ်းမှီရာကြေးမုံတစ်ချပ်အား ဖြုတ်ချလိုက်သည်။

ဖုန်များကို အကျႌစဖြင့်သုတ်လိုက်သည်။

ယခုမှ. . .

ကြေးမုံပြင်ပေါ်၌ မင်ကြောင်းများတွင်းထားသည်ကို တွေ့လိုက်ရတော့သည်။

ထိုမင်ကြောင်းများသည် အချို့ကတည့်မတ်ပြီး အချို့က

ခပ်စွေစွေဖြစ်နေသည်ကိုတွေ့ရ၏။

ငှင်းမင်ကြောင်း၏နံဘေး၌ ခြေတစ်လှမ်း၊ ခြေနှစ်လှမ်း ခြေလှမ်းတစ်ဝက်ဟု စသည့်စာလုံးများရေးသားထားသည်ကို တွေ့လိုက်ရပြန်လေသည်။

ထို့ပြင်. . .

မင်ကြောင်းများ၏အဆုံးတွင်. . .

ဗေဒင်ဆရာများသုံးလေ့သုံးထရှိသော နက္ခတ်တာရာများ၏အမည် ရေးသားထားသည်ကိုလည်း တွေ့ရလေ၏။

တန့်ဥသည် ဗေဒင်ကျမ်းများကို အသင့်အတင့်လေ့လာထားဖူးသော လူတစ်ယောက်ဖြစ်သည်။

ထိုကြေးမုံပေါ်၌ ရေးမှတ်ထားသောနက္ခတ်တာရာဂြိုဟ်များ၏အမည်များကိုလည်း နားလည်ပေသည်။

သူသည် ကြေးမုံ၏နောက်ကျောသို့ လှည့်ကြည့်လိုက်ပြန်၏။ ထိုအခါ. . . .

ကြေးမုံပြင်၏ကျောပြင်တွင်. . .

“ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်”

ဟုရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

သူ၏မျက်လုံးအစုံသည် ထိုစာလုံးမှတဆင့် ပန်းပုသူဇာ၏ခြေထောက်သို့ ရောက်ရှိသွားသည်။

ယခုမှ ပန်းပုသူဇာ၏ခြေနင်းဟန်မှာ တစ်မျိုးထူးခြားနေသည်ကို သတိပြုမိလိုက်တော့သည်။

တန့်ဥသည် ပန်းပုသူဇာထံလျှောက်သွားလေသည်။



သူမ၏ခြေထောက်ကို သေသေချာချာကြည့်ရှုအကဲခတ်လိုက်လေ၏။

ရုတ်တရက်. . .

သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။

ပန်းပုသူဇာ၏ဖိနပ်ပေါ်၌ စာကြောင်းများရေးသားထားသည်ကို တွေ့ရှိလိုက်ရခြင်းကြောင့်ဖြစ်သည်။

“မင်းဟာ ငါနဲ့ရေစက်ဆုံလို့ အခုအချိန်ကစပြီး ငါ့ရဲ့တပည့်ဖြစ်ပြီ၊ ဒီတော့ မင်းတွေ့ကြုံရမယ့်အခက်အခဲဟာ ပြောမပြနိုင်လောက်အောင် ကြီးမားလာလိမ့်မယ်၊ မင်း နောင်တရရန်မလို၊ ငါတို့ဂိုဏ်းရဲ့ကျော်ကြားတဲ့သိုင်းကွက်များဟာ ဤအခန်းထဲမှာရှိနေတယ်၊ စိတ်ကို အေးဆေးစွာထားပြီးသင်ကြားပါလော့”

ထိုစာကြောင်းကိုတွေ့မြင်လိုက်ရသောအခါ တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

“အင်း. . . ခင်ဗျားမှာ သိုင်းပညာရပ်တွေ အများကြီးရှိပေမယ့် ကျွန်တော်က သိုင်းပညာကို လုံးဝမတတ်ချင်ပါဘူးဗျာ၊ ဝမ်းနည်းပါတယ်”

သူသည် ယင်းသို့ပြောပြီးခေတ္တထိုင်ချလိုက်သည်။

အတန်ကြာအောင် ထိုင်ပြီးအနားယူနေမိ၏။

အနားယူပြီးနောက် သူ၏မျက်လုံးအစုံသည် အခန်းထဲမှရှိသမျှကြေးမုံတို့အား ဝရစိုက်ကြည့်မိသည်။

သူ၏စိတ်ထဲမှလည်း ကြေးမုံပြင်၌ဖော်ပြထားသောနက္ခတ်တာရာတည်ရှိပုံအတိုင်း ခြေလှမ်းလှမ်းလိုက်သည်။

သူသည် ယင်းသို့ စိတ်ကူးယဉ်ပြီး ခြေလှမ်းကိုလှမ်းလိုက်သောအခါ ပထမ ခြေလှမ်းလှမ်းပြီးနောက် ဒုတိယခြေလှမ်းကိုဆက်၍လှမ်းရန်မှာ မဖြစ်နိုင်တော့သည်ကိုတွေ့ရှိရလေသည်။

သူသည် မျက်မှောင်ကုပ်၍စဉ်းစားလိုက်၏။

ကြေးမုံပြင်မှမင်ကြောင်းများကိုလည်း ထပ်မံလေ့လာကြည့်သည်။ သို့သော်. . .

ကြေးမုံပြင်၌ဖော်ပြထားသည့်အတိုင်း မည်သည့်နည်းနှင့်မျှ ခြေလှမ်းလှမ်း၍မရသည်ကို တွေ့ရှိရလေသည်။

တန့်ဥသည် စာပေသမားတစ်ယောက်ပီပီ ပြဿနာအခက်အခဲနှင့်ကြုံတွေ့လာရသောအခါ ယင်းပြဿနာကို ဇွဲရှိရှိဖြင့်ဖြေရှင်းရန် စိတ်ဆန္ဒပြင်းပြလာ၏။

သို့ဖြင့် သူသည် ပတ်ဝန်းကျင်တစ်ခုလုံးအားမေ့လျော့ထားလိုက်လေသည်။

ထို့နောက် ကြေးမုံပြင်မှဖော်ပြထားသော ခြေလှမ်းများကိုသာ အာရုံစူးစိုက်စွာဖြင့် တွေးခေါ်စဉ်းစားနေလေတော့သည်။

✕



တန့်ဥသည် ငယ်စဉ်က စာပေကိုသာလိုက်စားပြီး စာပေမြတ်နိုးသူတစ်ယောက်ဖြစ်လာခဲ့သည်။

သိုင်းပညာရပ်များကိုမူ လူသတ်ပညာဟု အထင်သေးခဲ့လေသည်။

ထို့ကြောင့် သိုင်းပညာရပ်နှင့် ပတ်သက်ပြီး လုံးဝသင်ကြားလိုခြင်းမရှိခဲ့ပေ။

သူ၏ဖခင်နှင့် ဦးလေးဘုရင်တို့က သူ့အား သိုင်းပညာရှင်တစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်ထားကြသည်။

သို့ဖြင့်. . .

သူ့အား သိုင်းပညာရပ်များကို သင်ကြားရမည်ဟု အတင်းအကြပ်ပြုလုပ်လာသောအခါ သူသည်အိမ်မှထွက်ပြေးခဲ့လေသည်။

အိမ်မှ ထွက်ပြေးလာပြီးနောက် သိုင်းလောကသားများနှင့်ရင်ဆိုင်ခဲ့ရသည်။

ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။

အသက်ဘေးမှ သီသီကလေးလွတ်မြောက်လာခဲ့ရသည်။

ယင်းသို့ဖြစ်ရခြင်းမှာ မိမိအနေဖြင့် သိုင်းပညာရပ်များကိုလုံးဝ မတတ်ခဲ့၍ဖြစ်ကြောင်း သူ သတိရလာမိလေသည်။

ယင်းသို့ သတိတရားရလာသောအခါ သူ၏အယူအဆများကို အနည်းငယ်ပြောင်းလဲလာလေသည်။

"ငါ လူကိုမသတ်ချင်လို့ သိုင်းပညာမသင်တာ၊ ဒါပေမယ့် သိုင်းပညာသင်ထားရင် လူဆိုးတွေရဲ့အန္တရာယ်ကို ကာကွယ်နိုင်မယ်၊ လူကောင်းတွေကိုလဲ ကယ်တင်နိုင်မယ်၊ ငါသိုင်းပညာတတ်ပြီး

လူမသတ်ရင်ပြီးတာဘဲ မဟုတ်လား. . . "

သူသည် ယင်းသို့အယူအဆများကို ပြောင်းလဲလာခဲ့ပြီးနောက် ယခုကဲ့သို့ ပန်းပုသူဇာရှိသောအခန်းမှ ခြေကွက်သိုင်းကို တွေ့ရသောအခါ စိတ်ဝင်စားစွာဖြင့်လေ့လာနေခြင်းဖြစ်သည်။

သူသည် ယင်းအခန်းမှ ကြေးမုံပြင်များ၌ဖေါ်ပြပါရှိသော "ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်" သိုင်းကွက်များကို မအိပ်မနေ ကြိုးစားလေ့လာရင်း စတုတ္ထနေ့၏ညနေပိုင်းသို့ ရောက်ရှိလာသောအခါ သူသည် ထိုခြေကွက်သိုင်းများကို ကျွမ်းကျင်စွာတတ်မြောက်လာခဲ့လေတော့သည်။

✕

တန့်ဥသည်. . .

ထို "ရေလှိုင်းမာန်နှင့် ခြေသိုင်းဟန်" သိုင်းကွက်များကို လေ့လာတတ်မြောက်ပြီးနောက် မုဝမ်းချင်အား အထူးသတိရလာလေသည်။

"ဟိုက်. . . ဒုက္ခပဲ၊ ငါက သိုင်းကွက်ကိုစိတ်ဝင်စားနေတာနဲ့ သူ့ကိုသွားကယ်ဖို့တောင်မေ့နေတယ်"

တန့်ဥသည် ယင်းသို့တွေးမိပြီး မုဝမ်းချင်ထံသို့ ပြန်သွားရန်ဆုံးဖြတ်လိုက်လေသည်။

ပန်းပုသူဇာအားဦးညွှတ်လိုက်ပြီး. . .

"သူဇာမမ ကျွန်တော့်မှာအလုပ်တွေရှိသေးလို့ သွားလိုက်



ပါဦးမယ်၊ အားရင် ဒီကိုတစ်ခေါက်လာပါဦးမယ်"

ဟု နှုတ်ဆက်ကာ ထိုနေရာမှထွက်ခွါသွားလေသည်။

တန့်ဥသည် သူ၏ခြေကွက်သိုင်းများ သင်ကြားတတ်မြောက်လာပုံများကို ပြန်လည်ပြောပြသောအခါ. . .

ပန်းပုသူဇာ၏အကြောင်းကို ချန်လှပ်ခဲ့သည်။

ယင်းသို့ချန်လှပ်ထားခဲ့ရသည့်အကြောင်းမှာ. . .

လူအများရှေ့တွင် မိမိက သက်မဲ့ဖြစ်သောပန်းပုသူဇာအပေါ် သံယောဇဉ်ရှိသည်ကိုသိသွားလျှင် မိမိအားလှောင်ပြောင်ကြမည့်အပြင် မုဝမ်းချင်ကလည်း မိမိအပေါ်အပြစ်ဆိုလာမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပေသည်။

✕

ဘုရင်မင်းမြတ်နှင့် မြို့စားကြီးတို့သည် တန့်ဥ၏ခြေကွက်သိုင်း' တတ်မြောက်လာသည့်အကြောင်းများကို ကြားလိုက်ရပြီးနောက် ဘုရင်မင်းမြတ်က အနည်းငယ်စဉ်းစားလိုက်လေသည်။

"ကဲ. . ငါ့သားက ဒီခြေကွက်သိုင်းကို အစကနေ အဆုံးအထိ လျှောက်ပြစမ်းပါကွယ့်"

ဟု အမိန့်ပေးလိုက်လေသည်။

တန့်ဥအသည် မိမိသင်ကြားလေ့လာခဲ့သော "ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်" ခြေကွက်သိုင်းကို အစမှအဆုံးထိ တစ်ခေါက်လျှောက်ပြလိုက်လေသည်။

ယင်းခြေကွက်သိုင်းသည် စုစုပေါင်း(၆၄)ကွက်မျှသာရှိပေသည်။

**တန့်ဥသည် အစမှအဆုံး** (၆၄)ကွက်မျှ လျှောက်ပြပြီးသောအခါ စက်ဝိုင်းကြီးပုံသဏ္ဌာန်အတိုင်းဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

ဘုရင်မင်းမြတ်နှင့်မြို့စားကြီးတို့သည် ယခု တန့်ဥပြသော သိုင်းပညာရပ်များမှာ အလွန်အဆင့်မြင့်သော သိုင်းပညာရပ်များဖြစ်သည်ကို သိရှိလိုက်ကြလေသည်။

သို့သော်. . .

ဤ 'ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်' အား တွေ့မြင်လိုက်ရသောအခါ သူတို့သည် ထိုခြေသိုင်း၏ထူးခြားဆန်းကြယ်သော လျှို့ဝှက်ချက်များကို နားမလည်နိုင်ဘဲရှိနေကြသည်။

ဘုရင်မင်းမြတ်က ပြုံး၍. . .

"အင်း. . . ငါ့သားက သိုင်းပညာ မသင်ချင်တဲ့အတွက် ဘေးဒုက္ခအမျိုးအမျိုးရင်ဆိုင်ရမှာကို ကျုပ်ကစိုးရိမ်ခဲ့တာ၊ အခုတော့ ဒီခြေကွက်သိုင်းကို မမျှော်လင့်ဘဲတတ်မြောက်ခဲ့တဲ့အတွက် ကျုပ်အတော်ဝမ်းသာတယ်"

ဘုရင်မင်းမြတ်သည် မြို့စားကြီးဘက်သို့လှည့်၍. . .

"ကဲ. . . မင်းတို့သားအမိ သားအဖလဲ ပြန်လည်တွေ့ဆုံကြရပြီ၊ အိမ်ပြန်ပြီး စကားပြောကြဦးပေ့ါ"

မြို့စားကြီးကဦးညွှတ်လိုက်သည်။

"အမိန့်တော်အတိုင်းပါဘုရား"



မြို့စားကြီးသည် တန့်ဥနှင့်တကွ သီလရှင်နှင့်မုဝမ်းချင်တို့အားခေါ်ဆောင်၍ နန်းတော်မှထွက်ခွါသွားလေတော့သည်။

✕

မြို့စားကြီးဂေဟာ၏အဆောက်အအုံတစ်ခုလုံးတွင် မီးရောင်များထိန်ထိန်လင်းနေသည်။

ကြီးမားကျယ်ဝန်းလှသော ဧည့်ခန်းတွင် ကောက်ကျင်းနယ်စားနှင့် သူ၏အားထားရသော ကိုယ်ရံတော်လေးယောက်တို့သည် ဝိုင်းဖွဲ့ထိုင်ပြီး စားသောက်နေကြလေသည်။

မြို့စားကြီးမိသားစု ပြန်လည်ဆုံဆည်း၍ မြို့စားကြီးက သူတို့အား ဂုဏ်ပြုဧည့်ခံနေခြင်းဖြစ်သည်။

အတွင်းသီးသန့်ခန်း အခန်းတစ်ခုတွင်လည်း မီးရောင်များထိန်ထိန်လင်းနေသည်။

စားပွဲဝိုင်းတစ်ခုတွင် မြို့စားကြီးမိသားစုတို့သည် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြခြင်းဖြစ်သည်။

သူတို့သည် တွေ့ကြုံခဲ့ရသောအတွေ့အကြုံများကို ပြောပြရင်း ဝမ်းသာပီတိဖြစ်နေကြလေသည်။

တစ်ခါတစ်ရံ ရယ်မောသံများသည် ဆူဆူညံညံထွက်ပေါ်လာသည်။

မုဝမ်းချင်သည် မြို့စားကြီးတို့ဇနီးမောင်နှံက မိမိအားမိသားစုအဖြစ်ဆက်ဆံလာသည်ကို တွေ့ရသောအခါ ဝမ်းသာနေ

လေသည်။ တန့်ဥက အရက်တစ်ခွက်ထည့်၍ မတ်တတ်ရပ်လိုက်လေသည်။

"မေမေ. . သားအတွက် တစ်ခွက်သောက်ပါနော်"

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က သီလရှင်၊ သားငါးမစားဘူး အရက်မသောက်ဘူး"

မြို့စားကြီး မျက်မှောင်ကုပ်သွားသည်။

ယခုမှ သူသည် ဇနီးဖြစ်သူက သားငါးမစားဘဲ ဟင်းရွက်များသာစားနေသည်ကိုသတိပြုမိသွားသည်။

အထူးသဖြင့် ဇနီးဖြစ်သူက **သီလရှင်ဟုပြောနေသည်**ကို စိတ်မကောင်းဖြစ်လာသည်။

တန့်ဥက ပြုံးလိုက်လေသည်။

"မေမေ အခုထိ သီလရှင်ကနေ လူမထွက်သေးဘူးလား"

"ဟုတ်တယ်- မေမေတစ်သက်လုံး သီလရှင်ဝတ်ဖို့ စိတ်ကူးထားတယ်"

"မလုပ်ပါနဲ့မေမေရယ်၊ ဖေဖေစိတ်မကောင်းဖြစ်နေပါဦးမယ်၊ ဟော. . . ကြည့်စမ်း ဖေဖေတောင် ဝမ်းနည်းလို့မျက်ရည်ကျလာတော့မယ်"

သီလရှင်သည် အမှတ်မထင် မြို့စားကြီးအားလှည့်ကြည့်မိလိုက်သည်။

မြို့စားကြီး၏မျက်နှာ မကြည်မလင်ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် စိတ်မကောင်းဖြစ်မိလေသည်။



"ဟုတ်ပါတယ်ကွယ်. . . မင်း အခုအိမ်ပြန်ရောက်နေပြီပဲ၊ သီလရှင်စကား မပြောပါနဲ့တော့"

တန့်ဥသည် မုဝမ်းချင်အားမျက်ရိပ်ပြလိုက်သည်။

မုဝမ်းချင်သည် အရက်တစ်ခွက်ထည့်၍ လက်နှစ်ဖက်ဖြင့် **လှမ်းပေးရင်. . .**

"မြို့စားကြီးကတော်ကို ကျွန်မ ကြည်ညိုလေးစားပါတယ်၊ ဒါကြောင့် ကျွန်မကိုချစ်ရင် တစ်ခွက်သောက်လိုက်ပါ"

မြို့စားကတော်သည် မုဝမ်းချင်အပေါ် ငြင်းရန်မသင့်ဟု ထင်မိကာ အရက်ခွက်အားလှမ်းယူလိုက်ရင်း. . .

"အင်း. . . သောက်ရမှာပေါ့အေ၊ တစ်ခုတော့ရှိတယ်၊ ညည်းကို သတိပေးရဦးမယ်"

"ဘာများလဲမြို့စားကတော်"

"ကျုပ်သားက တော်တော်ဆိုးတယ်၊ အဖေလဲမနိုင်ဘူး၊ အမေလဲမနိုင်ဘူး၊ ညည်းကပဲ သူ့ကိုနိုင်အောင်**ထိန်းပါကွယ်**"

မုဝမ်းချင် ပြုံးလိုက်သည်။

"သူ ကျွန်မစကားနားမထောင်ရင် ကျွန်မကသူ့ပါးကိုရိုက်လိုက်တာပဲ"

မြို့စားကတော်က ခစ်ခနဲရယ်မောရင်း မြို့စားကြီးအား မသိမသာလှမ်းကြည့်လိုက်လေသည်။

မြို့စားကြီးက ပြုံး၍. . .

"ကောင်းတယ်၊ သူ့ကိုနိုင်တဲ့လူရှိဦးမှ"

မုဝမ်းချင်သည် မြို့စားကတော်၏ဝဲဘက်လက်ကောက်

ဝတ်ပေါ်မှ နီရဲနေသောအရာတစ်ခုအား အမှတ်မထင်တွေ့လိုက်ရလေသည်။ သူမ၏တစ်ကိုယ်လုံး တုန်ခါသွား၏။

မြို့စားကတော်ကိုငေး၍ကြည့်ရင်း. . .

"ရှင့်နာမည်က စီးပိဖုံးမဟုတ်လား"

မြို့စားကတော်က ပြုံးလိုက်သည်။

"ညည်းက ငါ့နာမည်တောင် သိနေပါလား"

မှဝမ်းချင်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"ဒါဖြင့် ရှင်ဟိုတုန်းက ကျွာပွတ်ကို လက်နက်အဖြစ်အသုံးပြုခဲ့တာပေါ့ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ငါ့သားက အားလုံးပြောပြလိုက်ပြီထင်တယ်"

မှဝမ်းချင်သည် ခေါင်းတစ်ချက်ခါပြီး သက်ပြင်းချလိုက်လေသည်။

"ဒုက္ခပါပဲ၊ ငါဘာလုပ်ရမလဲ"

သူမသည် ကိုယ့်ကိုယ်ကို မည်သို့လုပ်ရမှန်းမသိ ဖြစ်နေသည်။ မြို့စားကတော်သည် မှဝမ်းချင် ဟန်မူရာပျက်နေသည်ကို တွေ့ရသောအခါ. . .

"မင်း. . ဘယ်လိုဖြစ်နေတာလဲ"

မှဝမ်းချင်သည် အံကိုတင်းတင်းကြိတ်လိုက်ပြီး. . .

"ကျွန်မဆရာ ပေးခဲ့တဲ့တာဝန်ကို ကျွန်မလွန်ဆန်လို့ မရပါဘူးရှင်"

ယင်းသို့ပြောပြီးသည်နှင့် သူမ၏လက်ကို တစ်ချက်ဝှေယမ်းလိုက်လေသည်။ မြားနှစ်စင်းသည် မြို့စားကတော်၏ရင်ဝသို့ ပစ်လွင့်သွားလေ၏။



"ဝှစ်. . . ဝှစ်"

မမျှော်လင့်သောအဖြစ်အပျက်ကြောင့် အားလုံးမှာ ကြောင်အမ်းအမ်းဖြစ်ကုန်ကြသည်။

တန့်ဥသည် မှဝမ်းချင်နှင့် ရက်ပေါင်းများစွာ အတူတကွ သွားလာလှုပ်ရှားခဲ့ဖူးသူဖြစ်သည်။ မှဝမ်းချင်အကြောင်းကို အတော်များများနားလည်ထားပြီးဖြစ်သည်။

ထို့ကြောင့်. . .

မှဝမ်းချင်လက်မြှောက်လိုက်သည်နှင့် ကပျာကယာ မိခင်ဖြစ်သူရှေ့၌ သူ၏ခန္ဓာကိုယ်ဖြင့် ကာကွယ်ပေးလိုက်လေသည်။

"ထောက်. . ."

အဆိပ်မြားနှစ်စင်းသည် တန့်ဥ၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

မြို့စားကြီးသည် ထိုင်ရာမှထပြီး လက်တစ်ချောင်းအပ္ပသိုင်းဖြင့် မှဝမ်းချင်အား ထောက်လိုက်လေသည်။

တဆက်တည်းမှာပင် မှဝမ်းချင် ဆက်လက်၍မြားနှင့် မပစ်နိုင်စေရန် လက်ကိုလိမ်ချိုးထားလိုက်လေသည်။

မှဝမ်းချင်သည် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားလေသည်။

မြို့စားကတော်သည် တန့်ဥ၏ရင်ဝတွင် မြားနှစ်စင်းမှန်သွားသည်ကိုတွေ့လိုက်ရသောအခါ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ဟင်. . . ဒုက္ခပါပဲ"

မြို့စားကြီးသည် ချက်ချင်းပင် တန့်ဥ၏ မြားစိုက်ခံနေရသောနေရာအနီးတဝိုက်သို့ လက်ချောင်းများဖြင့်ထောက်ကာ သွေးကြောများကိုပိတ်လိုက်လေသည်။

ထို့နောက် မုဝမ်းချင်၏သွေးများကြောကို ပြန်လည်ဖွင့်ပေးလိုက်ပြီး. . .

"မင်းတော်တော်ရက်စက်တဲ့မိန်းကလေးပါလား၊ ဘယ်မှာလဲဖြေဆေး- ပေးစမ်း"

မုဝမ်းချင်သည် မျက်ရည်များပင်ကျလာသည်။

"ကျွန်မ စီးပိဖုံးကိုသာသတ်မလို့ပါ၊ သူ့ကို သတ်ဖို့ မရည်ရွယ်ပါဘူးရှင်"

ပြောရင်း အိတ်ထဲမှဆေးဗူးထုတ်ပေးလိုက်လေသည်။

"ဗူးအနီထဲက ဆေးကိုတိုက်လိုက်ပါ၊ ဗူးအဖြူထဲကဆေးကိုတော့ ဒဏ်ရာကိုထည့်ပေးလိုက်ပါ၊ မြန်မြန်လုပ်ပါရှင်၊ တော်ကြာအချိန်မမီရင် သေသွားလိမ့်မယ်"

မြို့စားကတော်က မုဝမ်းချင် ယခုကဲ့သို့ ပြုလုပ်လိုက်သည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု ရိပ်စားမိလာလေသည်။

သူမသည် ဆေးဗူးကိုယူပြီး မုဝမ်းချင်ပြောသည့်အတိုင်း တန့်ဥကို တိုက်ကျွေးလိုက်လေသည်။

ထိုမြားနှစ်စင်းကိုလည်းဆွဲနှုတ်ပြီး ဒဏ်ရာအား အဖြူဗူးထဲမှဆေးမှုန့်များ သိပ်ပေးလိုက်လေသည်။

မုဝမ်းချင်သည် မျက်ရည်များ တသွင်သွင်စီးကျနေသည်။



"ကံကောင်းထောက်မလို့ သူ အသက်မသေပါစေနဲ့ရှင်"

သူမသည် ယင်းသို့ပြောရင်း သတိလစ်သွားလေတော့သည်။

✻

တန့်ဥသည် မိခင်၏ရင်ခွင်ထဲတွင် လဲလျောင်းနေသည်။

မြို့စားကြီးနှင့်မြို့စားကတော်သည် မြားစိုက်ဝင်နေသောဒဏ်ရာကို မျက်တောင်မခတ်စိုက်ကြည့်နေကြသည်။

ဒဏ်ရာမှ စတင်ထွက်လာသောသွေးများသည် မည်းနက်နေသည်။

ထို့နောက် တဖြည်းဖြည်းအညိုရောင်သန်းလာသည်။

နောက်ဆုံးသွေးရောင်များ နီရဲလာသည်ကို တွေ့ရလေသည်။

ထိုအခါကျမှ-

သူတို့ သက်ပြင်းချနိုင်တော့သည်။

မြို့စားကတော်က တန့်ဥမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိတော့သည်ကိုတွေ့ရမှ တန့်ဥကို အိပ်ခန်းထဲသို့ပွေ့ချီခေါ်ဆောင်သွားလေသည်။

✻

အတန်ကြာမှ မြို့စားကတော်က ပြန်လည်ထွက်လာလေသည်။

"ဘယ့်နှယ်နေသေးလဲ"

မြို့စားကြီးက မေးလိုက်ခြင်းဖြစ်သည်။

မြို့စားကတော်က အဖြေမပေးပါ။

သတိရလာပြီး ငေးငိုင်နေသောမုဝမ်းချင်အား စေ့စေ့ကြည့်လိုက်လေသည်။

"ဒီမှာ. . ညည်း သစ်ရွက်ဓားကျောင်းဟုန်မြိုင်ကိုသွားပြောလိုက်. . ."

မြို့စားကြီးသည် သစ်ရွက်ဓားကျောင်းဟုန်မြိုင်ဟုကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲပျက်သွားလေသည်။

"ဟင်. . , မင်းဘာတွေလျှောက်မေးနေတာလဲ"

မြို့စားကတော်သည် မြို့စားကြီးမေးသည်ကို အဖြေမပေးပါ။

မုဝမ်းချင်ကို ဆက်၍ပြောနေသည်။

"ညည်းသူ့ကိုပြန်ပြောလိုက်- ကျုပ်အသက်ကိုသတ်ချင်ရင် ကိုယ်တိုင်ကိုယ်ကျလာသတ်ပါလို့၊ အခုလို ခွေးကျင့်ခွေးကြံ ကြံတာတော့ သိပ်ပြီးအောက်တန်းကျတယ်လို့ပြောလိုက်ပါ"

မုဝမ်းချင်က ခေါင်းခါယမ်းလိုက်သည်။

"သစ်ရွက်ဓား ကျောင်းဟုန်မြိုင် ဘယ်သူလဲဆိုတာ ကျွန်မမှ မသိဘဲ"

"ဒါဖြင့် ညည်းကို ဘယ်သူကခိုင်းလိုက်တာလဲ"



"ကျွန်မဆရာပါ၊ ကျွန်မဆရာက ကျွန်မကို လူနှစ်ယောက်သတ်ဖို့တာဝန်ပေးလိုက်တယ်၊ ပထမလူက စီးပိဖုံးလို့ပြောတယ်၊ သူ့ရဲ့လက်ကောက်ဝတ်မှာ အနီရောင်အမာရွတ်တစ်ခုရှိတယ်လို့ ပြောလိုက်တယ်၊ နောက်ပြီး သူကိုင်တဲ့လက်နက်ကလဲ ကျာပွတ်ဖြစ်တယ်လို့ပြောပါတယ်၊ ကျွန်မ ရှင့်ကိုတွေ့တဲ့အခါမှာ ရှင်ဟာ သီလရှင်အဖြစ်ဝတ်ထားလို့ နောက်ပြီး ရှင့်လက်နက်ကလဲ မြင်းမွေးတံဆိုတော့ မသိလို့ပါ၊ အခုတော့ ဆရာသတ်ခိုင်းတဲ့လူဟာ တန့်ဉရဲ့အမေဖြစ်နေတယ်ဆိုတာ ကျွန်မသိရလို့ မသတ်ချင်ဘဲ အခုလိုသတ်ဖို့ ကြိုးစားလိုက်ရတာပါပဲ"

သူမသည် ပြောရင်း မျက်ရည်များ ထိန်းမနိုင် သိမ်းမရ စီးဆင်းကျလာလေသည်။

မြို့စားကတော် မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းဆရာက သတ်ခိုင်းတဲ့နောက်တစ်ယောက်က မိန်းကလေးတစ်ယောက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒီမိန်းကလေးက တော်တော်လှတယ်မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"နောက်ပြီး သူ့ရဲ့ညာဘက်လက်မှာ လက်သုံးချောင်း ပြတ်နေတယ်မဟုတ်လား"

မုဝမ်းချင် အံ့အားသင့်သွားလေသည်။

"ဟုတ်တယ်ရှင့်. . ရှင်က ဘယ်လိုလုပ်သိနေတာလဲရှင့်"

"ကျုပ်သိတာပေါ့၊ မိန်းကလေးက နှုံးအမျိုးအနွယ်ဖြစ်တယ်

မဟုတ်လား"

မုဝမ်းချင်ခေါင်းညိတ်လိုက်လေသည်။

စီးပိဖုံးသည် မျက်ရည်များစီးဆင်းကျလာသည်။

သူမသည် မျက်မှောင်ကုပ်၍ထိုင်ချလိုက်၏။

မုဝမ်းချင်နှင့်မြို့စားကြီးသည် သူမအား ကြောင်၍ကြည့်နေမိကြလေသည်။

အတန်ကြာစဉ်းစားပြီးနောက် စီးပိဖုံး၏မျက်နှာပေါ်တွင် တစ်စုံတစ်ခုဆုံးဖြတ်လိုက်သည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

ထိုင်ရာမှဆတ်ခနဲထလိုက်ပြီးနောက် မြို့စားကြီးအား ကြည့်လိုက်လေသည်။

"ရှင် သားကိုဂရုစိုက်ပါ၊ ကျွန်မ ဒီမှာဆက်နေလို့မဖြစ်တော့ဘူးရှင့်"

မြို့စားကြီးက ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

"စီးပိဖုံး မင်းဘာတွေလျှောက်ပြောနေတာလဲ၊ အတိတ်ကိုအတိတ်မှာပဲထားခဲ့ပါတော့၊ ဒါတွေဘာဖြစ်လို့ ပြန်ပြီးဂရုစိုက်နေရတာလဲ"

စီးပိဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အတိတ်ကို အတိတ်မှာထားမရလို့ အခုလိုဖြစ်လာရတာပေါ့၊ ရှင်လဲတွေ့ပြီမဟုတ်လား"

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို ကျုပ်ဖြေရှင်းပေးပါ့မယ်"



"မလိုပါဘူး ကျွန်မဟာကျွန်မ သီလရှင်ဘဝနဲ့ပဲ နေပါရစေတော့"

စကားဆုံးသည်နှင့် သူမသည် ပြတင်းပေါက်ရှိရာဘက်သို့ ပြေးလွှားသွားပြီးလျှင် ခုန်ထွက်သွားလေသည်။

မြို့စားကြီးသည် လိုက်၍ဆွဲသော်လည်း၊ စီးပိဖုံး၏အင်္ကျီစကိုသာ ဆွဲမိသဖြင့် ထိုအင်္ကျီစသည် သူ့လက်ထဲ၌ပြတ်၍ကျန်ရစ်ခဲ့လေသည်။

စီးပိဖုံးသည် ခေါင်မိုးပေါ်သို့ရောက်ရှိသွားပြီဖြစ်လေ၏။

"ပိဖုံး ပြန်လာခဲ့"

မြို့စားကြီးက လှမ်းအော်လိုက်သော်လည်း စီးပိဖုံးသည် ထွက်ခွါပျောက်ဆုံးသွားလေ၏။

ထိုစဉ်မှာပင်. .

"ဟိတ်- ဘယ်သူလဲ"

တံငါသည်သိုင်းသမား၏အသံကို ကြားလိုက်ရလေသည်။

"ကျုပ်ပါ"

"ဟင်. . . မြို့စားကတော်ပါလား"

ထိုအသံများ ထွက်ပေါ်လာပြီးနောက် ဝန်းကျင်တစ်ခုလုံးသည် ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

မြို့စားကြီးသည် မြူတင်းပေါက်၌ အတန်ကြာအောင် ငေး၍ရပ်နေသည်။

ထို့နောက်. . .

သက်ပြင်းတစ်ချက်ချပြီး ပြန်လှည့်လာလေသည်။

မှုဝမ်းချင်မှာ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်လျက် ရှိနေလေသည်။

သူမသည် ထွက်မပြေးဘဲထိုင်နေ၏။

မြို့စားကြီးသည် သူမထံလျှောက်သွားပြီး အရိုးအဆစ်ပြုတ်နေသောလက်ကို ပြန်လည်ဆက်ပေးလိုက်သည်။

မှုဝမ်းချင်သည် မျက်နှာတစ်ခုလုံး သုန်မှုန်နေသောမြို့စားကြီးကို မဝံ့မရဲကြည့်လိုက်လေသည်။

"အင်း. . . သူ့မိန်းမကို ငါက မြားနဲ့ပစ်တယ်ဆိုတော့ သူက ငါ့ကို ဘယ်လိုညှင်းပြီးသတ်မလဲဆိုတာ. . ."

ဟုတွေးနေမိလေသည်။

မြို့စားကြီးမှာမူ စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်ပြီး အရက်ကိုငှဲ့ကာ တဖြည်းဖြည်းချင်း သောက်နေလေသည်။

သူ၏မျက်လုံးအစုံသည် စီးပိုးထွက်ခွါသွားသော ပြတင်းပေါက်ဘက်သို့ ငေး၍ကြည့်နေသည်။

ဤသို့ဖြင့် အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေရာမှ မှုဝမ်းချင်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

မှုဝမ်းချင်က စိတ်မရှည်တော့ပါ။



"ရှင် ဒီလိုအေးစက်စက်လုပ်မနေနဲ့၊ ကျွန်မကို သတ်ချင်ရင်လဲ မြန်မြန်သတ်ပစ်လိုက်စမ်းပါ၊ ကျွန်မစိတ်မရှည်တော့ဘူး"

မြို့စားကြီးသည် သူမအား မျက်တောင်မခတ်စိုက်ကြည့်နေသည်။ ပြီးမှ သက်ပြင်းချရင်း. . .

"အင်း. . . တော်တော့်ကိုတူတယ်၊ ငါ စောစောကတဲက သိဖို့ကောင်းတယ်၊ ဒီလိုပုံသဏ္ဍာန် ဒီလိုစိတ်ဓာတ်မျိုးရှိတာသူပဲဖြစ်ရမယ်"

မှုဝမ်းချင်သည် မြို့စားကြီး၏စကားကို နားမလည်ပါ။

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

ဟု ပြန်မေးလိုက်လေသည်။

မြို့စားကြီးသည် ထိုင်ရာမှဖြည်းညှင်းစွာထလိုက်၏။

ထို့နောက် သူ၏ ဘယ်ဘက်လက်ဝါးသည် နောက်သို့တစ်ချက်ခုတ်လိုက်သည်။

"ဖုတ်"

အသံတစ်သံထွက်လာသည်။

သူ့နောက်မှ ထွန်းထားသောဖယောင်းတိုင်မီးသည် ငြိမ်းသွားလေသည်။

သူ၏မျက်လုံးအစုံသည် ရှေ့သို့သာကြည့်ပြီး သူ၏လက်ဝါးနှစ်ဖက်သည် ဝဲယာဘက်သို့ သုံးချက်ဆက်လက်ဝှေ့ယမ်းလိုက်ရာ. . .

ဖယောင်းတိုင်ငါးတိုင်မှမီးများ ငြိမ်းသွားကြလေသည်။

မှုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"ဒါ. . . ဒါက လက်ဝါးငါးချက်သိုင်းပဲ၊ ရှင် ဘယ်လိုလုပ်တတ်နေတာလဲဟင်"

မြို့စားကြီးက မချိပြုံးပြုံးလိုက်လေသည်။

"မင်းဆရာက မင်းကိုသင်မပေးဘူးလား"

"ဟုတ်ကဲ့- သူကပြောတယ်၊ ကျွန်မ အတွင်းအားနုသေးလို့ သင်မပေးဘူးတဲ့"

"ဒါဖြင့် သူ ဘယ်သူ့ကိုသင်ပေးသေးသလဲ"

"ဘယ်သူ့ကိုမှ သင်မပေးပါဘူး ဒီသိုင်းကွက်ကို သူသေသွားသည်အထိ ခေါင်းထဲယူသွားမယ်လို့ပြောပါတယ်"

မြို့စားကြီး မျက်မှောင်ကုပ်သွားလေသည်။

"သူက ဒီလိုပဲပြောသလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဒီသိုင်းကွက်ကို တော်တော်ကျွမ်းကျွမ်းကျင်ကျင်ရှိနေတယ်မဟုတ်လား"

"သိပ်တော့ ကျွမ်းကျင်ပုံ မရသေးပါဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"သူက ရှင့်လို တစ်ချက်ထဲ မီးကိုမငြိမ်းနိုင်သေးဘူး၊ သုံးလေးချက်လောက် လက်းဝါးနဲ့ခုတ်မှ မီးငြိမ်းသွားတတ်ပါတယ်၊ သူ့ကိုယ်သူလဲ မကျေနပ်လို့ ဒီသိုင်းကွက်ကိုလေ့ကျင့်တိုင်း ဒေါသကြီးတတ်ပါတယ်"

သူမသည် မြို့စားကြီးအား တစ်ချက်မော့ကြည့်လိုက်ပြီး. .

"နေပါဦး- ရှင်က ဒီသိုင်းကွက်ကို ဘယ်လိုလုပ်တတ်သလဲ



ရှင့်သိုင်းကွက်က ကျွန်မဆရာထက်တောင်တော်တယ်လို့ ကျွန်မထင်တယ်"

မြို့စားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒီသိုင်းကွက်က မင်းဆရာကို ငါသင်ပေးလိုက်တာကွ"

မုဝမ်းချင် အံ့အားသင့်သွားလေသည်။

"ဒါဖြင့် ရှင်က ကျွန်မဆရာရဲ့ဆရာပေါ့ဟုတ်လား"

မြို့စားကြီးက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး"

"ဒါဖြင့် ရှင်က ကျွန်မဆရာကိုသိနေတယ်မဟုတ်လား၊ ဟိုတုန်းက တော်တော်ရင်းနှီးခဲ့ပုံရတယ်ထင်တယ်"

မြို့စားကြီးက **သူမအား လက်ကာပြ၍တန့်**တားလိုက်လေသည်။

ထို့နောက် မေးထောက်ကာ စဉ်းစားနေသည်။

အတန်ကြာမှ သူသည် မုဝမ်းချင်အား စေ့စေ့စပ်စပ်စိုက်ကြည့်လိုက်ပြီး. . .

"မင်းအခု ဆယ့်ရှစ်နှစ်မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ကိုးလပိုင်းက မွေးတာမဟုတ်လား"

"ဟုတ်ပါတယ်"

မုဝမ်းချင်သည် ထိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

"ကျွန်မအကြောင်း ရှင်ဘာဖြစ်လို့ အားလုံးကိုသိနေတာလဲ"

မြို့စားကြီး၏ မျက်နှာသည် ဝမ်းနည်းကြေကွဲမှုအရိပ်အရောင်များ ယှက်သန်းလာလေသည်။

သူ၏အသံမှာလည်း တုန်တုန်ယင်ယင်ဖြစ်လာသည်။

"မင်းဆရာကို ကျုပ်ကသစ္စာမဲ့ခဲ့တယ်လို့ ဆိုရမှာပေါ့ကွယ်"

မုဝမ်းချင် မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်လိုသစ္စာမဲ့တာလဲ၊ ရှင့်ကြည့်ရတာ သစ္စာမဲ့တဲ့ လူတစ်ယောက်မဖြစ်နိုင်ပါဘူး"

"မင်းဆရာက သူ့နာမည်ဘယ်လိုခေါ်တယ်ဆိုတာ မင်းကို ပြောပြသေးသလား"

"သူ့ကိုယ်သူ အမည်မဲ့ရှည့်သည်လို့ပြောပါတယ်"

"မင်းနဲ့မင်းဆရာ ဘယ်လိုနေထိုင်ကြသလဲဟင်၊ ဘယ်မှာနေထိုင်ကြသလဲ"

"ကျွန်မတို့ဟာ အလွန်မြင့်မားတဲ့ တောင်ထွတ်တစ်ခုပေါ်မှာနေထိုင်ကြပါတယ်"

"မင်းမိဘဘယ်သူလဲဆိုတာ မင်းဆရာက ပြောမပြခဲ့ဘူးလား"

"ဆရာကပြောတော့ ကျွန်မငယ်ငယ်ကတည်းက မိဘများကလမ်းမှာစွန့်ပစ်ခဲ့တာမို့ သူက ကောက်ယူ မွေးစားလာတယ်လို့ ပြောပါတယ်"

"ဒီလိုဆို မင်းက မင်းမိဘကိုတော်တော်မုန်းနေမှာပဲနော်"

မုဝမ်းချင်သည် ခေါင်းကိုငုံ့ကာ လက်ညှိုးကိုကိုက်ထားလိုက်လေသည်။



မြို့စားကြီး စိတ်မကောင်းဖြစ်သွားသည်။

မျက်ဝန်းမှမျက်ရည်များသည် ထိန်းမရဟော့ဘဲ စီးဆင်းကျလာလေတော့သည်။

မုဝမ်းချင် အံ့အားသင့်သွားလေသည်။

"ရှင်. . . ရှင် ဘာဖြစ်လို့ငိုနေရတာလဲ"

မြို့စားကြီးက မျက်ရည်များကိုသုတ်ပြီး ပြုံးပြလိုက်လေသည်။

"ကျုပ် မငိုပါဘူးကွာ"

"မဟုတ်ဘူး ရှင်ငိုနေတာကို ကျွန်မတွေ့ပါတယ်၊ မိန်းမတွေသာငိုတတ်တယ်၊ ယောကျ်ားငိုတာ ဒီတစ်ခါပဲတွေ့ဖူးပါတယ်"

မြို့စားကြီးက မုဝမ်းချင်မှာ မည်သည့်အရာမှနားမလည်ဘဲ ကလေးဆန်နေသည်ကိုတွေ့လိုက်ရသဖြင့် ပို၍ စိတ်မကောင်းဖြစ်သွားမိလေသည်။

"ဒီမှာသမီး မင်းကို ငါကောင်းကောင်းမွန်မွန်ပျိုးထောင်ပေးရလိမ့်မယ်၊ မင်းစိတ်ထဲမှာ ဘာတွေလိုချင်ဟယ်ဆိုတာ ငါ့ကို ပြောပြ၊ ငါလုပ်ပေးပါ့မယ်"

မုဝမ်းချင် ဝမ်းသာသွားသည်။

သူမသည် မြို့စားကတော်ကို မြားနှင့်ပစ်လိုက်သည့်အတွက် မိမိအပေါ် အပြစ်ယူလိမ့်မည်ဟုစိုးရိမ်နေရာ ယခုကဲ့သို့ ကြားလိုက်ရသောအခါ သူမသည် မြို့စားကြီးကိုကြည့်ပြီး. . .

"ရှင်က ကျွန်မကိုအရေးမယူတော့ဘူးဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ မင်းဆရာရဲ့အမိန့်အရသာ မင်းလုပ်

ရတာကိုး၊ အေးလေ. . . လူကြီးတွေကိစ္စဟာ မင်းတို့လူငယ်တွေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလေ၊ ဒါပေမယ့် နောက် မြို့စားကတော်ကို ဒီလိုမလုပ်ရဘူးနော်"

"ဟုတ်ကဲ့- ဒါပေမယ့် ဆရာမေးရင် ကျွန်မ ဘယ်လိုပြန်ပြောရမှာလဲ"

"လွယ်ပါတယ်၊ ငါ့ကို မင်းဆရာဆီခေါ်သွား၊ ငါကိုယ်တိုင်ရှင်းပြမှာပေ့ါ"

မုဝမ်းချင်သည် လက်ခုပ်လက်ဝါးတီးကာ. . .

"ဟာ. . . ဒါဆို သိပ်ကောင်းတာပေါ့"

သူမသည် ရုတ်တရက် မျက်မှောင်ကုပ်သွားလေသည်။

"မဖြစ်သေးဘူး၊ မဖြစ်သေးဘူး၊ ရှင့်ကိုခေါ်သွားလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာကပြောတယ်၊ ယောက်ျားတွေအားလုံးဟာ သစ္စာမဲ့တွေချည်းပဲတဲ့၊ သူက ဘယ်ယောက်ျားနဲ့မှ အတွေ့မခံဘူးလို့ပြောထားတယ်"

မြို့စားကြီး အံ့အားသင့်သွားသည်။

"ဘယ်လို မင်းဆရာက ဘယ်ယောက်ျားနဲ့မှ အတွေ့မခံဘူး ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ အခုကြီးပြင်းလာသည်အထိ ဘယ်ယောက်ျားနဲ့မှ အတွေ့မခံရဘူး"

မြို့စားကြီး သက်ပြင်းချလိုက်သည်။



"ဩော်. . . ဟုန်မြိုင်ရယ်. ."

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။

"ရှင်တို့က ဟုန်မြိုင်လို့ခေါ်နေတယ်၊ ဟုန်မြိုင်ဆိုတာ ဘယ်သူလဲရှင့်"

မြို့စားကြီးမှာ မည်သို့ပြန်ပြောရမှန်းမသိဘဲ အခက်ကြုံသွားလေသည်။

အတန်ကြာမှ. . .

သူသည် ဖွင့်ပြောရန်ဆုံးဖြတ်လိုက်လေသည်။

"မထူးတော့ပါဘူးလေ၊ ဒီကိစ္စက ကြာကြာဖုံးထားလို့မှမရဘဲ၊ ကျဉ်းပြောပြပါ့မယ်"

သူသည် အနီးရှိအရက်ခွက်အား ယူကာ မော့သောက်ချလိုက်လေသည်။

ထို့နောက် သက်ပြင်းတစ်ချက်ချကာ. . .

"မင်းဆရာရဲ့နာမည်က ကျင်းဟုန်မြိုင်လို့ခေါ်တယ်ကွဲ့"

မုဝမ်းချင် အံ့အားသင့်သွားသည်။

"ဟင်. . . ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ သိုင်းလောကသားတွေကတော့ သူ့ကို သစ်ရွက်ဓားလို့ခေါ်ကြတယ်"

"ဘာဖြစ်လို့လဲ"

"သူကိုင်ဆောင်ထားတဲ့ဓားနှစ်လက်ဟာ သစ်ရွက်တွေနဲ့ တူနေလို့ပေါ့"

မုဝမ်းချင်ခေါင်းညိတ်လိုက်သည်။

"အင်း- ဟုတ်ပြီ၊ ဒါကြောင့် မြို့စားကတော်က ကျွန်မပစ်လိုက်တာကိုကြည့်ပြီး သစ်ရွက်ဓားကျင်းဟုန်မြိုင်က ကျွန်မနဲ့ဘယ်လိုပတ်သက်သလဲလို့ မေးတာကိုး"

"ဟုတ်ပါလိမ့်မယ်ကွယ်"

"အခုမှပဲ ကျွန်မဆရာရဲ့နာမည်ဟာ ကျင်းဟုန်မြိုင်ဆိုတာသိရတော့တယ်၊ ဒါနဲ့ သူဘာဖြစ်လို့လိမ်ပြောရတာလဲ"

"ဒါကတော့ သူ့အကြောင်းနဲ့သူ ရှိနေလို့ပါကွယ်၊ ဒါနဲ့ မင်းလက်ကနာသေးသလား"

"မနာတော့ပါဘူးရှင်၊ ကျွန်မ သူ့ကိုသွားကြည့်ချင်သေးတယ်၊ ဒဏ်ရာတော်တော်သက်သာသွားပြီလားမသိဘူး"

"ကောင်းသားပဲ"

ပြောရင်း မြို့စားကြီးကမတ်တတ်ရပ်လိုက်သည်။

"ကဲ. . . ပြောစမ်း ကျုပ် ဘာလုပ်ပေးရမလဲဆိုတာ"

မုဝမ်းချင်က အနည်းငယ်စဉ်းစားလိုက်ပြီး. .

"ရှင် တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပေ့ါ၊ မင်းလိုချင်တာပြောစမ်းပါ"

မုဝမ်းချင် ခေါင်းငုံ့သွားလေသည်။

အတန်ကြာမှ. . .

သူမသည် အရဲစွန့်လိုက်ပြီး. . .

"ကျွန်မကို သူနဲ့လက်ထပ်ပေးပါ"

ထိုစကားကြားလိုက်ရသောအခါ မြို့စားကြီး၏ခန္ဓာကိုယ်သည် မသိမသာတုန်ခါသွားလေသည်။



သူ၏မျက်နှာတစ်ခုလုံးမှာလည်း မည်းမှောင်သွားသည်။

တဖြည်းဖြည်းနှင့် ကုလားထိုင်ပေါ် သို့ပြန်လည်ထိုင်ချလိုက်လေသည်။

သူသည် စကားမပြောဘဲ အတန်ကြာငိုင်နေသည်။

မုဝမ်းချင်သည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့်. .

"ဘာလဲ ရှင် သဘောမတူဘူး မဟုတ်လား"

မြို့စားကြီးက ခေါင်းခါယမ်းလိုက်လေသည်။

သူ၏အသံမှာလည်း အနည်းငယ်ခက်ထန်သွားသည်။

"မင်း တန့်ဥကိုမယူရဘူး"

မုဝမ်းချင်၏ရင်ထဲ လေးလံသွားသည်။

"ဘာဖြစ်လို့လဲ သူက ကျွန်မကို ကတိပေးထားတယ်ရှင့်"

မြို့စားကြီးက ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

"အင်း. . ကံကြမ္မာက တော်တော့်ကိုဆိုးပါလား"

မုဝမ်းချင်သည် အသံများပင် တုန်ခါလာသည်။

"သူ ကျွန်မကိုမယူရင် ကျွန်မ သူ့ကို မြားနဲ့ပစ်သတ်ပြီး ကိုယ့်ကိုယ်ကိုလဲ သတ်သေလိုက်မယ်"

"ဪ. . သူက မင်းကိုမယူနိုင်လို့ ပြောနေတာပေ့ါကွာ"

"ဘာဖြစ်လို့ သူက ကျွန်မကို မယူနိုင်ရတာလဲ ပြောစမ်းပါဦးရှင့်"

"သူလဲ အဖြစ်မှန်ကို မသိလို့ပေါ့ကွာ"

မုဝမ်းချင်သည် အံကိုတင်းတင်းကြိတ်လိုက်မိ၏။

"ဒါဖြင့် ကျွန်မသူ့ကို မြားနဲ့ပစ်သတ်လိုက်ရမှာပဲ"

မြို့စားကြီးသည် မုဝမ်းချင်၏ပခုံးအား အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။

"မင်း တန့်ဥကိုမယူရဘူး၊ သတ်လဲ မသတ်ရဘူးကွဲ့"

"ဘာဖြစ်လို့လဲရှင့်"

မြို့စားကြီးသည် သက်ပြင်းရှည်တစ်ချက်ကို လေးလေးပင်ပင် ချလိုက်ပြီး. . .

"တန့်ဥဟာ မင်းရဲ့အစ်ကိုဖြစ်နေလို့ပါကွယ်"

✕

ထိုစကားကို ကြားလိုက်ရသောအခါ မုဝမ်းချင်မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရလေတော့သည်။

မိမိနားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားလေ၏။

"ရှင်. . . ရှင် တန့်ဥက ကျွန်မရဲ့အစ်ကိုဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ မင်းဆရာက မင်းနဲ့ဘယ်လိုပတ်သက်တယ်ဆိုတာကိုကော မင်းသိသလား"

"ကျွန်မ မသိဘူး. . . ကျွန်မ မသိဘူး"

"ငါဖွင့်ပြောပြမယ်ကွာ၊ မင်းရဲ့ဆရာဟာ မင်းရဲ့အမေရင်းပဲကွဲ့၊ နောက်ပြီးငါဟာ မင်းရဲ့အဖေပါ"

မုဝမ်းချင်၏မျက်နှာတစ်ခုလုံး အံ့ဩထိတ်လန့်ခြင်း၊ ဒေါသထွက်ခြင်း စသည်တို့ဖြင့် ရောယှက်သောအရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။



သူမသည် နားနှစ်ဖက်ကို လက်ဝါးဖြင့်ပိတ်ကာ. . .

"ကျွန်မ မယုံဘူး. . ကျွန်မ မယုံဘူး ရှင်လိမ်ပြောနေတာပဲ"

မြို့စားကြီးသည် သူမ၏ပခုံးအားအသာအယာဆုပ်ကိုင်ထားလိုက်လေသည်။

"သမီးရယ် ဖေဖေက ဘာဖြစ်လို့လိမ်ပြောရမှာလဲကွယ်"

မုဝမ်းချင်သည် မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ငိုကြွေးလိုက်လေသည်။

"ကျွန်မ မယုံဘူး. . . ကျွန်မ မယုံဘူးရှင်"

ထိုစဉ်မှာပင်. . .

ပြတင်းပေါက်အပြင်ဘက်မှ ရှည်လျားသောသက်ပြင်းချသံတစ်သံကို ကြားလိုက်ရလေသည်။

✕

"မုဝမ်းချင်ရယ်- တို့အိမ်ပြန်ကြပါစို့လား"

မုဝမ်းချင်သည် ချာခနဲလှည့်လိုက်သည်။

"ဆရာ. . . ဆရာ"

ပြတင်းပေါက်သည် ပွင့်သွားလေ၏။

အသက်လေးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ယောက် ပြတင်းပေါက်အပြင်ဘက်၌ မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုအမျိုးသမီးသည် မျက်နှာသွယ်သွယ် မျက်ခုံးမွေးသေးသေးဖြင့် လှပချောမောနေသည်။

သူမ၏မျက်လုံးအစုံတွင် မာနကြီးခြင်း၊ ကြမ်းတမ်းခြင်းစသည့်အရိပ်အရောင်များပေါ်လွင်နေသည်။

မြို့စားကြီးသည် ချစ်သူဟောင်းကျင်းဟုန်မြိုင်အား တွေ့လိုက်ရသောအခါ အံ့ဩဝမ်းသာသွားသည်။

"ဟင်. . . ဟုန်မြိုင်ပါလား၊ မင်းဘယ်ရောက်နေတာလဲ၊ ကျုပ်ဖြင့် သတိရလိုက်တာ"

ကျင်းဟုန်မြိုင်က မဲ့လိုက်လေသည်။

သူမသည် မြို့စားကြီးအားမကြည့်ဘဲ မုဝမ်းချင်ကိုသာ လှမ်းကြည့်လိုက်လေသည်။

"ဒီမှာဝမ်းချင်- ဒီလိုသစ္စာမဲ့တဲ့လူရဲ့အိမ်မှာ မနေချင်စမ်းပါနဲ့ကွယ်၊ ကဲ. . . ထွက်ခဲ့စမ်းပါ"

မုဝမ်းချင်သည် သူမ၏ဆရာနှင့် မြို့စားကြီး၏ဟန်မူရာကို တွေ့မြင်လိုက်ရသည်နှင့် သဘောပေါက်နားလည်လိုက်လေသည်။



သို့သော်. . .

သူမ လက်မခံချင်သေးပါ။

"ဆရာ. . . သူက ကျွန်မကိုလိမ်ပြောနေတယ်၊ ဆရာက ကျွန်မရဲ့အမေလို့ပြောတယ်၊ သူက ကျွန်မရဲ့အဖေတဲ့"

ကျင်းဟုန်မြိုင်က ခေါင်းခါယမ်းလိုက်လေသည်။

"မင်းအမေသေပြီ၊ မင်းအဖေလဲသေပြီ၊ ဒါပဲ. . ."

ထိုအချိန်တွင်. . .

မြို့စားကြီးသည် ပြတင်းပေါက်အနီးသို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

"ဟုန်မြိုင်- မင်းဝင်ခဲ့ပါလားကွယ်၊ အခုလို နှစ်ပေါင်းကြာမှပြန်တွေ့ရတာ ကျုပ်ဖြင့်ဝမ်းသာလိုက်တာပြောမပြနိုင်အောင်ပါပဲ"

"ရှင်က တကယ်ပဲဝမ်းသာနေတာလား"

"ဩော်. . . ဟုန်မြိုင်ရယ် ပြောစရာလိုသေးသလားလို့"

ကျင်းဟုန်မြိုင်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

"ဒီလိုဆိုရင် ရှင် ကျွန်မကိုမမေ့ဘူးပေါ့"

"ဟုတ်ပါတယ်၊ ငါ မင်းကို တစ်နေ့မှမမေ့ပါဘူး"

"ဒါဖြင့် ကျွန်မနဲ့ပြန်ပေါင်းဖို့စိတ်ကူးသလား"

"အို. . ဟုန်မြိုင်ရယ်၊ ဘယ်လိုပြောလိုက်တာလဲ၊ သိပ်ပြီးပေါင်းချင်တာပေါ့"

ကျင်းဟုန်မြိုင်သည် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ရှင် ကျွန်မတို့သားအမိကို တကယ်ချစ်ရင် ကျွန်မ နောက်

ကိုလိုက်ခဲ့ပါ၊ နောက်ပြီး စီးပိုးကို လုံးဝအဲဆက်အသွယ်မလုပ်ရဘူး"

မုဝမ်းချင်သည် ထိုစကားကိုကြားလိုက်ရသောအခါ သူမ၏စိတ်ထဲတွင် ဖော်မပြနိုင်သောခံစားချက်များ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

အခြေအနေအရ. . .

မြို့စားကြီးပြောပြသည်မှာ မှန်ကန်နေပြီဖြစ်သည်။

ဤသို့ဆိုလျှင်. . .

မိမိ၏ဆရာမှာ မိမိ၏မိခင်ဖြစ်သည်။ ဖခင်သည် မြို့စားကြီးပင်ဖြစ်နေသည်မဟုတ်ပါလား။

တန့်ဥသည် မိမိ၏အဖေတူအမေကွဲ အစ်ကိုတစ်ယောက်ဖြစ်နေလေပြီ။

မျက်ရည်များသည် တသွင်သွင်စီးဆင်းကျလေ၏။

ထို့ကြောင့် သူမ၏မြင်ကွင်းတစ်ခုလုံးမှာလည်း မပီမပြင် ဝိုးတဝါး ဖြစ်လာလေတော့သည်။

ထိုစဉ်မှာပင် မြို့စားကြီး၏အသံကို ကြားလိုက်ရပြန်လေသည်။ .

"ကျုပ်လိုက်လို့ ဘယ်ဖြစ်မလဲကွယ်၊ တာလိနိုင်ငံရဲ့အုပ်ချုပ်ရေးဟာ ကျုပ်ခေါင်းပေါ်မှာရှိနေတယ်မဟုတ်လား"

ကျင်းဟုန်မြိုင်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်တုန်းကလဲ ရှင်ဒီစကားမျိုးပြောခဲ့တယ်၊ အခုလဲ ဒီလိုပဲပြောပြန်တယ်၊ ဒီမှာကျင်မင်း- ရှင့်ကို ကျွန်မ



မုန်းတယ်. . . သိပ်ကိုမုန်းတယ်"

ရုတ်တရက်. . .

အရှေ့ဘက် အိမ်ခေါင်မိုးပေါ်မှ လက်ခုပ်သံ သုံးချက်တိတိ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဖန် **အနောက်ဘက်** အိမ်ခေါင်မိုးပေါ်မှလည်း လက်ခုပ်သံ သုံးချက်တိတိကြားလိုက်ရပြန်လေသည်။

ထို့နောက်. . .

တံငါသည်နှင့်ကောက်ကျင်းနယ်စားတို့၏အသံများ ထွက်ပေါ်လာလေသည်။

"လူဆိုးတွေဝင်လာပြီဟေ့၊ ရဲဘော်တို့အားလုံး သတိထားကြ"

ကျင်းဟုန်မြိုင်သည် မုဝမ်းချင်အား. . .

"ကဲ. . . ညည်းဘာလုပ်နေတာလဲ၊ မြန်မြန်ထွက်ခဲ့စမ်း"

အော်ဟစ်လိုက်မှ မုဝမ်းချင်သည် ကျင်းဟုန်မြိုင်ထံပြေးလွှားသွားလေသည်။

မြို့စားကြီးက ကပျာကယာဟန့်တားလိုက်သည်။

"ဟုန်မြိုင်- မင်းမသွားပါနဲ့ကွယ်"

ကျင်းဟုန်မြိုင်က မှုံပြုံးပြုံးလိုက်လေသည်။

"ဒီမှာအစ်ကို ရှင်က မြို့စားကြီးရာထူးကို ဆယ့်ရှစ်နှစ်လုံးလုံးယူထားပြီးပြီပဲ၊ တော်ရောပေါ့။ ကြည့်စမ်း- ရှင့်သမီးကို ရှင်မချစ်ဘူးလား"

မြို့စားကြီးသည် မည်သို့ ပြန်ပြောရမှန်းမသိဘဲ တွေဝေနေစဉ် ရယ်မောသံတစ်ချက်ကြားလိုက်ရလေသည်။

"အစ်မကြီး သူ့ကိုချော့မနေပါနဲ့တော့၊ နောက်ဆုံး အစ်မကြီးပဲ အသည်းကွဲမှာပဲ"

မြို့စားကြီးက အသံလာရာသို့လှမ်းကြည့်လိုက်သည်။

စကားပြောသောလူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမ၏တစ်ကိုယ်လုံးမှာလည်း အစိမ်းရောင်များ ဝတ်ဆင်ထားသည်။

"ဟင်း. . . အပို့ မင်းလဲလာတယ်ဟုတ်လား"

မုဝမ်းချင်က လှည့်ကြည့်လိုက်လေသည်။

ကြုံးလင်၏ မိခင်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

သူမ၏နောက်တွင် လူသုံးယောက်ရပ်နေသည်။

ထိုလူသုံးယောက်မှာ. . .

အောင်လျံ၊ ချိုင်းဖြူနှင့် တောင်ပင်လယ်မိကျောင်းတို့ဖြစ်ကြလေသည်။

မြို့စားကြီးသည် လူမိုက်သုံးယောက်အား တွေ့မြင်လိုက်ရသည်နှင့် ထိတ်လန့်သွားလေသည်။

ထိုမှတဆင့်. . .

တောင်ပင်လယ်မိကျောင်း၏လက်ထဲတွင် တန့်ဥအား ပွေ့ဖက်ထားနေသည်ကိုတွေ့လိုက်ရသောအခါ. . .

သူ၏ တစ်ကိုယ်လုံး တုန်ခါသွားလေတော့သည်။



မုဝမ်းချင်သည် တန့်ဥက တောင်ပင်လယ်မိကျောင်းလက်ထဲရောက်နေသည်ကိုတွေ့ရသောအခါ ရင်ထိတ်သွား၏။

"ဟင်. . . သူ သူဘယ်လိုဖြစ်သွားတာလဲ"

အမှန်မှာ. . .

တန့်ဥသည်အခန်းထဲ၌အနားယူနေစဉ် တောင်ပင်လယ်မိကျောင်းက ရုတ်တရက်ဝင်လာပြီး သူ့အား ပွေ့ချီ၍ထွက်လာတော့မှ သတိရလာလေသည်။

ထို့နောက်. . .

သူ၏ဖခင်နှင့်ကျင်းဟုန်မြိုင်တို့သားအမိ အပြန်အလှန်ပြောဆိုနေသည်ကို ကြားလိုက်ရသောအခါ. . .

မုဝမ်းချင်မှာ မိမိ၏ အဖေတူအမေကွဲညီမတစ်ယောက်ဖြစ်နေမှန်း သိလိုက်ရလေသည်။

သူသည် မုဝမ်းချင်က မိမိအပေါ် သံယောဇဉ်ကြီးမားနေပုံကိုတွေ့လိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

"ဝမ်းချင်. . . ကနေ့ကစပြီး မင်းက ငါ့ကိုအစ်ကိုလို့ခေါ်ရမယ်နော်"

မုဝမ်းချင်သည် ထိုစကားကြားလိုက်ရသည်နှင့် သူမ၏ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လိုက်ပြီး တိုနေရာမှပြေးလွှားထွက်ခွါသွားလေသည်။

ကျင်းဟုန်မြိုင်က ကပျာကယာဟန့်တားလိုက်သည်။

"သမီး ဒါဘယ်သွားမလို့လဲ"

မုဝမ်းချင်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ရှင်မတားနဲ့- ရှင့်ကိုကျွန်မမုန်းတယ်၊ သိပ်မုန်းတယ်"

ယင်းသို့ပြောပြီး သူမသည် ခြေလှမ်းကို ပို၍လျှင်မြန်စွာ လှမ်းကာ ပြေးလွှားထွက်ခွါသွားလေတော့သည်။

❋

မြို့စားကြီးသည် သားဖြစ်သူတန့်ဥမှာ တောင်ပင်လယ်မိ ကျောင်းလက်ထဲရောက်ရှိနေသည်ကိုတွေ့ရသဖြင့် ပြတင်းပေါက် အပြင်ဘက်သို့ ခုန်ထွက်လိုက်ပြီး လက်ဝါးဖြင့် တောင်ပင်လယ်မိ ကျောင်းကို တိုက်ခိုက်လိုက်လေသည်။

အော့လျံက လက်ဝါးဖြင့်ပြန်လည်ခုခံပြီး သူမ၏လက် ချောင်းနှစ်ချောင်းသည် မြို့စားကြီး၏လက်ကောက်ဝတ်သို့ ထောက် လိုက်လေသည်။

မြို့စားကြီး၏လက်သည် စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် အော့လျံ ၏လည်ကုတ်သို့ ခုတ်ချလိုက်လေသည်။

ကျင်းဟုန်မြိုင်သည် ဓားတစ်လက်ဆွဲထုတ်လိုက်ပြီး တန့်ဥ ၏ရင်ဝသို့ချိန်ထားလိုက်လေသည်။

"ရပ်လိုက်. . ရှင့်သားမသေစေချင်ရင် ရှင့်အစောင့်အား လုံးကို လမ်းဖယ်ပေးပါလို့အမိန့်ပေးလိုက်ပါ"

မြို့စားကြီးသည် ထိတ်လန့်သွားကာ တိုက်ခိုက်ခြင်းကို



ရပ်တန့်လိုက်လေသည်။

သူသည် ကျင်းဟုန်မြိုင်၏အကြောင်းကိုသိထားသည်။

သူမသည် စီးပိဖုံးကို အလွန်ရွံမုန်းသည်။

ထို့ကြောင့်. . .

စီးပိဖုံး၏သားတန့်ဥကိုလည်း တကယ်သတ်ပစ်မည်ဟု ယုံကြည်သည်။

ထို့ကြောင့်. . .

သူသည် စိုးရိမ်ကြီးစွာဖြင့်. . .

"ဟုန်မြိုင် ငါ့သားက မင်းသမီးရဲ့အဆိပ်မြားမိနေလို့ ဒဏ် ရာတော်တော်ရထားတယ်ကွဲ့"

"အိုး- သူမသေနိုင်ပါဘူး၊ ကျွန်မ သူ့ကိုခေါ်သွားမယ်၊ ရှင် ကျွန်မနောက်လိုက်ခဲ့ရင် သူ့ကို ကျွန်မသတ်ပစ်လိုက်မှာပဲ"

"ဟုန်မြိုင်ရယ်- မင်း ဘာဖြစ်လို့ ဒါလောက်ရက်စက်ချင် ရတာလဲ"

တောင်ပင်လယ်မိကျောင်းက တဟားဟားရယ်မောလိုက် လေသည်။

"ဟား. . ဟား. . ဟား စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားသားက ကျွပ်ရဲ့တပည့်ဖြစ်လာတော့မှာပါ"

ကျင်းဟုန်မြိုင်သည် နောက်သို့တဖြည်းဖြည်းဆုတ်ရင်း ထိုနေရာမှ ထွက်ခွါသွားရန်ဟန်ပြင်လိုက်လေသည်။

ကောက်ကျင်းနယ်စားတို့လူစုသည် သူတို့၏ထွက်ပေါက်

များကိုပိတ်ဆို့၍ ဝိုင်းရံထားလိုက်သည်။

ကျွင်းဟုန်မြှင်သည် တန်ဥ၏ရင်ဝသို့ ဓားဖြင့်ထောက်ထားလိုက်ရင်း. . .

"ကဲ. . ရှင့်သားကို အသက်မသေစေချင်ရင် ရှင့်လူတွေကို လမ်းဖယ်ခိုင်းလိုက်ပါ"

မြို့စားကြီး မတတ်နိုင်တော့ပါ။

ကောက်ကျွင်းနယ်စားကြီးတို့အား လမ်းဖယ်ပေးရန် အမိန့်ပေးလိုက်ရလေတော့သည်။

စာစဉ် (၂)ပြီး၏။
စာစဉ် (၃)ဆက်လက်ဖတ်ရှုပါရန်